ရွှေပဒေသာစာပေ

# မောင်ကောင်းထိုက်

(နှီးပဒေါ)

လက်ရွေးစင်

# ဟာသပဒေသာ

အမှတ် (၂၃)

# မောင်ကောင်းထိုက် (နှီးပဒေါ)

# လက်ရွေးစင် ဟာသပဒေသာ

## အမှတ် (၂၃)

ရွှေပဒေသာစာပေ
အမှတ် (၃၃) (မြေညီထပ်)၊ ကျိုက်တော်လမ်း၊
ပုဇွန်တောင်စာတိုက်၊ ရန်ကုန်မြို့။
ဖုန်း - ဝ၁-၃၈၄၉၂၇/ ဝ၉-၃၆၂၂ဝ၈၇၄

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ။

ထုတ်ဝေသူ
ဦးအေးလွင် (၇၇၇) ရွှေဥစာပေ
အမှတ် ၃၃ (မြေညီထပ်)၊ ကျိုက်တော်လမ်း၊ ပုဇွန်တောင်စာတိုက်၊

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၉) (ရွှေပဒေသာအော့ဖ်ဆက်)
အမှတ် ၃၃ (မြေညီထပ်)၊ ကျိုက်တော်လမ်း၊ ပုဇွန်တောင်စာတိုက်၊

တန်ဖိုး
၁၅၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

၈၉၅.၈၃
မောင်ကောင်းထိုက်(နီးပဒေါ)
ဟာသပဒေသာအမှတ်(၂၃) / ရွှေဥစာပေ ၊ ၂၀၁၄ ။
၂၁၇ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) ဟာသပဒေသာအမှတ် (၂၃)

# အမှာ

ဟာသပဒေသာဆီ ပြန်လည်ဦးလှည့်ရန် စေ့ဆော်သော အကြောင်းနှစ်ခုရှိပါသည်။ ပထမအကြောင်းမှာ ဂျူးလူမျိုး စာပြောင်ဆရာသုံးဦးပူးတွဲ၍ 'ကြိုက်တဲ့အပိုဒ် ယူဖတ်၊ ရယ်ရ ပြုံးရစေမည်'ဟူသောအာမခံချက်ဖြင့် 'ဂျူးဟာသများ' စာအုပ်ကို မကြာမီက ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ယူဖတ်ကြည့်လိုက်မှ သူတို့အာမခံထားသည့်အတိုင်း မှန်နေသည်ကိုတွေ့ရပါသည်။ သို့နှင့် မောင်ကောင်းထိုက်၏ ယခင်အုပ်များတွင် မပါရှိခဲ့သည့် ဂျူးဟာသများကို စာဖတ်သူတို့နှင့် မိတ်ဆက်ပေးရန် ဆုံးဖြတ်လိုက်ပါသည်။ တစ်ဆက်တည်း ဂျူးတို့၏ စရိုက်ကို ပိုမိုလေ့လာခွင့်ရကြမည်ဖြစ်ပါသည်။

ဒုတိယအကြောင်းမှာ မောင်ကောင်းထိုက်တွင် အကြောင်းကြောင်းကြောင့် ဆိုဗီယက်ခေတ်က လက်ကျန်ဟာသ အများအပြား ရှိနေသေးခြင်းဖြစ်ပါသည်။ စာပေစိစစ်ရေးက ပယ်၍လည်းကောင်း၊ အပယ်ခံရနိုင်သည့်အရေးကိုတွေးပူကာ သေတ္တာထဲ သော့ခတ်သိမ်းဆည်းထားသောကြောင့်လည်းကောင်း ကျန်နေခြင်းဖြစ်ပါသည်။ ယခုအခြေအနေကောင်းများ ပေါ်ထွက်နေ

ပြီဖြစ်သဖြင့် ရှိသမျှကိုထုတ်ပြရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။ ခေတ်နှင့်စနစ်နှင့် ပတ်သက်၍လည်းကောင်း၊ ပါတီခေါင်းဆောင်များနှင့်ပတ်သက်၍လည်းကောင်း ဆိုဗီယက်ပြည်သူတို့၏ သဘောထားကို ပိုမိုနားလည်ခွင့်ရကြမည်ဟု မျှော်လင့်မိပါသည်။

ထို့ပြင် စာဖတ်သူတို့ သည့်ထက် စိတ်လက်ကြည်ရွှင်စေရျင်သည့်ဆန္ဒဖြင့် ကိုရျူရျာဟာသ၊ ဒဿနဟာသနှင့် ထွေလီကာလီကဏ္ဍတို့ဖြင့်ပါ ဖြည့်စွက်ထားပါကြောင်း။ ။

လေးစားစွာဖြင့်

မောင်ကောင်းထိုက်(နီးပဒေါ်)

# မာတိကာ

အမှာ –

ဂျူးဟာသများ


၁။ စောင့်ကြ ၁၇
၂။ ပြောင်းမယ် ၁၇
၃။ လာလိုလာငြား ၁၈
၄။ တော်တော်ထူးတဲ့လူ ၁၈
၅။ ဘယ်ကလာလဲ ၁၉
၆။ ဓိဝဗေဒ ၁၉
၇။ သတိရတယ် ၂၀
၈။ သက်ရှိသက်သေ ၂၀
၉။ ပျော်ရွှင်မှု ၂၁
၁၀။ အလှည့်ကျ မနွဲ့စတမ်း ၂၂
၁၁။ ပျော်ရွှင်မှုအပြည့် ၂၂
၁၂။ မှားယူမိတယ် ၂၃
၁၃။ ပိုနေပြီ ၂၃
၁၄။ ရွေးရခက်တယ် ၂၃
၁၅။ ဈေးပေါလို့မဟုတ်ပါ ၂၄
၁၆။ ကြာလေဝေးလေ ၂၅
၁၇။ အကန်းမို့ပေါ့ ၂၆

၁၈။ ရသလောက်ယူရတာကိုး ၂၆
၁၉။ အခပေးရမယ်ဆိုရင် ၂၇
၂၀။ ဖောက်ပြားသူ ၂၇
၂၁။ မနက်စာ ၂၇
၂၂။ အပြစ်မဟုတ်ပါ ၂၈
၂၃။ မသေခင် ၂၉
၂၄။ ရှာရခက်တယ် ၂၉
၂၅။ စဉ်းစားရခက်တယ် ၃၀
၂၆။ သိချင်တယ် ၃၁
၂၇။ နှစ်သက်တဲ့အလုပ် ၃၁
၂၈။ ဘေးကင်းပြီ ၃၂
၂၉။ ဆုံးပါပြီ ၃၂
၃၀။ မျှော်လင့်တာများ ၃၄
၃၁။ ယုံစမ်းပါဗျာ ၃၅
၃၂။ အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ် ၃၆
၃၃။ အရသာပိုပါတယ် ၃၆
၃၄။ ဈေးပေါတာပဲ ဝယ်မှာပေါ့ ၃၇
၃၅။ မစော်ကားနဲ့ ၃၈
၃၆။ ယုံရမယ့်လူ ၃၉
၃၇။ နှမြောသလား ၄၀
၃၈။ ဗိုလ်ချုပ်လောင်း ၄၁
၃၉။ ဖြစ်မှဖြစ်ရလေ ၄၁

၄၀။ အဆင်သင့် ၄၂
၄၁။ အလားအလာ ၄၃
၄၂။ ခွင့်လွှတ်ပါ ၄၃
၄၃။ ဘယ်သူလဲ ၄၄
၄၄။ ရုပ်ဆိုးမ ၄၅
၄၅။ မညာနဲ့ ၄၆
၄၆။ ဝါရင့်ဆရာဝန် ၄၆
၄၇။ မတရားဘူး ၄၇
၄၈။ ဒါကြောင့် ၄၈
၄၉။ ရေပုံး ၄၈
၅၀။ အကြိုက်ဆုံး ၄၉
၅၁။ အမေ့ကိုသနားပါသားရယ် ၄၉
၅၂။ အမြဲတမ်းမဟုတ် ၅၀
၅၃။ ခဏခဏလာစေချင်တယ် ၅၁
၅၄။ မှားယွင်းမှု ၅၂
၅၅။ တိတ်တိတ်နေ ၅၃
၅၆။ မသေချာဘူး ၅၃
၅၇။ ကြောက်ပါပြီဗျ ၅၄
၅၈။ ကြော်ငြာကောင်းဖို့လိုတယ် ၅၆
၅၉။ ဂျူးလူလည် ၅၇
၆၀။ ရှိတော့ရှိတယ် ၅၈
၆၁။ ကိုယ်တိုင်သွားပါလား ၅၉

ဩွေပဒေသာစာပေ

၆၂။ ကျေးကြပါတော့ ၅၉
၆၃။ နာမည်ပြောင်းမိလို့ ၆၁
၆၄။ အကောင်းဆုံးညစာ ၆၂
၆၅။ ရေသောက်ချင်တယ် ၆၃
၆၆။ တရုတ်လား ၆၅
၆၇။ မတွေ့သွားလို့ ၆၅
၆၈။ ပိုက်ဆံအပြည့်ထည့်ပေးလိုက်တယ် ၆၆
၆၉။ ရိုးသားသူ ၆၇
၇၀။ နောက်တစ်ခွက် ၆၈
၇၁။ မသွားဘဲကိုး ၆၈
၇၂။ အဆိုတော် ၆၉
၇၃။ အလုပ်မဟုတ်ပါ ၆၉
၇၄။ သူ့ကိုယုံတယ် ၆၉
၇၅။ တော်ပြီ ၇၀
၇၆။ ဥပုသ်စောင့်ပါ ၇၀
၇၇။ အကြွေးမပေးနိုင်သေးပါ ၇၂
၇၈။ ဂျူးသူရဲကောင်း ၇၃
၇၉။ စစ်ထဲမဝင်ပါရစေနဲ့ ၇၄
၈၀။ တစ်ဝက်ပေးလိုက်ရင် ၇၅
၈၁။ မိန်းမလိုချင်တယ် ၇၆
၈၂။ တယ်လီဖုန်းခ ၇၇
၈၃။ မိုးရွာမယ်မှန်းသိရင် ၇၇

ရွှေပဒေသာစာပေ

၈၄။ ဖန်ဆင်းရှင်ရဲ့လက်ရာ ၇၈

၈၅။ မလိမ်နဲ့ ၇၈

၈၆။ ကုရင်မလင် ၇၉

၈၇။ အလကားပေးရိုးထုံးစံမရှိ ၈၀

၈၈။ ကတိပေးပါ ၈၀

၈၉။ အမေရိကားက ဦးလေး ၈၁

၉၀။ အလစ်သုတ်သူ ၈၂

၉၁။ တိုကျိုသွားမယ့် အိုင်စတိုင်း ၈၂

၉၂။ ခွင့်သာပေးရင် ၈၃

၉၃။ ခွင့်သာပေးရင်(၂) ၈၄

၉၄။ အရည်အချင်း ၈၄

၉၅။ ရာဘင်နိုဗစ်ချ် ဂီတဆရာ ၈၅

၉၆။ အလှူငွေသုံးစွဲနည်း ၈၆

၉၇။ ဖိနပ်အသစ် ၈၇

၉၈။ အလိုတူအလိုပါ ၈၈

၉၉။ လှူတဲ့ရက် နီးလာပြီ ၈၈

၁၀၀။ စိတ်အေးချင်တယ် ၈၉

၁၀၁။ မသတ်နိုင်ဘူး ၉၀

၁၀၂။ ဆက်လုပ်ပါ ၉၀

၁၀၃။ အဘိုးတန် ၉၁

၁၀၄။ အမျိုးကိုချစ်သောစိတ် ၉၂

၁၀၅။ အကြွေးကျေပြီ ၉၃


ရွှေပဒေသာစာပေ

၁၀၆။ ဆုတောင်းပြည့်တော့မယ် ၉၄
၁၀၇။ ဖေဖေနေကောင်းတယ် ၉၅
၁၀၈။ အမြတ်သာ အဓိက ၉၇
၁၀၉။ ကိုချူချာ ခံလိုက်ရပြန်ပြီ ၉၈
၁၁၀။ ကျန်းမာရေး ၉၉
၁၁၁။ ယုံမှာပေါ့ ၁၀၀
၁၁၂။ ချွေးမလောင်း ၁၀၁
၁၁၃။ ကြက်ကိုနားလည်အောင်လုပ်ပါ ၁၀၂
၁၁၄။ ဘာလိုချင်ပါလိမ့် ၁၀၃
၁၁၅။ ရေကြည် ၁၀၄
၁၁၆။ မနေမြောနဲ့ ၁၀၄
၁၁၇။ မပျင်းနဲ့ ၁၀၅
၁၁၈။ ဒါကြောင့် ၁၀၆
၁၁၉။ နိုင်ငံရေးသင်တန်း ၁၀၆
၁၂၀။ ချစ်ကြည်ရေး ၁၀၆
၁၂၁။ မသိတာကောင်းတယ် ၁၀၇
၁၂၂။ လာခေါ်သွားပြီ ၁၀၈
၁၂၃။ မြင်ဖူးပြီ ၁၀၉
၁၂၄။ အရသာမရှိပါဘူးသမီးရယ် ၁၀၉
၁၂၅။ အထင်ကြီးစရာမလိုပါဘူး ၁၁၁
၁၂၆။ သန်းကြွယ်သူဌေးနဲ့ဆိုဗီယက်လုပ်သားတွေ့ကြပြီ ၁၁၂
၁၂၇။ အလှည့်ကိုစောင့် ၁၁၃


ရွှေပဒေသာစာပေ

| | |
|---|---|
| ၁၂၈။ ဘာဆိုင်လို့လဲ | ၁၁၄ |
| ၁၂၉။ စောင့်ပါ | ၁၁၅ |
| ၁၃၀။ ဆုံးအောင်နားထောင်မှပေါ့ | ၁၁၅ |
| ၁၃၁။ ဆွေးနွေးသည့်အကြောင်းအရာ | ၁၁၆ |
| ၁၃၂။ ကွန်မြူနစ်စနစ်အောင်မြင်ပြီ | ၁၁၇ |
| ၁၃၃။ ဘယ်သူပါလိမ့် | ၁၁၉ |
| ၁၃၄။ မိန်းမချင်း ရင်းနှီးမှု | ၁၁၉ |
| ၁၃၅။ ရုရှားဆိုမုန်းတယ် | ၁၂၁ |
| ၁၃၆။ မှားသွားပြီမောင် | ၁၂၂ |
| ၁၃၇။ လက်မဆော့ပါနဲ့ | ၁၂၄ |
| ၁၃၈။ အသင့်ပြင် | ၁၂၅ |
| ၁၃၉။ မသုံးတာကြာလို့ | ၁၂၆ |
| ၁၄၀။ အကုန်ပေါ်ပြီ | ၁၂၈ |
| ၁၄၁။ ကူညီပါ | ၁၂၉ |
| ၁၄၂။ သိနေသားပဲ | ၁၂၉ |
| ၁၄၃။ ရွေးချယ်ခွင့် | ၁၃၀ |
| ၁၄၄။ လူမှားသွားပြီ | ၁၃၀ |
| ၁၄၅။ ကိုယ်စောင့်နတ် | ၁၃၁ |
| ၁၄၆။ ချစ်သား | ၁၃၁ |
| ၁၄၇။ ရေချိုးချင်တယ် | ၁၃၃ |
| ၁၄၈။ ရေသောက်မှပေါ့ | ၁၃၃ |
| ၁၄၉။ ဘဝတူ | ၁၃၄ |

၁၅၀။ ကွာချင်သလား ၁၃၅
၁၅၁။ မုဆိုးချူချာ ၁၃၇
၁၅၂။ သတိထား ၁၃၈
၁၅၃။ ပြင်ရခက်တယ် ၁၃၈
၁၅၄။ ကွာခြားချက် ၁၃၉
၁၅၅။ ဆေးတန်ခိုး ၁၃၉
၁၅၆။ နာမည်ဖျက်တဲ့ကောင် ၁၄၀
၁၅၇။ တော်လိုက်တဲ့ဆရာဝန် ၁၄၁
၁၅၈။ ကံကောင်းလို့ ၁၄၂
၁၅၉။ ကောင်းမှန်းမသိလို့ ၁၄၃
၁၆၀။ သတ်သေသွားပြီလား ၁၄၄
၁၆၁။ အထင်မသေးနဲ့ ၁၄၄
၁၆၂။ အထင်မကြီးပါနဲ့ ၁၄၅
၁၆၃။ ယဉ်ကျေးမှုပေါ့ ၁၄၆
၁၆၄။ ဘောလုံး ၁၄၇
၁၆၅။ ပြည်သူ့အချစ်တော် ၁၄၈
၁၆၆။ အထင်မှားခြင်း ၁၄၉
ဆိုဗီယက်ခေတ်ဟာသများ
၁၆၇။ အရောင်မတူတဲ့ဖိနပ် ၁၅၁
၁၆၈။ သတိမေ့ရောဂါ ၁၅၂
၁၆၉။ ပေါ်လစ်ဗျူရို ၁၅၂
၁၇၀။ စစ်ဗိုလ်ချုပ်ကြီးဆိုတာ ၁၅၃

၁၇၁။ ထိုက်တန်သောလစာ ၁၅၄
၁၇၂။ ကျောင်းနေဘက် ၁၅၄
၁၇၃။ တူတံဇေးအရေးကြီးတယ် ၁၅၅
၁၇၄။ ၅-ရူဘယ် တိုးလိုက်မယ် ၁၅၅
၁၇၅။ အကြောင်းရင်း ၁၅၇
၁၇၆။ နိုင်ငံတော်လျှို့ဝှက်ချက် ၁၅၇
၁၇၇။ ပြေးပေတော့ ၁၅၈
၁၇၈။ နေရာလုမယ့်ကောင် ၁၅၈
၁၇၉။ အနိုင်ရသူ ၁၅၉
၁၈၀။ အမေးအဖြေ ၁၆၀
၁၈၁။ ရပ်ရှားပါပဲ ၁၆၁
၁၈၂။ မိသားစုကိုငဲ့ရမယ် ၁၆၂
၁၈၃။ အူချင်တယ် ၁၆၃
၁၈၄။ ပါတီတာဝန် ၁၆၅
၁၈၅။ တကယ့်ဘဝ ၁၆၆
၁၈၆။ ခေတ်သစ်(၁၉၈၅-၁၉၉၁) ၁၆၇
၁၈၇။ အလုပ်လုပ်ဆဲ ၁၆၈
၁၈၈။ အမာရွတ်ပျောက်ဆေး ၁၆၉
၁၈၉။ ခြားနားချက် ၁၇၀
၁၉၀။ ကေဒါပေါင်း ၁၇၁
၁၉၁။ အသားမရှိပါလား ၁၇၂
၁၉၂။ လျှို့ဝှက်ချက် ၁၇၃

ရွှေပဒေသာစာပေ

၁၉၃။ အပြစ်မရှိပါ ၁၇၃
၁၉၄။ တိုင်ပင်ကြည့်တာပါ ၁၇၄
၁၉၅။ ညဏ်ကောင်းတဲ့ ကြောင်သားလေး ၁၇၆
၁၉၆။ သေကုန်ကြပြီ ၁၇၇
၁၉၇။ အာလူးပါ ရှားသကိုး ၁၇၈
၁၉၈။ ဝါဒဖြန့်ခြင်း ၁၇၈
၁၉၉။ သားငယ်သိစေချင်သည် ၁၈၀
၂၀၀။ ကွန်ပျူတာမမှားပါ ၁၈၁
၂၀၁။ လေးစားလို့ပါ ၁၈၂
၂၀၂။ သိတာချင်းမတူပါ ၁၈၃
၂၀၃။ အနံ့ရတော့မယ် ၁၈၄
၂၀၄။ ဆိုင်ပိတ်တဲ့နေ့ ၁၈၅
၂၀၅။ ဆေးမလိုပါ ၁၈၆
၂၀၆။ အာဂဆရာဝန် ၁၈၇
၂၀၇။ ကိုက်စားတာကိုး ၁၈၈
၂၀၈။ ဗိုက်ပူလာပြီ ၁၈၉
၂၀၉။ ကူမလို့ပါ ၁၉၀
၂၁၀။ ပင်းဝွင်း ၁၉၁
၂၁၁။ အချစ်ရူး ကိုချူချာ ၁၉၂
ဒဿနဟာသများ
၂၁၂။ သတ်မှတ်ချက်ကိုမကျော်နဲ့ ၁၉၃
၂၁၃။ နိဗ္ဗာန်ရောက်ကြောင်း ၁၉၄

၂၁၄။ ယှဉ်ကြည့်ပေါ့ ၁၉၆
၂၁၅။ ငင်ဆရာကြီး ၁၉၇
၂၁၆။ သံသယဝင်မိတယ် ၁၉၈
၂၁၇။ ခပ်သောက်ပါ ၁၉၉
၂၁၈။ စိတ်အေးရပြီ ၂၀၀
၂၁၉။ ထွေလီကာလီ ၂၀၁ - ၂၁၇

▣▣▣

## ဂျူးဟာသများ

### ၁။ စောင့်ကြ

"ဟိုင်းမ်၊ ထီတစ်သိန်းပေါက်ရင် မင်းတို့ဘယ်လိုသုံးမလဲ"

"ဂိုလ်းဘတ်ကို ပေးစရာရှိတာ ပေးလိုက်မယ်"

"ကျန်တာတွေရော"

"ကျန်တာတွေ စောင့်ကြပစေ"

☺

### ၂။ ပြောင်းမယ်

ကာ့(စ်)က သူ့မိန်းမကိုပြောသည်။

"ရေဇယ်၊ တို့အထဲက တစ်ယောက်ယောက် အရင်သေသွားရင် ငါ ဒီမှာမနေတော့ဘူး။ တခြားရွာကိုပြောင်းမယ်"

☺

# ဂျူးဟာသများ

## ၁။ စောင့်ကြ

''ဟိုင်းမ်၊ ထီတစ်သိန်းပေါက်ရင် မင်းတို့ဘယ်လိုသုံးမလဲ''

''ဂိုလ်းဘတ်ကို ပေးစရာရှိတာ ပေးလိုက်မယ်''

''ကျန်တာတွေရော''

''ကျန်တာတွေ စောင့်ကြပစေ''

☺

## ၂။ ပြောင်းမယ်

ကာ့(စ်)က သူ့မိန်းမကိုပြောသည်။

''ရေဗယ်၊ တို့အထဲက တစ်ယောက်ယောက် အရင်သေသွားရင် ငါ ဒီမှာမနေတော့ဘူး။ တခြားရွာကိုပြောင်းမယ်''

☺

## ၃။ လာလိုလာငြား



ဂျူးဆီကို သူ့အိမ်နီးချင်း ရောက်လာသည်။ တစ်ကိုယ်လုံး အဝတ်အစားမပါ၊ လည်စီးပဲပတ်ပြီး ထိုင်နေသည်ကိုတွေ့သည်နှင့် မေးသည်။

"ဆော်လမွန် မိုဆေးရစ်ဇစ်ချ်၊ ခင်ဗျားပုံကြီးကလည်းဗျာ"

"ဘာဖြစ်သေးလဲ၊ ကျုပ်ဆီ ဘယ်သူမှလာမှာမှ မဟုတ်တာ"

"အဲဒါဆို ဘာဖြစ်လို့ လည်စီးပတ်ထားသေးလဲ"

"မတော်တဆ တစ်ယောက်ယောက်လာခဲ့ရင် ဘယ့်နှယ်လုပ်မလဲ"

☺

## ၄။ တော်တော်ထူးတဲ့လူ

ဂျူး ဘတ်စ်ကားစီးလာသည်။ သူ့ဘေးမှာ နီဂရိုးတစ်ယောက်၊

ဟီဘရူးဘာသာနှင့် ရေးထားသောစာအုပ်တစ်အုပ်ကို ဂရုတစိုက်ဖတ်နေသည်။ နီဂရိုးကိုကြည့်ပြီး ဂျူး သက်ပြင်းချသည်။

"ဖြစ်မှဖြစ်ရလေ၊ နီဂရိုးဖြစ်ရတာတောင် နည်းတယ်လို့ထင်တဲ့သူပါလား"

☺

## ၅။ ဘယ်ကလာလဲ

"ဒေါက်တာ၊ ကျွန်တော့်ကိုကူစမ်းပါ၊ ကျွန်တော့်မှာ ကလေးရှိအောင် လုပ်ပေးပါ။ ကျွန်တော့်အဘိုးမှာ သားသမီးမရှိခဲ့ဘူး။ ကျွန်တော့်အဖေမှာလည်း ကလေးမရှိခဲ့ဘူးဗျ"

"ဘယ်လို. . . ဘယ်လို. . . ကလေးမရှိခဲ့ဘူးဟုတ်လား၊ အဲဒါဆိုခင်ဗျား ဘယ်ကလာလဲ"

"အော်ဒက်ဆာမြို့က ခင်ဗျ"

☺

## ၆။ ဇီဝဗေဒ

ဇီဝဗေဒဘာသာကို ဆရာမ ပို့ချပေးနေသည်။

"အီဗန်နော့၊ သားရဲတိရစ္ဆာန်နှစ်ကောင်ရဲ့နာမည်ကို ပြောပြစမ်း"

ရွှေပဒေသာစာပေ

"ကျားရယ်. . . အယ်. . ."

"ထိုင်! ဂရိတ်တူး၊ ပီထရော့. . . သားရဲဝတီရစ္ဆာန် သုံးကောင်ရဲ့ အမည်ကိုပြောပြစမ်း"

"ကျားရယ်၊ ခြင်္သေ့ရယ်. . . အယ်. . . အယ်"

"ထိုင်! ဂရိတ်တူး၊ ကာ(စ်)မန်. . . သားရဲဝတီရစ္ဆာန် ငါးကောင်ရဲ့ အမည်တွေကို ရွတ်ပြစမ်း"

"ကျားနှစ်ကောင်၊ ခြင်္သေ့သုံးကောင်"

☺

## ၇။ သတိရတယ်

"မင်းကိုငါမြင်တိုင်း ဟိုင်း(မ်)ကိုသတိရတယ်"

"ဘာဖြစ်လို့လဲ"

"သူလည်း ငါ့ဆီက ပိုက်ဆံယူထားပြီး အခုထိပြန်မပေးသေးဘူး"

☺

## ၈။ သက်ရှိသက်သေ

ဂျူးက သူ့'ရာဘိုင်'အကြောင်း ကြွားနေသည်။

"တစ်ခါက ကျွန်တော့်'ရာဘိုင်' ရေထဲကျသွားတယ်၊ ရေက သုံး

မီတာလောက် နက်တယ်။ ခက်တာက သူ ရေမကူးတတ်ဘူး။ ကံကောင်းချင်တော့ သူ့လက်ထဲမှာ ဆားရည်စိမ်ထားတဲ့ငါးနှစ်ကောင်ပါသွားတယ်။ အဲဒီငါးနှစ်ကောင် ရေနဲ့ထိတော့ အသက်ပြန်ရှင်လာတယ်။ သူတို့ကပဲ ရာဘိုင်ကိုဆွဲတင်လိုက်တော့ ကမ်းပေါ်ရောက်လာတယ်''

''ခင်ဗျားပြောပြတဲ့ဇာတ်လမ်းကို မယုံပါဘူး၊ ဘာနဲ့ ခင်ဗျားသက်ao ÿrv J..ကဲ''

''ခင်ဗျား မျက်မြင်ပဲလေ၊ ကျုပ်တို့ရာဘိုင် အသက်ရှင်နေတယ်လေ''

☺

## ၉။ ပျော်ရွှင်မှု

ဆိုဗီယက်ခေတ်က ဖြစ်သည်။

''ရာဘင်နီုဗစ်ချ်. . . ပျော်ရွှင်မှုဆိုတာ ဘာလဲဗျ။ ရှင်းပြစမ်းပါ''

''ဆိုဗီယက်နိုင်ငံမှာ နေထိုင်ရခြင်းဟာ ပျော်ရွှင်မှုပေါ့''

''အဲဒါဆို မပျော်ရွှင်မှုကကော''

''အဲဒီလိုပျော်ရွှင်မှုကို ရထားခြင်းပေါ့''

☺

## ၁၀။ အလုညို့ကျ မနွဲ့စတမ်း

ပြဇာတ်ရုံနားမှာ ဂျူးနှစ်ယောက် ဆုံကြသည်။

"အာဘရမ်၊ မင်း ဒီနားမှာ ဘာလုပ်နေတာလဲ"

"ဘာလုပ်ရမလဲ၊ မိန်းမနဲ့ ပြဇာတ်လာကြည့်တာလေ"

"ဒါဖြင့် ဘာဖြစ်လို့ ပြဇာတ်ရုံထဲ မဝင်တာလဲ"

"ဒီနေ့ ငါ ကားစောင့်ရမယ့်အလှည့်လေ"

☺

## ၁၁။ ပျော်ရွှင်မှုအပြည့်

"ဒေါ်လေး လာတယ်၊ ဒေါ်လေး လာတယ်"ဟုအော်ရင်း တူမလေးက ဧည့်သည်အဖြစ် ရောက်လာသောအဒေါ်ဖြစ်သူကို ဝမ်းသာအားရ ပြေးဖက်သည်။ နှုတ်မှလည်းပြောသည်။

"ငါတို့ ပျော်ရွှင်မှုရပြီ၊ ငါတို့ ပျော်ရွှင်မှုရပြီ"

"ဟဲ့! ဘာဖြစ်လို့လဲ"

"ဒေါ်လေးလာမယ်ဆိုတာကို ဖေဖေသိလိုက်တာနဲ့ ငါတို့ပျော်ရွှင်မှုအပြည့်ရဖို့ ဒင်းတစ်ယောက်ပဲ လိုနေတာကလား"လို့ ပြောလိုက်တယ်လေ"

☺

**ရွှေပဒေသာစာပေ**

## ၁၂။ မှားယူမိတယ်

"ရှိစ့်! ဘာဖြစ်လို့ မင်းဟာ စွပ်ရမယ့်လက်မှာ မစွပ်ထားရတာလဲ"

"ကျွန်မ လက်မထပ်ရမယ့်လူနဲ့ လက်ထပ်မိလို့"

☺

## ၁၃။ ပိုနေပြီ

ဂျူးဘုရားကျောင်းမှာ ရာဘိုင်ကို ဂျူးကမေးသည်။

"ရာဘိုင်. . . ရာဘိုင် ဘာကိုပိုလိုချင်လဲ၊ ဒေါ်လာ ငါးထောင်လား၊ သမီးငါးယောက်လား"

"ဒေါ်လာငါးထောင်"

"ဘာဖြစ်လို့လဲ"

"ငါ့မှာ သမီးရှစ်ယောက်တောင် ရှိနေပြီပဲ၊ အလကားတောင် ပေးလိုက်ဦးမယ်"

☺

## ၁၄။ ရွေးရခက်တယ်

ဂျူးဘုန်းကြီး 'ရာဘိုင်'ထံ အမျိုးသမီးရောက်လာသည်။

"ရာဘိုင်၊ ကျွန်မကို အမျိုးသားနှစ်ယောက် တစ်ပြိုင်နက်တည်း လက်ထပ်ခွင့်တောင်းနေတယ်။ ခက်တာက တစ်ယောက်က သူခိုး၊ နောက်တစ်ယောက်က မုဒိန်းသမားဖြစ်နေတယ်။ ဘယ်သူ့ကိုရွေးရင် ကောင်းမလဲဟင်"

"ဟဲ့! နေဦး၊ နင့်မေးခွန်းမလွယ်ဘူး။ ငါ ဘုရားနဲ့တိုင်ပင်လိုက်ဦး မယ်"

ဤသို့ပြောပြီး ရာဘိုင် အခန်းထဲဝင်သွားသည်။ အဲဒီအချိန်မှာ ရာဘိုင့်မိန်းမ မီးဖိုချောင်မှထွက်လာပြီး အမျိုးသမီးကို တိုးတိုးလေးပြော သည်။

"ကျွန်မယောကျ်ား ရှင့်ကို ဘယ်လိုအကြံပေးမလဲတော့ မသိဘူး။ ကျွန်မဆိုရင်တော့ ကျွန်မကို တစ်ခါလုတာနဲ့စာရင် နှစ်ခါ မုဒိန်းကျင့် ပစေရှင်"

☺

## ၁၅။ ဈေးပေါလို့မဟုတ်ပါ

ဂျူးအဘိုးကြီး ကွယ်လွန်သွားသည်။ အသုဘပစ္စည်းများအရောင်း ဆိုင်တွင် ၎င်း၏ဆွေမျိုးသားချင်းများ အခေါင်းရွေးနေကြသည်။ ဈေး ရောင်းသူကို ၎င်းတို့မေးသည်။

"ဘယ်အခေါင်းက ပိုကောင်းမယ်ထင်သလဲဗျ"

**ရွှေပဒေသာစာပေ**

"ဖြေရခပ်ခက်ခက်ပဲ၊ ကြေးခေါင်းတွေက ကြာကြာခံတယ်၊ ဒါပေမဲ့ သစ်သားခေါင်းတွေကျတော့ ကျန်းမာရေးနဲ့ ညီညွတ်ပြန်ရော"

☺

## ၁၆။ ကြာလေဝေးလေ



ဘူတာပလက်ဖောင်းကို ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး ဂျူးမိန်းမကြီးတစ်ဦး လှိုက်လှိုက်လှဲလှဲငိုကြွေးနေသည်။ ဂျူးအဘိုးကြီး ၄င်းအနား ကပ်လာပြီး မေးသည်။

"ဘာဖြစ်လို့ ရှိုက်ကြီးတငင် ငိုနေရတာတုန်း"

"ကျွန်မ ရထားနောက်ကျသွားလို့"

"တော်တော်နောက်ကျသွားသလား"

"၂–မိနစ်တည်းပါ"

ရွှေပဒေသာစာပေ

"အောင်မယ်လေး! ၂–မိနစ်တည်းနဲ့ဗျာ၊ အော်နေပုံက ၂–နာရီ နောက်ကျတာ ကျနေတာပဲ"

☺

## ၁၇။ အကာန်းမိုလို့ပေါ့

ယောက်ျားက မိန်းမကိုပြောသည်။

"မနေ့က မင်း ငါးပြားစေ့ ပစ်ပေးလိုက်တဲ့အကာန်းဟာ တကယ်ပဲ မျက်စိမမြင်ဘူးကွ"

"ရှင် ဘယ်လိုလုပ်သိသလဲ"

"ဘာကြောင့်ဆိုတော့ သူ မင်းကိုပြန်ပြောတယ်လေ၊ 'ကျေးဇူးတင်တယ် မိန်းမချောရယ်'. . . တဲ့"

☺

## ၁၈။ ရသလောက်ယူရတာကိုး

ရာဘင်နိုဗစ်ချ်၊ ပိုက်ဆံဆယ်ရူဘယ်ကို ခင်ဗျား လာဘ်ငွေအဖြစ် လက်ခံလိုက်တာ မရှက်ဘူးလား"

"ဘယ့်နှယ်လုပ်မလဲ၊ သူ ပိုမှမပေးဘဲ"

☺

## ရွှေပဒေသာစာပေ

## ၁၉။ အခပေးရမယ်ဆိုရင်

ဂျူးတွေရဲ့နှာခေါင်း သူများတွေထက် ကြီးတယ်နော်၊ ဘာကြောင့်လဲ. . . ခင်ဗျားသိလားဟင်''

''လေ အလကားရလို့''

☺

## ၂၀။ ဖောက်ပြားသူ

''တော်ပြီ! ကျွန်တော် ရိစ့်ကို ကွာတော့မယ်၊ သစ္စာမရှိတဲ့မိန်းမ၊ ကျွန်တော့်ကိုညာတယ်။ မနေ့ညက သူ့ညီမအိမ်မှာ အိပ်တယ်တဲ့။ ဟင်း. . .''

''သူ့ညီမအိမ်မှာ အိပ်တာပဲ၊ ပြဿနာမလုပ်စမ်းပါနဲ့''

''ဟင့်အင်း. . . မရဘူး၊ ဒင်း ကျုပ်ကိုလိမ်တယ်။ ဒင်းညီမနဲ့သွားအိပ်နေတာက ကျွန်တော်ဗျ''

☺

## ၂၁။ မနက်စာ

ချာတိတ်လေး 'မိုရှာ' ဆိုင်ထဲဝင်လာသည်။ ချိုင့်ကိုထိုးပေးပြီး

ပြောသည်။

''ကျွန်တော့်ကို ပျားရည် သုံးလီတာထည့်ပေးပါ''

ဈေးသည်မ ထည့်ပေးသည်။ ချိုင့်ကိုယူပြီး မိုရှာ ပြောသည်။

''မနက်ဖြန် အဖေ ပိုက်ဆံလာပေးပါ့မယ်''

''ဟော့! ဒီလိုမရဘူး။ ပြန်လာခဲ့''

ကောင်လေးရဲ့ချိုင့်ထဲကပျားရည်များကို ပျားရည်အိုးထဲ ဈေးသည်မ ပြန်လောင်းထည့်သည်။ လမ်းပေါ်ရောက်တော့ မိမိ၏ချိုင့်ထဲကို မိုရှာ ငုံ့ကြည့်သည်။

''အဖေပြောတာမှန်တယ်၊ ချိုင့်မှာကပ်နေတဲ့ပျားရည်နဲ့ နံပြားနှစ်ချပ်တော့ အသာလေး သုတ်စားလို့ရမှာပဲ''

☺

## ၂၂။ အပြစ်မဟုတ်ပါ

''ရာဘိုင်၊ ကျွန်တော့်မိန်းမ 'ဆာရာ' လက်မထပ်ခင် ကလေးမွေးတာ အပြစ်ကြီးသလားဟင်''

''ဘယ်ကလာ အပြစ်ဖြစ်ရမှာလဲ၊ လက်ထပ်ပွဲဘယ်တော့ဖြစ်မလဲဆိုတာ ကလေး ဘယ်လိုလုပ်သိမလဲ''

☺

**ရွှေပဒေသာစာပေ**

## ၂၃။ မသေခင်

သေတော့မည့် ဂျူးအဘိုးကြီးက ကော်ဖီသောက်ချင်သည်ဟုပြော သည်။ ယင်းကော်ဖီကို သကြားနှစ်တုံးထည့်ဖျော်ပါဟုပြောသည်။ ပြော သည့်ကော်ဖီခွက်ကို ယူလာသည်။ ကော်ဖီခွက်ကို အဘိုးကြီး အားရ ပါးရသောက်ချလိုက်သည်။

''အင်း. . . တစ်သက်လုံးမျှော်မှန်းခဲ့တဲ့ကိစ္စ သေခါနီးမှာ ရည်မှန်း ချက်ပြည့်သွားတာပါကလား''

''အာဘရမ်၊ ခင်ဗျားဟာ ဒီလောက်ဆင်းရဲတဲ့ဂျူး မဟုတ်ပါဘူး။ သကြားနှစ်တုံးနဲ့ကော်ဖီကို သောက်နိုင်တဲ့အဆင့်ရှိပါတယ်ဗျ''

''ဟုတ်ပါတယ်. . . သောက်နိုင်ပါတယ်၊ ဒါပေမဲ့ အိမ်မှာ ကော်ဖီ ကို သကြားတစ်တုံးနဲ့ပဲ သောက်တယ်။ အဲ! သူများအိမ်မှာ ဧည့်သည် သွားလုပ်ရင်တော့ သကြားသုံးတုံးထည့်ဖြစ်တယ်''

☺

## ၂၄။ ရှာရခက်တယ်

''မီရှာ. . . 'ကာစ်နယ်ဆွန်' ကိုကြည့်ရတာ အတော်သောကရောက် နေတဲ့ပုံပဲ။ ဘာဖြစ်လို့လဲ မင်းမသိဘူးလား''

''အနုမြူဓာတ်ပေါင်းဖိုပေါက်ကွဲခဲ့တဲ့ 'ချာနိုဘိုင်း' ကို သူမသွားဘူး

ဆိုရင် ပါတီဝင်လက်မှတ်ကိုပြန်အပ်ဖို့ပြောလို့''

''ဟုတ်လား၊ အဲဒီတော့ သူဘာလုပ်သလဲ''

''သူလား၊ ပါတီဝင်လက်မှတ် ပြန်အပ်မလို့ဘဲ၊ ဒါပေမဲ့ အဲဒီလက်မှတ်ကို ဘယ်ကယူရမှန်းမသိဘူး''

☺

## ၂၅။ စဉ်းစားရခက်တယ်

ဂျူးအဘိုးကြီးတစ်ယောက် နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ဌာနသို့ ရောက်လာသည်။

''ကျွန်တော် အစ္စရေးကိုသွားချင်တယ်၊ ကျွန်တော့်ကို ဗီဇာထုတ်ပေးပါ''

''နေပါဦး၊ ခင်ဗျား အသက်ကြီးလှပြီ။ ဒီအရွယ်ကျမှ ဘာသွားလုပ်မှာတုန်း။ ဟိုမှာ ရာသီဥတုအပြောင်းအလဲမြန်လွန်းပါဘိနဲ့။ ဥပမာ အခုပူနေပေမယ့် ခဏအတွင်း မိုးရွာချတယ်၊ ညပိုင်းအထိ ဒင်း မရပ်တော့ဘူးတဲ့။ စဉ်းစားပါဦး''

''အေးဗျာ. . . ကျွန်တော် စဉ်းစားလိုက်ပါဦးမယ်''

ညနေရုံးဆင်းချိန်ရောက်တော့ မနက်ကအဘိုးကြီး ဧည့်ခန်းတွင် ဆက်ထိုင်နေသည်ကို တွေ့ရသဖြင့် ရုံးဝန်ထမ်းကမေးသည်။

''ဘယ့်နှယ်လဲ ဦးလေး၊ စဉ်းစားပြီးပြီလား''

"ယတိပြတ် မဆုံးဖြတ်ရသေးဘူး၊ ထီးယူသွားရမလား၊ မယူသွား ရဘူးလားဆိုတာ ခုထိဝေခွဲမရဘူး"

☺

## ၂၆။ သိချင်တယ်

"မိုရှေ ဆော်လမွန်ဘုရင်မှာ မိဖုရား ၇၀၀–အပြင် ကိုယ်လုပ်တော် ၃၀၀–တိတိရှိသတဲ့။ သူတို့ကို သူဘာကျွေးသလဲ မသိဘူးနော်"

"သူဘာကျွေးသလဲဆိုတာ စိတ်မဝင်စားဘူး၊ သူစားသလဲဆိုတာပဲ သိချင်တယ်"

☺

## ၂၇။ နှစ်သက်တဲ့အလုပ်

"ရာဘင်နိုဗစ်ချ်၊ ခင်ဗျားမှာ ကလေးရှစ်ယောက်တောင် ရှိနေပြီ၊ ခင်ဗျားမိန်းမကို ချစ်တာလား၊ ကလေးတွေကိုချစ်တာလား"

"အဲဒါတွေကြောင့် မဟုတ်ပါဘူး၊ ဒီအလုပ်ကို ကျွန်တော် ကြိုက် ကိုကြိုက်လို့ပါ"

☺

**ရွှေပဒေသာစာပေ**

## ၂၈။ ဘေးကင်းပြီ

ရှရှား၊ ဂျာမန်နှင့် ဂျူးတို့ ဆုံကြသည်။ ဘုရားသခင်ဆင်းလာပြီး ၄င်းတို့ကိုပြောသည်။

''ဆန္ဒတစ်ခုစီကို ဖြည့်ဆည်းပေးနိုင်ပါတယ်''

ဂျာမန်က ပြောသည်။

''ကွန်မြူနစ်တွေ မရှိစေချင်ဘူး''

ရှရှားက ပြောသည်။

''ဖက်ဆစ်တွေ ဒီကမ္ဘာက ပျောက်သွားပါစေ''

ဂျူးပြောရမယ့်အလှည့် ရောက်လာသည်။

''ပြောဆိုလည်း ပြောရတာပ၊ သူတို့ရဲ့ဆန္ဒကို အရှင်မြတ် ဖြည့်ဆည်းပေးလိုက်တယ်ဆိုရင်တော့ ကျွန်တော် ကော်ဖီခါးခါးတစ်ခွက်တော့ သောက်ချင်ပါတယ်''

☺

## ၂၉။ ဆုံးပါပြီ

ရာဘိုင်ဆီ ဂျူးရောက်လာပြီး စိုးရိမ်သံနှင့်ပြောသည်။

''ရာဘိုင်၊ ကျွန်တော်ဘာလုပ်ရမလဲ။ ကျွန်တော့်မိန်းမ ကလေးမွေးတာ ၁၂–ယောက်တောင်ရှိပြီ''



စာအုပ်အထူကြီးတစ်အုပ်ကို ရာဘိုင်ယူလိုက်ပြီး အသံထွက်ဖတ်သည်။

''အကယ်၍ မိန်းမဟာ ဂျူးယောက်ျားကို ကလေးအများကြီးမွေးပေးနေရင် ယောက်ျားရဲ့ဝေးစေ့တစ်လုံးကို ဖြတ်ပစ်ရမယ်တဲ့''

မကြာပါ။ စောစောကဂျူး ရောက်လာပြီး ရာဘိုင်ကိုပြောပြန်သည်။

''ရာဘိုင်၊ ကျွန်တော် ဘာလုပ်ရမလဲ။ ကျွန်တော့်မိန်းမ မွေးပြန်ပြီဗျ''

စာအုပ်ထူကို ရာဘိုင် ထပ်ယူပြီးဖတ်သည်။

''ဂျူးရဲ့ဝေးစေ့တစ်လုံးကိုဖြတ်ပြီးတာတောင် သူ့မိန်းမ ကလေးထပ်မွေးနေရင် ဝေးစေ့နောက်တစ်လုံးကိုဖြတ်ပါ''

ရာဘိုင်ပြောသည့်အတိုင်းပင် နောက်တစ်လုံးကိုဖြတ်လိုက်သည်။

အချိန်အနည်းငယ်ကြာသော် ရာဘိုင်ဆီ ဂျူးရောက်လာပြန်သည်။

"ရာဘိုင်. . . လုပ်ပါဦး၊ ကျွန်တော့်မိန်းမ မွေးပြန်ပြီဗျ"

ရာဘိုင် စာအုပ်ထူကိုလှမ်းယူပြီး အကျယ်ကြီးဖတ်သည်။

"ဂျူးရဲ့ဝေးစေ့နှစ်လုံးကို ဖြတ်ပြီးတာတောင် သူ့မိန်းမ ဆက်မွေးနေရင် တခြားဂျူးရဲ့ဝေးစေ့ကို မှားဖြတ်မိတယ်မှတ်"

☺

## ၃၀။ မျှော်လင့်တာများ

ဂျူးအမျိုးသမီးငယ်တစ်ဦးသည် သည့်ထက်ပို၍ နုပျိုလိုသဖြင့် အခြားမြို့ရှိ နာမည်ကြီးဆရာဝန်ထံတွင် ပလပ်စတစ်ခွဲစိတ်မှုလုပ်ရန် ရထားဖြင့် ခရီးထွက်သွားသည်။

ဘေးက ခရီးသွားဖော် အမျိုးသမီးက မေးသည်။

"ဘာဖြစ်လို့ အပြန်လက်မှတ် တစ်ခါတည်း ယူမလာတာလဲရှင့်"

နုပျိုချင်သူက စဉ်းစားသလိုနှင့် ပြန်ပြောသည်။

"ခွဲစိတ်မှုက ထင်တာထက် ပိုပြီးအောင်မြင်နေရင်. . . အပြန်ခရီးအတွက် ကလေးလက်မှတ် လိုချင်လိုမယ်လေ"

☺

## ၃၁။ ယုံစမ်းပါဗျာ

ဇာဘုရင်လက်ထက် ဘုရင့်တပ်သားသုံးယောက် လုံခြုံရေးတာဝန်ကျသည်။ တစ်ယောက်က ခရာဇ်ယာန်၊ နောက်တစ်ယောက်က မူဆလင်၊ နောက်ဆုံးစစ်သားက ဂျူး။

သုံးယောက်သား ဖဲကစားနေကြသည်။ ခပ်လှမ်းလှမ်းက အရာရှိလာနေသည်ကိုတွေ့တော့ ဖဲတွေကို သူတို့အလျင်အမြန်ဝှက်လိုက်ကြသည်။ အရာရှိကမေးသည်။

''ဖဲကစားနေကြတာလား''

''မကစားပါဘူးခင်ဗျ''

အရာရှိက ခရာဇတ်ယာန်ကိုမေးသည်။

''မင်း ဖဲမကစားခဲ့ဖူးဆိုတာ သမ္မာကျမ်းစာကိုင်ပြီး ကျိန်ပြစမ်း''

ထိုစစ်သား ပြောသည့်အတိုင်း ကျိန်ပြသည်။

''အေး. . . ယုံတယ်''

အစ္စလာမ်ဘာသာဝင်၏အလှည့် ရောက်လာသည်။

''မင်း ဖဲမကစားဘူးဆိုတာ ကိုရမ်ကိုင်ပြီး ကျိန်စမ်း''

ထိုစစ်သား ကျိန်ပြသည်။

''အေး. . . မင်းကိုလည်းယုံတယ်၊ ကိုင်း! ဂျူးစစ်သား၊ မင်း. . . ဖဲမကစားတာမှန်ရင် တာလမွတ်ကျမ်းကိုင်ပြီး ကျိန်ပြစမ်း''

''ဗိုလ်ကြီးခင်ဗျာ၊ သူတို့နှစ်ယောက်စလုံး ဖဲမကစားဘူးဆိုတာ

ဗိုလ်ကြီးယုံတယ်ဆိုရင် ကျွန်တော်တစ်ယောက်တည်း ဘယ်သူနဲ့ကစားရမှာလဲခင်ဗျာ''

☺

## ၃၂။ အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်

အမေရိကန်ပြည်ထောင်စု၊ ဘရုကလင်က ဂျူးစားသောက်ဆိုင်။ ဟီးဘရူးစကားကို ဟီးဘရူးတစ်ယောက်လို ပြောနေသော စားပွဲထိုးတရုတ်ကိုကြည့်ပြီး လာသမျှဧည့်သည်တွေ အံ့သြနေကြသည်။ သို့နှင့် ဆိုင်ရှင်ကို ဝိုင်းမေးကြသည်။

''ခင်ဗျားတရုတ်ဟာ ဘယ်လိုလုပ်ပြီး ဟီးဘရူးစကားကို ဒီလောက်တောင် တတ်နေတာလဲ''

''ကျွန်တော် သူ့ကိုသင်ပေးထားတာပါ၊ ဒါပေမဲ့ မပြောလိုက်ပါနဲ့။ သူက အင်္ဂလိပ်စကားလို့ ထင်နေတာဗျ''

☺

## ၃၃။ အရသာပိုပါတယ်

ရှိမန်ကက်သလစ်ဘုန်းကြီးက ဂျူးရာဘိုင်ကို ပြောသည်။

''ခင်ဗျားတစ်သက်မှာ ဝက်သား တစ်ခါမှမစားဖူးဘူးဆိုတာ ဟုတ်

ပါ့မလားဗျာ''

ရာဘိုင် ပြန်ပြောသည်။

''ခင်ဗျားကို အမှန်အတိုင်းပြောရရင် ငယ်ငယ်တုန်းက ဘယ်လို နေပါလိမ့်ဆိုပြီး စိတ်ဝင်စားတာနဲ့ စားကြည့်မိတဲ့အပြစ်ရှိခဲ့ပါတယ်။ ကိုင်း! ပွင့်ပွင့်လင်းလင်းပြောကြစတမ်းဆိုတော့ ကျုပ်လည်း ပြန်မေးပါရစေ၊ ခင်ဗျားရဲ့တစ်သက်မှာ မိန်းမနဲ့တစ်ခါမှ မအိပ်ဖူးဘူးလား''

''ဟုတ်ကဲ့. . . တစ်ခါတော့ အပြစ်လုပ်ဖူးပါတယ်။ ကြာလှပါပြီ''

''ဘယ့်နှယ်လဲ၊ ဝက်သားထက် ပိုအရသာရှိတယ်မဟုတ်လားဗျ ဟင်''

☺

## ၃၄။ ဈေးပေါတာပဲဝယ်မှာပေါ့

ဆိုဗီယက်ခေတ်က ဖြစ်သည်။ ရာဘင်နိုဗစ်ချ် အစ္စရေးသို့ စာရေးသည်။

''ဒီမှာ ဘာမဆို ဈေးကြီးတယ်၊ ရိုးရိုးကြက်တစ်ကောင်ဆိုရင် ရူဘယ်တစ်ရာကျတယ်''

သူ့ကို ကေ–ဂျီ–ဘီရုံးသို့ ဆင့်ခေါ်ပြီးပြောသည်။

''ခင်ဗျား ဒီလိုစာမျိုးတွေရေးနေရင် ကျွန်တော်တို့ ခင်ဗျားကို အပြစ်ပေးရပါလိမ့်မယ်''

ရာဘင်နိုဗစ်ချ် ဖြူသွားသည်။ သို့နှင့် အိမ်ပြန်ပြီး နောက်စာတစ်စောင်ရေးသည်။

"ကျွန်တော်တို့ဆီမှာ အရာခပ်သိမ်း ဈေးပေါတယ်၊ ဒီနေ့ ဈေးထဲသွားတယ်၊ ရောမဆင်ကြီးတစ်ကောင်ကို ရူဘယ်ရှစ်ဆယ်နဲ့ ရောင်းနေတာတွေ့တယ်။ ဆင် ဘာလုပ်ဖို့လဲ၊ ကိုယ်နဲ့အသုံးတည့်တာမှတ်လို့။ ဆင်အစား ရူဘယ် နှစ်ဆယ်ထပ်ဖြည့်ပြီး ကြက်တစ်ကောင် ဝယ်လိုက်မှာပေ့ါ. . . မဟုတ်ဘူးလား"

☺

## ၃၅။ မစော်ကားနဲ့

ဂျူးအဘိုးကြီးကို လမ်းမှာမေးသည်။

"ဟေ့! ဂျူး၊ ဘယ်အချိန်ရှိပြီလဲကွ"

"ငါ့နာရီကိုကြည့်လေ"

"မင်းလက်ပေါ်မှာ နာရီမှမရှိဘဲ"

"နာရီက အင်္ကျီအိတ်ထောင်ထဲမှာ"

"ကုတ်အင်္ကျီကိုထွင်းဖောက်ပြီး မင်းနာရီကို ဘယ်လိုကြည့်လို့ရမလဲကွ"

"ဒီလိုပဲပေ့ါကွ၊ ငါ့ဘောင်းဘီကိုထွင်းဖောက်ပြီး ငါ ဂျူးမှန်း ဘယ်လိုလုပ်သိသလဲကွဟ"

☺

## ၃၆။ ယုံရမယ့်လူ



ဘူတာရုံတွင်ဖြစ်သည်။ လူတစ်ယောက်က ကျန်လူများကို မေး နေသည်။

''ကျေးဇူးပြုပြီး သိပါရစေ၊ ဂျူးတွေကို မိတ်ဆွေ ဘယ်လိုသဘော ထားသလဲဟင်''

''အင်မတန်ချစ်စရာကောင်းတဲ့လူမျိုး၊ ပါရမီထူးတဲ့လူတွေ၊ ဂျူး ပညာရှင်တွေလည်း အများကြီး''

''ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေကကော ဂျူးတွေအပေါ် ဘယ်လို မြင်ပါသလဲ''

''ချစ်စရာကောင်းတယ်၊ အလုပ်ကြိုးစားတယ်၊ ကတိတည်တယ်''

''ကျေးဇူးပါပဲ၊ ဒီလူကြီးမင်းကကော ဂျူးတွေကို ဘယ်လိုသဘော

ထားပါသလဲ''

''ကြည့်မရဘူး၊ ကျုပ်ကိုလုပ်ခွင့်ပေးလို့ကတော့ ဒင်းတို့အားလုံးကို အစွဲရေးပို့ပစ်မယ်''

''ဒီအထဲမှာ လူကြီးမင်းတစ်ယောက်ပဲ တည်ကြည်ဖြောင့်မတ်တာကို ကျွန်တော်တွေ့ရပါတယ်။ ကျွန်တော့်သေတ္တာတွေကို ခဏကြည့်ထားပေးပါ၊ ကျွန်တော် အိမ်သာသွားမလို့''

☺

## ၃၇။ နမြောသလား

ရှာဘယ်ငွေ ၅၀၀–ကိုကိုင်လျက် 'ဟိုင်း' ငွေစုဘဏ်သို့ရောက်လာသည်။ ယင်းငွေကို ဘဏ်ထဲထည့်ရန် ရွံ့နေသည်။ သို့နှင့်မေးသည်။

''ခင်ဗျားတို့ဘဏ် ဒေဝါလီခံလိုက်ရရင် ဘယ့်နှယ်လုပ်မလဲ''

''ခင်ဗျားရဲ့စုငွေကို နိုင်ငံတော်ပိုင်ရွှေတွေနဲ့ အာမခံချက်ပေးထားပါတယ်''

''အကယ်၍ အစိုးရကိုယ်တိုင် ဒေဝါလီခံလိုက်ရရင်ရော''

''အဲဒီအတွက် ငွေငါးရာ နမြောသလားဗျာ''

☺

ရွှေပဒေသာစာပေ

## ၃၈။ ဗိုလ်ချုပ်လောင်း

ဂျူးဟောရွာကို ဂျာမန်တပ်သားတွေ တစ်အိမ်တက်ဆင်း ရှာနေကြသည်။ စစ်မှုထမ်းရမည်ကိုစိုးရိမ်ပြီး ပုန်းအောင်းနေနိုင်သည့်လူငယ်များကို ရှာနေကြခြင်းဖြစ်သည်။

အဘိုးကြီး ရာဘင်နိုဗစ်ချ် စိတ်လှုပ်ရှားပြီး ဂဏှာမငြိမ်ဖြစ်နေသည်။ သူ့ကို မျက်နှာကြက်ပေါ် ဝှက်ထားရန် အိမ်သားတွေကိုပြောသည်။ သူ့မိန်းမက ပြန်ပြောသည်။

''ရှင့်အသက်အရွယ်နဲ့ ဘာကိုစိုးရိမ်နေတာလဲ။ ဒီအရွယ်တွေကို သူတို့ စစ်တပ်ထဲမခေါ်တော့ဘူးရှင့်''

''ဘာလဲ. . . သူတို့ ဗိုလ်ချုပ်တွေ မလိုတော့ဘူးတဲ့လား''

☺

## ၃၉။ ဖြစ်မှဖြစ်ရလေ

ဂျူးနှစ်ယောက် ဆုံကြသည်။

''ရာဘင်နိုဗစ်ချ်. . . မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ''

''မြို့နယ်ပါတီကော်မတီရဲ့ ပထမအတွင်းရေးမှူးရာထူးက ငါ့ကို ထုတ်ပစ်လိုက်လို့''

''ဘယ်လိုဖြစ်သွားတာလဲ''

"ငါပါတီဝင်မဟုတ်ဘူးလို့ ဘယ်ငနဲလဲမသိဘူး၊ သတင်းပေးလိုက်လို့"

☺

## ၄ဝ။ အဆင်သင့်

အောင်သွယ်က ပြောသည်။

"ခင်ဗျားအတွက် ရှာမှရှားတဲ့သတို့သမီး ရှာထားတယ်။ သူမဆီမှာ ချွတ်ယွင်းချက်လေးတစ်ခုပဲ ရှိတယ်။ ခြေတစ်ချောင်းဟာ နောက်တစ်ချောင်းထက် တိုနေတယ်။ ဒါပဲ"

ကာလသားက ငြင်းသည်။

"ဟင့်အင်း. . . ဒီလိုမိန်းကလေးမျိုးကို ကျုပ်မကြိုက်ဘူး"

"နေပါဦး၊ အရင်မလိုပါနဲ့၊ ကျွန်တော်ရှင်းပြတာ နားထောင်ပါဦး။ ဆိုကြပါစို့. . . ခြေနှစ်ဖက်စလုံးကောင်းတဲ့အမျိုးသမီးကို လက်ထပ်လိုက်တယ်ဆိုပါစို့၊ ထူးခြားမယ် ခင်ဗျားထင်သလား။ လူ့ဘဝမှာ ရှေ့မှာ ဘာဖြစ်မလဲဆိုတာ ဘယ်သူမှမသိဘူး။ တစ်နေ့ ခင်ဗျား သူမနဲ့အတူ လမ်းလျှောက်သွားနေတုန်း ရုတ်တရက် သူလဲကျပြီး ခြေတစ်ဖက်ကျိုးသွားတယ်၊ ခင်ဗျား သူမကို ဆေးခန်းတွေဆီခေါ်သွားပြီး အမျိုးမျိုးကုတယ်. . . မပျောက်ဘူး။ နောက်ဆုံး ခွဲစိတ်ကုသတယ်၊ မရဘူး။ ခြေထောက်ဟာ ကောင်းမသွားဘူး၊ ထော့ကျိုး ထော့ကျိုးပဲ ဖြစ်နေတော့

တယ်။ ဒါ ဖြစ်တတ်တဲ့သဘောကိုပြောပြတာ။ အဲဒီလိုမျိုးများဖြစ်လာရင် အခုအမျိုးသမီးဟာ ခင်ဗျားအတွက် အဆင်သင့်ဖြစ်ပြီးသားပေါ့''

☺

## ၄၁။ အလားအလာ

ရထားတွဲပေါ်မှာ ဂျူးနှင့်အတူ ဗိုလ်ချုပ်ကြီးနှင့် ၎င်း၏ခွေး ပါလာသည်။ ဗိုလ်ချုပ်က သူ့ခွေးကိုအော်သည်။

''မိုရှေ! စကားနားထောင်စမ်း၊ လှဲနေစမ်း၊ မိုရှေ! ထစမ်း''

သခင်၏အမိန့်ကို ခွေး တစ်သဝေမတိမ်း နားထောင်သည်။

ဂုဏ်ယူသံနှင့် ဗိုလ်ချုပ်က ဂျူးကိုပြောသည်။

''ဘယ့်နှယ်လဲ၊ ကျုပ်ခွေး လိမ္မာတယ်မဟုတ်လား''

''အံ့ဩစရာကောင်းလှတယ်၊ ကျွန်တော်အမှန်အတိုင်းပြောရရင် ဗိုလ်ချုပ်ရဲ့ခွေးသာ ဂျူးမဖြစ်ခဲ့ရင် ဒီကောင် ဗိုလ်ချုပ်ကြီးဖြစ်နိုင်တယ် ဗျ''

☺

## ၄၂။ ခွင့်လွှတ်ပါ

'ဟိုင်မိုဗစ်ချ်'ကို ပါတီက ထုတ်ပယ်လိုက်သည်။ စိတ်ညစ်ညစ်နှင့်

အိပ်ရာထဲဝင်သည်။ ညတွင် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် အစွရေးတပ်သားများ အလုံးအရင်းနှင့် မော်စကိုထဲဝင်လာသည်ကို တွေ့ရသည်။ အစွရေးဝန်ကြီးချုပ်မှ ရင်ပြင်နီတွင် ရင်ကော့ပြီး လမ်းလျှောက်နေသည်ကို မြင်နေရသည်။ ဆိုဗီယက်ခေါင်းဆောင်များအားလုံး ယင်းဝန်ကြီးချုပ်ရှေ့တွင် ဒူးထောက်ကာ မိမိတို့အား ခွင့်လွှတ်ပါရန် အသနားခံနေကြသည်။

"ခွင့်မလွှတ်ဘူး"

ဝန်ကြီးချုပ် ဆက်ပြောသည်။

"ဟိုင်မိုဗစ်ချ်ကို ပါတီမှာ ပြန်လက်ခံမှ ခွင့်လွှတ်မယ်"

☺

## ၄၃။ ဘယ်သူလဲ

"အီဆတ်၊ မင်းမွေးနေ့ ဘယ်တော့လဲကွ"

"ဘာအတွက် မေးတာလဲ"

"မင်းကို ခန်းဆီးလက်ဆောင်ပေးမလို့၊ ဒါမှ ညနေတိုင်း အဝတ်အစားမကာပ်တဲ့ မင်းမိန်းမနောက် မင်း ပြေးလိုက်နေတာ မမြင်ရမှာလေ"

"အာဘာရမ်၊ မင်းမွေးနေ့ ဘယ်တော့လဲ"

"ဘာလို့မေးတာလဲ"

"မင်းကို အဝေးကြည့်မှန်ပြောင်း လက်ဆောင်ပေးမလို့"

**ရှေပဒေသာစာပေ**

"ဘာလုပ်ဖို့လဲ"

"အဲဒီမှန်ပြောင်းနဲ့ ငါ ဘယ်မိန်းမနောက်ကို လိုက်နေသလဲဆိုတာ မင်းမြင်သွားရအောင်ပေါ့"

☺

## ၄၄။ ရုပ်ဆိုးမ

"ရာဘိုင်၊ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ကျွန်မယောက်ျား ပြန်မလာဘဲ ပျောက်သွားပါတယ်။ ရာဘိုင် ဘယ်လိုထင်လဲ၊ သူပြန်လာမလား ဟင်"

"ဒီလိုခက်ခဲတဲ့မေးခွန်းကို ငါ ရာဘိုင်ချုပ်ကိုမေးမှဖြစ်မယ်။ မနက်ဖြန် ပြန်လာခဲ့"

မနက်ဖြန် ရောက်လာသည်။

"ရာဘိုင်၊ ရာဘိုင်ချုပ် ဘာပြောသလဲဟင်"

"မင်းယောက်ျား ပြန်လာတာကို သူမြင်တယ်လို့ပြောတယ်။ အေး! ငါကတော့ နင့်ယောက်ျား ပြန်လာမှာမဟုတ်ဘူးလို့ အသေအချာပြောရဲတယ်"

"ဘာဖြစ်လို့လဲဟင်"

"ဘာကြောင့်လဲဆို နင့်ကို ရာဘိုင်ချုပ် မမြင်လိုက်ဘူး"

☺

**ရွှေပဒေသာစာပေ**

## ၄၅။ မညာနဲ့

အာဘရမ်နဲ့ ဆာရာတို့ ဆုံကြသည်။ ဆာရာက ပြောသည်။

"အာဘရမ်၊ နင့်ကိုယ်ပေါ်မှာ ယင်ကောင် နားနေတယ်"

"ဘာလဲ၊ ငါ့ကိုယ်က အီအီးစော်နံနေတယ်လို့ နင်ပြောချင်တာလား"

"ယင်ကောင်ကို ညာလို့မရဘူးလေ"

☺

## ၄၆။ ဝါရင့်ဆရာဝန်

ဝါရင့်အထွေထွေရောဂါကုဆရာဝန်ကြီး 'ဟိုင်မိုဗစ်ချ်'ထံ လူနာရောက်လာသည်။

"ဒေါက်တာ. . . ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်။ ကျွန်တော့်ကို သေသေချာချာစစ်ပေးပါ၊ ပြီးတော့ ဘာရောဂါလဲဆိုတာ ဖော်ထုတ်ပေးပါခင်ဗျာ"

"ဘာထူးထူးခြားခြားဖော်ထုတ်နေစရာလိုလဲ၊ ဒီအတိုင်းလည်း မြင်နေရတာပဲ။ သတိမေ့တဲ့ရောဂါနဲ့ ဆီးချိုရောဂါလေ။ ရှင်းနေတာပဲ"

"ဘုရား! ဘုရား! ဒေါက်တာ ဘယ်လိုလုပ်သိသလဲခင်ဗျာ"

"လွယ်လွယ်လေး၊ ခင်ဗျားရဲ့ဘောင်းဘီဇစ်ပြုတ်နေတာကိုကြည့်

ပြီး သတိမေ့တဲ့ရောဂါဆိုတာ ချက်ချင်းခန့်မှန်းလို့ရတယ်။ ပြီးတော့ ဖစ်ပြုတ်နေတဲ့ဘောင်းဘီဘေးမှာ ပျားတွေအုံနေတယ်။ ဆီးချိုရှိလို့ ပျားတွေ အုံနေတာပေါ့ဗျာ''

## ၄၇။ မတရားဘူး

''အာဘာရမ်၊ ဘယ့်နှယ်လဲ၊ ဘဝအခြေအနေ အဆင်ပြေရဲ့လား''

''မပြေဘူး. . . ဆိုးတယ်''

''ဘာဖြစ်လို့ မပြေတာတုန်း''

''ငါ့မိန်းမ အင်္ဂလိပ်လော့ဒ်နဲ့ ဖောက်ပြားနေတယ်''

''ဟော! ဒါတော့ ဆိုးတာပေါ့''

''တစ်ခုတော့ရှိတယ်၊ လော့ဒ်ရဲ့မိန်းမ ငါနဲ့ဖောက်ပြားနေတယ်''

''ဟော! ဟုတ်လား၊ ဒါကောင်းတာပေါ့''

''ကောင်းတယ်ဟုတ်လား၊ ငါ့ဆီမှာ သူ့ကလေးနှစ်ယောက်တောင် ရှိနေပြီ''

''အေး. . . ဒါတော့ဆိုးတယ်''

''တစ်ဖက်ကပြောပြန်ရင်လည်း သူ့မိန်းမမှာ ငါနဲ့ရတဲ့ကလေးနှစ်ယောက်ရှိနေပြီ''

''ဟာ. . . အဲဒါဆိုရင် မင်းတို့နှစ်ယောက် 'ဘဲစားဘဲချေ'ပေါ့''

**ရွှေပဒေသာစာပေ**

"ဘယ်လိုလုပ် 'ဘဲစားဘဲချေ' ဖြစ်နိုင်မလဲ၊ ငါ့ဆီကမွေးတော့ လော့ဒ်ကလေးတွေဖြစ်တယ်။ သူ့ဆီကမွေးတော့ ဂျူးကလေးတွေပဲ ဖြစ်တာကလားကွာ"

☺

## ၄၈။ ဒါကြောင့်

"ဆာရာ၊ နင့်ရည်းစားလာတိုင်း နင်မျက်မှန်ချွတ်တယ်။ ဘာဖြစ်လို့လဲ"

"မျက်မှန်မပါရင် ငါ့ရုပ်ပိုချောတယ်။ သူလဲ ပိုချောလာတယ်။ ဒါကြောင့်"

☺

## ၄၉။ ရေပုံး

အာဘရမ်၏ခြံထဲသို့ အိမ်နီးချင်းဝင်လာပြီး ပြောသည်။

"အာဘရမ်၊ မင်း ငါ့ဆီက ရေပုံးယူသွားတယ်။ ပြန်ပေးတော့ အပေါက်နဲ့ပါလား"

"ပထမအချက်၊ အီဆတ်၊ ငါအပေါက်ပါတဲ့ပုံးကို ယူသွားတယ်။ နှစ်အချက်၊ ငါ မင်းကို အပေါက်မပါတဲ့ပုံးကို ပြန်ပေးလိုက်တယ်။

သုံးအချက်၊ မင်းဆီက ငါ ဘာပုံးမှမယူခဲ့ဘူး''

☺

## ၅၀။ အကြိုက်ဆုံး

အာဘာရမ် အိမ်ပြန်လာသည်။ ၄င်းနှင့်အတူ စက်ဘီးတစ်စီး ပါလာသည်။ မိန်းမဖြစ်သူ အံ့ဩတကြီးမေးသည်။

''ရှင် ဘယ်ကယူလာတာလဲ''

''မင်းသူငယ်ချင်းမ ဆာရာကို ငါ လမ်းမှာဆုံတယ်၊ ဒင်း သူ့အိမ်ကိုလိုက်ခဲ့ဖို့ခေါ်တာနဲ့ လိုက်သွားတယ်။ အဲဒီမှာ သူ ညစာကျွေးတယ်၊ အဲဒီနောက် ငါ့ပေါင်ပေါ် သူတက်ထိုင်ပြီး 'အာဘာရမ်၊ ငါ့ဆီက ကြိုက်တာယူ'လို့ပြောတယ်။ ငါ ပတ်ပတ်လည်ကိုကြည့်တယ်၊ အဲ! စက်ဘီးကိုတွေ့တာနဲ့ပဲ''

☺

## ၅၁။ အမေတို့ကိုသနားပါ သားရယ်

ဆိုရှယ်လစ်တော်လှန်ရေးမတိုင်မီက ရုရှားပြည်တွင် ပြည်တွင်းစစ်ဖြစ်ခဲ့သည်။

ရှေ့တန်းမှ စာ. . .

**ရွှေပဒေသာစာပေ**

"မေမေ၊ ဖေဖေတို့ခင်ဗျာ၊ ကျွန်တော်နေကောင်းပါသည်။ ဗိုလ်ချုပ်ကြီး ဘူဒ္ဒါန်းနော့၏မြင်းတပ်တွင် အမှုထမ်းရပါသည်။ မြင်းတစ်ကောင်ဝယ်နိုင်ဖို့ ပိုက်ဆံပို့စေလိုပါသည်။ ဒီမှာ တပ်သားတိုင်း ကိုယ်ပိုင်မြင်းရှိကြပါသည်"

ရှေ့တန်းသို့ပြန်စာ. . .

"သားရဲ့စာကို အဖေတို့မရဘူးကွယ်၊ အဲဒါကြောင့် ပိုက်ဆံမပို့ဖြစ်လိုက်ဘူး။ ဒါနဲ့ ရေတပ်မှာ အမှုမထမ်းဖို့သတိထားနော်။ နို့မဟုတ်ရင် မင်းအတွက် ရေငုပ်သင်္ဘောဝယ်ပေးနေရဦးမယ်"

☺

## ၅၂။ အမြဲတမ်းမဟုတ်

ဂျူးတစ်ယောက် ရာဘိုင်ထံရောက်လာသည်။

"ရာဘိုင်၊ ကျွန်တော့်ဘဝမှာ ဘာမှအဆင်မပြေဘူးဗျာ၊ ပိုက်ဆံမရှိဘူး၊ မိန်းမက လင်ငယ်နေတယ်၊ သားသမီးတွေ ကျွန်တော့်စကားကို နားမထောင်ကြတော့ဘူး။ သူငယ်ချင်းတွေ သစ္စာဖောက်ကြတယ်။ ကျွန်တော် ဘာလုပ်ရမလဲဗျဟင်"

ရာဘိုင်က ပြောသည်။

"စာရွက်တစ်ရွက်ယူ၊ အဲဒီအပေါ်မှာ 'ဒီအတိုင်း အမြဲတမ်းဖြစ်မည်မဟုတ်'လို့ရေးပြီး နံရံမှာ ချိတ်ထားလိုက်"

ရွှေပဒေသာစာပေ




တစ်ပတ်အကြာမှာ ဂျူး ဝမ်းသာအားရပြေးလာပြီး ရာဘိုင်ကိုအော်ပြောသည်။

"ရာဘိုင်၊ ရာဘိုင်ပြောတာမှန်တယ်။ ကျွန်တော့်ဘဝ လုံးဝပျက်ကျသွားပြီ။ ရာဘိုင့်ကို ကျွန်တော် ဘယ်လိုကျေးဇူးဆပ်ရမလဲဟင်"

"စာရွက်ကိုမဖြုတ်လိုက်နဲ့" လို့ ရာဘိုင်ပြောလိုက်သည်။

☺

## ၅၃။ ဓာတ်လာစေချင်တယ်

အိုမင်းနာမကျန်းဖြစ်နေသော 'ဘရုကလင်'မှ ဂျူးအဘွားကြီး သေတမ်းစာရေးရန်ပြင်သည်။ မရေးခင် ရာဘိုင်နှင့်တိုင်ပင်သည်။

## ရှေ့ပဒေသာစာပေ

''ရာဘိုင်၊ ကျွန်မသေပြီးတဲ့နောက် ကျွန်မသမီးတွေကို ရာဘိုင်အသိပေးစေချင်တာ နှစ်ခုပဲရှိပါတယ်။ ကျွန်မကို မီးသင်္ဂြိုလ်ပေးပါ၊ ဒါ ပထမဆန္ဒ။ ကျွန်မရဲ့ပြာတွေကို ဈေးဝယ်စင်တာပေါ်မှာ ပြန့်ကျဲစေချင်တယ်၊ အဲဒါ ဒုတိယဆန္ဒပါ''

''နေပါဦး. . . ဘာဖြစ်လို့ ဈေးကြီးပေါ် ဖြန့်ခိုင်းတာလဲ''

''ကျွန်မသမီးတွေ တစ်ပတ်မှာနှစ်ကြိမ် ကျွန်မဆီအလည်လာကြမယ်ဆိုတာ သေချာချင်လို့''

☺

## ၅၄။ မှားယွင်းမှု

တိုက်တစ်တိုက်တည်းက မျက်နှာချင်းဆိုင်အခန်းများတွင် နာမည်တူနှစ်ယောက် နေကြသည်။ နှစ်ယောက်စလုံး 'စူကာမန်'ဖြစ်သည်။ တစ်နေ့တွင် 'စူကာမန်'တစ်ယောက် ကွယ်လွန်သွားသည်။ နောက် 'စူကာမန်' အစ္စရေးသို့ အပြီးအပိုင်ထွက်သွားသည်။

အစ္စရေးသို့ထွက်သွားသော 'စူကာမန်'အတွက် ကြေးနန်းစာသည် မှားယွင်းပြီး ကွယ်လွန်သူ 'စူကာမန်'၏ဇနီးထံ ရောက်လာသည်။ ကြေးနန်းစာကို သူမ ချက်ချင်းဖွင့်ဖတ်သည်။ သတိလစ်ပြီး မှဆိုးမဘိုင်းခနဲလဲကျသွားသည်။

ကြေးနန်းစာမှာ ဤသို့ဖြစ်သည်။

**ရွှေပဒေသာစာပေ**

"နေရာကိုရောက်ပြီ၊ ပူလိုက်တာ ငရဲကျနေတာပဲ"

☺

## ၅၅။ တိတ်တိတ်နေ

ဂျူးတွေ၏စကားဝိုင်းတွင်ဖြစ်သည်။

"လက်ဖ် အာဘရမ်မိုဗစ်ချ်၊ ဘာဖြစ်လို့ တိတ်နေတာလဲ။ ကိုယ့်အမြင်ကိုပြောမှပေါ့"

"မပြောပါရစေနဲ့ဗျာ၊ မိုက်မဲတာတစ်ခုခုပြောမိရင် ခင်ဗျားတို့ စိတ်ခုမှာစိုးတယ်"

"အဲဒါဆို ကျုပ်တို့ဉာဏ်မမီတဲ့အကြောင်း တစ်ခုခုပြောဗျာ"

"မဖြစ်ပါဘူးဗျာ၊ အဲဒီအခါကျ ခင်ဗျားတို့ ကျုပ်ကို ဝိုင်းမုန်းကြမယ်"

☺

## ၅၆။ မသေချာဘူး

အိမ်ခံနှင့် နယ်မှလာသောဂျူးတို့ 'အမည်မသိဂျူးစစ်သားသို့'ဟု စာထွင်းထားသည့် အုတ်ဂူရှေ့တွင် ရပ်နေကြသည်။ နယ်ကလာသည့်ဂျူး မကျေချမ်းနိုင်သည့်အသံဖြင့် ပြောသည်။

ရွှေပဒေသာစာပေ

"ဘယ်သူ့ကိုမြှုပ်ထားသလဲဆိုတာ ဘယ်လိုမှမသိနိုင်တာ ဆိုးတယ်"

"သိနိုင်ပါတယ်၊ ဒီမှာ 'ဟိုင်ရာဘင်နိုဗစ်ချ်'ကို မြှုပ်ထားကြောင်း အားလုံးသိကြပါတယ်"

"ဒါဖြင့်ရင် 'အမည်မသိစစ်သား'လို့ ဘာဆိုင်လို့ ရေးရတာလဲ"

"ဟိုင်ရာဘင်နိုဗစ်ချ် စစ်သားဖြစ်ခဲ့သလားဆိုတာ ဘယ်သူမှအသေအချာမသိလို့ပေါ့"

☺

## ၅၇။ ကြောက်ပါပြီဗျ

"ရာဘိုင်၊ ကျွန်တော့်သား အင်မတန်ဆိုးတယ်။ ဘယ်သူ့စကားကိုမှ နားမထောင်ဘူး။ ဘယ်သူ့ကိုမှလည်း မကြောက်ဘူး။ သူလိမ္မာလာအောင် ကူညီဆုံးမပေးပါ"

ရာဘိုင်စဉ်းစားပြီး လူငယ်ကို သုံးရက်ကြာ လက်ခံဖို့ သဘောတူလိုက်သည်။ သို့သော် ပထမနေ့မှာပင် 'ခင်ဗျားသားလူဆိုးကို ပြန်ယူဗျာ'ဟုဆိုကာ သူ့အဖေလက်ထဲ ပြန်အပ်လိုက်သည်။ သည်တော့ ချာတိတ်ကို ရွာသူကြီးဆီ အဖေဖြစ်သူ ခေါ်သွားသည်။ သို့သော် ယခင်ကအတိုင်းဖြစ်သည်။ သူကြီးအိမ်မှာ လူဆိုးကလေး တစ်ရက်ပင်မကြာချေ။

နောက်ဆုံး ကြံရာမရသည်နှင့် ချာတိတ်ကို ခရာဇ်ယာန်ဘုန်းကြီး ဆီ သွားအပ်သည်။ ချာတိတ်သည် ညနေလည်းပြန်မလာ၊ နောက်သုံး ရက်ကြာလည်း ပြန်မလာချေ။ တစ်ပတ်ကြာတော့ အဖေဖြစ်သူ ဘုန်း ကြီးကျောင်းကို လိုက်လာသည်။

သူ့သားသည် ဘုရားရှိခိုးအမျိုးမျိုးကို တတ်နေပြီ။ တရားပွဲတိုင်း ကိုသွားသည်။ အားလုံးကိုဦးညွတ်သည်။ ဘုရားကျောင်း၏သန့်ရှင်း ရေးကို အားတိုက်ခွန်စိုက်လုပ်သည်။ တကယ့်ဘုရားသားတော်ပုံမျိုး ပြုမူကျင့်ကြံနေသည်။ ဒါတွေကိုကြည့်ပြီး တအံ့တဩနဲ့ အဖေက မေး သည်။

"သားရယ်. . . မင်းကိုဘယ်လိုလုပ်လိုက်ကြတာလဲကွယ်။ မင်းကို သူတို့ရိုက်သလား၊ သူတို့ မင်းကိုဘာနဲ့ခြိမ်းခြောက်လို့ မင်း ဒီလောက် ကြောက်သွားရသလဲ"

"အဖေကလည်း ဘယ်သူမှမရိုက်ပါဘူး။ ကျွန်တော် ဘုရားကျောင်း ထဲဝင်တော့ ကျွန်တော့်တို့လူကို သူတို့ ကားစင်မှာ တင်ထားတာတွေ့ လိုက်ရတယ်။ ဒီမှာတင် သူတို့ မကျီစားဘူးဆိုတာ ကျွန်တော် သဘော ပေါက်လိုက်တယ်"

☺

ရွှေပဒေသာစာပေ

## ၅၈။ ကြော်ငြာကောင်းဖို့လိုတယ်

ရာဘင်နီဖစ်ချ်သည် အသက်အရွယ်ရလာသဖြင့် ပင်စင်ယူပြီး အေးအေးဆေးဆေးနေချင်စိတ် ပေါ်လာသည်။ သို့နှင့် ပင်စင်ယူပြီး သူ၏သားသုံးယောက်လက်ထဲသို့ သူ့လုပ်ငန်း(သံထုတ်လုပ်ရေး)ကို လွှဲပြောင်းပေးလိုက်သည်။ ကိုယ့်လက်ကိုယ့်ခြေဖြစ်သည်နှင့် လုပ်ငန်းဝင်ငွေတိုးတက်ဖို့အတွက် ကြော်ငြာကိုမြှင့်လိုက်ဖို့ သားတွေဆုံးဖြတ်လိုက်သည်။

တစ်ပတ်ပဲကြာသေးသည်။ တနင်္ဂနွေနေ့သို့ရောက်သောအခါ ထုံးစံအတိုင်း ရာဘင်နီဖစ်ချ် မြို့ပြင်ဘက် ကားမောင်းထွက်သည်။ ရုတ်တရက် ထူးဆန်းသည့်ကြော်ငြာဆိုင်းဘုတ်ကို လှမ်းမြင်သည်။ ဆိုင်းဘုတ်တွင် လက်ဝါးကပ်တိုင်ပေါ်က ယေရှုခရစ်ပုံကို ဖော်ပြထားပြီး အောက်ဘက်တွင် စာရေးထားသည်။ 'အာမခံနဲ့ရောင်းတဲ့ ရာဘင်နီဖစ်ချ်ရဲ့သံချောင်းများကို အသုံးပြုပါ'တဲ့။

ရာဘင်နီဖစ်ချ်၊ သားတွေနဲ့ ချက်ချင်းသွားတွေ့သည်။ ဒီလိုကြော်ငြာမျိုး အန္တရာယ်များလှကြောင်း သားတွေကို သူရှင်းပြသည်။ ကုမ္ပဏီပါ ပျက်သွားနိုင်ကြောင်း နားပေါက်အောင် ပြောပြသည်။ အဖေ့စကားကို သားတွေလက်ခံသည်။ သို့နှင့် အဖေတွေ့ခဲ့သည့်ကြော်ငြာကို ရပ်လိုက်ရန် သဘောတူလိုက်ကြသည်။

တနင်္ဂနွေတစ်ပတ် ကြာသွားသည်။ အဘိုးကြီးရာဘင်နီဖစ်ချ် ထုံးစံအတိုင်း လေကောင်းလေသန့်ရှူရန် မြို့စွန်ဘက် ကားမောင်းထွက်

သည်။ အရင်တစ်ပတ်ကလိုပဲ ကြော်ငြာဆန်းတစ်ခုကို လှမ်းမြင်သည်။ အရင်က ဆိုင်းဘုတ်ပဲ၊ အရင်က လက်ဝါးကပ်တိုင်ပဲ။ ဒါပေမဲ့ လူမရှိ။ ယေရှုခရစ်သည် ကြော်ငြာဆိုင်းဘုတ်အောက်မှာ ရောက်နေသည်။ ကြော်ငြာစာတွေက တစ်မျိုး။

''နောက်တစ်ခါကျရင် ရာဘင်နိုဗစ်ချ်ရဲ့သံချောင်းကို ပြောင်းသုံးပါ' တဲ့။

☺

## ၅၉။ ဂျူးလူလည်

ဂျော်ဂျီယာမြို့တော် 'တဘီလီစီ' မှထွက်လာသောရထားပေါ်တွင် ဂျော်ဂျီယာသား ငါးယောက်၊ ဂျူးငါးယောက် လိုက်ပါလာကြသည်။ ဂျော်ဂျီယာသား ငါးယောက်က လက်မှတ်ငါးစောင်ဝယ်သည်။ ဂျူးငါး ယောက်က လက်မှတ်တစ်စောင်ပဲဝယ်သည်။

လက်မှတ်စစ် တက်လာသည်။

ဂျော်ဂျီယာသားတွေ သူတို့ဝယ်ထားတဲ့လက်မှတ်တွေကိုပြသည်။ လက်မှတ်စစ်သတိမထားမိခင် ဂျူးတွေ အိမ်သာထဲပြေးဝင်ပြီး အထဲက တံခါးကိုပိတ်လိုက်ကြသည်။

လက်မှတ်စစ် တံခါးခေါက်သည်။ အိမ်သာတံခါး အနည်းငယ်ပွင့် လာပြီး လက်မှတ်ကိုင်ထားသောလက် ထွက်လာသည်။

"ရပါပြီ၊ ကျေးဇူးပါ"လို့ပြောပြီး လက်မှတ်စစ် ထွက်သွားသည်။ လမ်းဆုံတစ်နေရာတွင် ရထားပြောင်းစီးကြရသည်။ ဂျော်ဂျီယာသား တွေ လက်မှတ်တစ်စောင်တည်းဝယ်သည်။ ဂျူးတွေ တစ်စောင်မှမဝယ်။ ရထားထွက်သည်။ မကြာမီ လက်မှတ်စစ်တက်လာသည်။ ဂျော်ဂျီယာ သားတွေ အိမ်သာဘက်ပြေးပြီး အထဲမှာပိတ်နေလိုက်ကြသည်။ ဂျူး တွေ သူတို့နောက်ပြေးလိုက်ပြီး အိမ်သာတံခါးကိုခေါက်သည်။

လက်မှတ်စစ်လေသံနှင့် 'လက်မှတ်ပြပါ'ဟုပြောသည်။

လက်မှတ်ကိုင်ထားသောလက် ထွက်လာသည်။ ယင်းလက်မှတ် ကို ဂျူးတွေယူပြေးပြီး ရထားတွဲ၏ဆန့်ကျင်ဘက်အစွန်းက အိမ်သာထဲ ဝင်ပုန်းနေလိုက်ကြသည်။

☺

## ၆၀။ ရှိတော့ရှိတယ်

ဂျူးတစ်ယောက်က နောက်တစ်ယောက်ကိုမေးသည်။

"ရိုးသားတဲ့ငွေစာရင်းကိုင်ကောင်းတစ်ယောက်လောက် မင်းရဲ့အသိ ထဲမှာ မရှိဘူးလား"

"တစ်ယောက်တော့ရှိတယ်၊ ဒါပေမဲ့ နောက်တစ်နှစ်ကြာမှ ထောင် ကလွတ်မယ်'

☺

**ရွှေပဒေသာစာပေ**

## ၆၁။ ကိုယ်တိုင်သွားပါလား

ဂျူးသင်္ချိုင်းတွင်ဖြစ်သည်။ သေသွားသောကလေးကို အမေဖြစ်သူ မြေမြှုပ်နေသည်။

"ဆာရာအိမ်ထောင်ကျအောင် ဘုရားသခင်ကိုဆုတောင်းပါ သားလေး။ ပြီးတော့ ဦးလေး'ဟိုင်း'နေကောင်းလာဖို့လည်း သူ့ဆီမှာ ဆုတောင်းပါ။ ပြီးတော့ 'နာတမ်း'ကို စစ်မှုမထမ်းခိုင်းရအောင်လည်း ဆုတောင်းပေးပါ သားလေးရယ်"

အနားမှာရှိနေသော ကျင်းတူးသမား နားကြားပြင်းကပ်လာသည်နှင့်ပြောသည်။

"ဒီမှာအဒေါ်ကြီး၊ ဘုရားသခင်ထံက တောင်းခံစရာ ဒီလောက်များနေရင် ကိုယ်တိုင်သွားပါလား။ ဘာဖြစ်လို့ မသိတတ်သေးတဲ့ကလေးကို လွှတ်ရတာလဲ"

☺

## ၆၂။ ကျေကြပါတော့

ခုံတန်းတစ်ခုတည်းတွင် နေရာကိုယ်စီရပြီး အာရပ်နှစ်ဦးနှင့် ဂျူးတစ်ယောက် ခရီးထွက်လာကြသည်။ အာရပ်တွေ ပြတင်းပေါက်ဘက်မှာ ထိုင်နေကြသည်။ ဂျူးက အစွန်မှာထိုင်သည်။

**ရွှေပဒေသာစာပေ**

အာရပ်က ဂျူးကိုပြောသည်။

''ကျွန်တော့်ကိုလမ်းဖယ်ပေးပါ၊ ကျွန်တော် လက်ဖက်ရည်သွား သောက်မလို့''

ဂျူးက ပြောသည်။

''အပင်ပန်းမခံပါနဲ့၊ ကျွန်တော် သွားယူပေးပါ့မယ်''

သို့ပြောပြီး နေရာက ထသွားသည်။ ဤတွင် အာရပ်တစ်ယောက် က နောက်တစ်ယောက်ကိုပြောသည်။

''တွေ့လား. . . ဒီကောင် ဖိနပ်ချွတ်သွားတယ်၊ ဖိနပ်ထဲ တံတွေး ထွေးချလိုက်ကြရအောင်''

ထွေးလိုက်ကြသည်။ ဂျူးပြန်ရောက်လာသည်။ အာရပ်တို့အတွက် လက်ဖက်ရည်နှစ်ခွက် ယူလာသည်။ လေယာဉ်ပျံ ဆက်ပျံနေသည်။ နောက်ဆုံး ဆင်းရမည့်လေဆိပ်မှာ လေယာဉ်ထိုးဆိုက်လိုက်သည်။ သူ့ဖိနပ်ကို ဂျူးစီးလိုက်သည်။ သက်ပြင်းချပြီးပြောသည်။

''အဓိပ္ပာယ်မရှိတဲ့ ဒီအမုန်းတရား ဘယ်တော့များမှ အဆုံးသတ် ပါမလဲမသိဘူး။ ကျွန်တော့်ဖိနပ်ထဲ ခင်ဗျားတို့ တံတွေးထွေးထည့်တယ်၊ ကျွန်တော်က ခင်ဗျားတို့လက်ဖက်ရည်ခွက်ထဲ ရှူရှူပေါက်ချတယ်။ ကောင်းရော''

☺

## ၆၃။ နာမည်ပြောင်းမိလို့

ဂျူးစာသင်ကျောင်းသို့ အာရပ်ချာတိတ်တစ်ယောက် ရောက်လာသည်။ ဆရာမက မေးသည်။

"ချာတိတ်၊ မင်းနာမည် ဘယ်လိုခေါ်လဲ"

"မိုဟာမက်ပါ"

ဆရာမဖြစ်သူ မမျှော်လင့်တာကြားသဖြင့် အရမ်းအံ့သြသွားသည်။

"ဟဲ့! ဒီကျောင်းက ဂျူးကလေးတွေပဲ တက်တဲ့ဂျူးကျောင်း။ ဒီနာမည်နဲ့ဆို မင်းကိုဝိုင်းထိုးကြမှာပေါ့။ မိုရှေလို့နာမည်ပြောင်းလိုက်"

"ကောင်းပါပြီ"

ကျောင်းမှအိမ်သို့ပြန်ရောက်သည့်အခါ အဖေဖြစ်သူပြောသည်။

"မိုဟာမက် ရေယူခဲ့စမ်းပါ"

ချာတိတ် ပြန်မထူး။ အဖေဖြစ်သူ နောက်ထပ်ပြောသည်။ ဒီတစ်ခါလည်း သားက တုပ်တုပ်မှမလှုပ်။ ကလေးဘာဖြစ်ပါလိမ့်ဆိုသည်ကို သိချင်သည်နှင့် အဖေက မေးသည်။

"ဟေ့! ဘာဖြစ်နေတာလဲကွ"

"ကျွန်တော့်နာမည် မိုရှေလို့ခေါ်ပါတယ်"

ဒီအဖြေကိုကြားတော့ အဖေရောအမေပါ သားဖြစ်သူကို ကောင်းကောင်းဆုံးမလိုက်ကြသည်။ နောက်နေ့ ၄င်း ကျောင်းသို့ရောက်လာသောအခါ မျက်နှာတစ်ခုလုံး ညိုမည်းနေသည်ကိုကြည့်ပြီး ဆရာမက

မေးသည်။

"မိုရှေ့. . . မင်းဘယ်လိုဖြစ်လာတာလဲ"

"မနေ့က အိမ်ရောက်တော့ အာရပ်နှစ်ယောက်ရဲ့အရိုက်ကို ခံလိုက်ရတယ်"

☺

## ၆၄။ အကောင်းဆုံးညစာ

ဆောင်းတစ်ရက်တွင် မုဆိုးကြောင့် ဝက်ဝံကြီး နိုးသွားသည်။ ပါလာသောသေနတ်နှင့်ပစ်သည်။ ကျည်အ သွားသည်။ သို့နှင့် ရှိသမျှအားနှင့် မုဆိုးကြီး ခြေဦးတည့်ရာ ပြေးသည်။ ဒေါသထွက်နေသော ဝက်ဝံက သူ့နောက်က ထပ်ချပ်မကွာလိုက်သည်။ ဝက်ဝံကြီး မကြာမီ သူ့ကိုမီတော့မည်။ ဝက်ဝံကြီး၏အစာဖြစ်တော့မည်ကို မုဆိုးသိသည်။ ဘာကြောင့်မှန်းမသိ တစ်သက်လုံး ဘုရားမဲ့ဝါဒီဖြစ်ခဲ့သူသည် ဘုရားသခင်ကို ရုတ်တရက်သတိရလိုက်သည်။ သို့နှင့် ဘုရားသခင်ကို တိုင်တည်သည်။

"အရှင်ဘုရား၊ တပည့်တော်ဟာ တစ်သက်လုံး ဘုရားကို မယုံခဲ့ပါဘူး. . . သို့သော်လည်း ဘာပဲဖြစ်ဖြစ် အကျူအညီတောင်းပါရစေ၊ ကျွန်တော့်ကိုမဟုတ်တောင် ဝက်ဝံကို ခရာဇ်ယာန်ဘာသာဝင်ဖြစ်အောင် လုပ်ပေးပါဘုရား"

**ရွှေပဒေသာစာပေ**

ရုတ်တရက် ဝက်ဝံကြီး အပြေးရပ်လိုက်သည်။ ဘုရားကိုဦးညွှတ်သည့်သဘောဖြင့် လက်နှစ်ဖက်ကို မြေပေါ်ချလိုက်ပြီး ကောင်းကင်ကို မော်ကြည့်သည်။

"အကောင်းဆုံးညစာကို ဒီကနေ့ ပို့လိုက်တဲ့အတွက် အရှင်ဘုရားရဲ့ဂုဏ်ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးဘုရား"

☺

## ၆၅။ ရေသောက်ချင်တယ်



သဲကန္တာရထဲမှာ အာရပ်တစ်ယောက် လမ်းလျှောက်လာသည်။ လူကိုကြည့်ရသည်မှာ အလွန်ပင်ပန်းနွမ်းနယ်နေသည့်ပုံဖြစ်သည်။ လဲမကျရအောင် ကြိုးစားလျှောက်နေရကြောင်း ခန့်မှန်းလို့ရနေသည်။ ခက်

ခက်ခဲခဲလျှောက်ရင်း မမျှော်လင့်ဘဲ ဆိုင်ကလေးတစ်ဆိုင်ကို သူတွေ့သည်။

အထဲမှာ ဈေးရောင်းသူ။ အထဲကလူကို သူ အသနားခံသည်။

"မိတ်ဆွေဟာ စိတ်ကောင်းရှိမယ်လို့ ယုံကြည်ပါတယ်၊ ကျွန်တော့်ကို ရေတိုက်ပါလားခင်ဗျာ"

"ရေမရှိဘူး၊ လိုချင်ရင်တော့ အင်မတန်လှတဲ့ နက်(ခ)တိုင်(လည်စည်း)ရောင်းမယ်"

"လည်စည်းကို ကျုပ် သဲကန္တာရမှာ ဘာလုပ်ရမှာလဲ။ ရေသာပေးပါ"

"ကျုပ်ဆီမှာ ရေမရှိဘူး၊ ဒီကနေ နောက်တစ်ကီလိုမီတာလောက် ဆက်လျှောက်လိုက်။ အဲဒီမှာ ကျုပ်အစ်ကိုရဲ့စားသောက်ဆိုင်ရှိတယ်။ သူ ခင်ဗျားကို ရေတိုက်ပါလိမ့်မယ်"

နောက်တစ်နာရီလောက်ကြာသောအခါ စောစောက အာရပ်ကို လျှာထွက်ပြီး ပြန်လာသည်ကိုတွေ့ရသည်။

"ဟော့! မင်းလည်စည်း ငါ့ကိုပေး၊ ငါဝယ်မယ်"

"ဘယ်လိုဖြစ်လို့လဲဗျ"

"မင်းအစ်ကိုက လည်စည်းမပါဘဲ ဆိုင်ထဲပေးမဝင်ဘူးကွ"

☺

## ၆၆။ တရုတ်လား

ရာဘင်နိုဗစ်ချ်နှင့် တရုတ် ရထားစီးလာကြသည်။ ရာဘင်နိုဗစ်ချ်က မေးသည်။

''ခင်ဗျား ဂျူးလားဟင်''

''မဟုတ်ပါဘူး၊ တရုတ်လူမျိုးပါ''

''ခင်ဗျား တရုတ်ဆိုတာ ကျုပ်မယုံဘူး။ ဘာလဲ. . . ဂျူးဖြစ်ကြောင်း ဝန်ခံရတာ ခင်ဗျားရှက်နေသလား''

''ခက်ပါလား၊ ကျုပ် ဂျူးမဟုတ်ဘူး။ တရုတ်မှတရုတ်အစစ်ဗျ''

အချီအချဖြစ်နေကြတာ ၂–နာရီကျော်ကြာသွားသည်။ နောက်ဆုံး ကိုထောင်ကဲ သည်းမခံနိုင်တော့သည်နှင့် အော်ပြောသည်။

''ဟုတ်တယ်၊ ကျုပ်. . . ဂျူး။ ကိုင်း! ကျုပ်ကိုအနှောင့်အယှက် မပေးနဲ့တော့''

''ကျွန်တော်မပြောဘူးလား၊ ခင်ဗျား ဂျူးပါလို့။ ဒါနဲ့ ခင်ဗျားဟာ တအား တရုတ်နဲ့တူတယ်လို့ ဘယ်သူမှမပြောကြဘူးလားဟင်''

☺

## ၆၇။ မတွေ့သွားလို့

''လွန်ခဲ့တဲ့ရက်အနည်းငယ်က မင်းအိမ်ရှေ့မှာ မင်းကို လူဆိုးတွေ

လုသွားကြတယ်လို့ ကြားတယ်''

''ဟုတ်တယ်၊ ပိုက်ဆံအိတ်နဲ့နာရီကို ယူသွားကြတယ်''

''ဒါနဲ့ မင်းဘယ်သွားသွား. . . ပစ္စတိုဆောင်သွားတယ်ဆို''

''ဟုတ်တယ်၊ ဆောင်သွားတယ်။ ဒါပေမဲ့ ဒီကောင်တွေ တွေ့မသွားဘူး''

☺

## ၆၈။ ပိုက်ဆံအပြည့်ထည့်ပေးလိုက်တယ်

တစ်နေ့မှာ ခရာဖ်ယာန်ဘုန်းကြီး၊ မူလာ(အစ္စလာမ်)နှင့် ရာဘိုင်တို့ နေ့လယ်စာအတူစားဖို့ ဆုံးဖြတ်လိုက်ကြသည်။ ဝိုင်အရက်သောက်ရင်း စကားစမြည်ပြောနေကြသည်။

ခရာဖ်ယာန်ဘုန်းကြီးက ပြောပြသည်။ တစ်နေ့တွင် ဘုရားကျောင်းမှာ ဝတ်လာပြုနေကျတစ်ဦးက သူသေခဲ့သော် အခေါင်းထဲသို့ ဒေါ်လာတစ်ထောင်(နောင်ဘဝမှာ အသုံးလိုက သုံးနိုင်ရန်)ထည့်ပေးရန် မေတ္တာရပ်ခံလာကြောင်း၊ သို့သော် ဘုရားကျောင်းမှာလည်း အသုံးစရိတ်ရှိသည်ဖြစ်၍ ဒေါ်လာတစ်ရာကို မိမိယူလိုက်ပြီး၊ ကျန် ၉၀၀-ကိုသာ အခေါင်းထဲထည့်ပေးလိုက်ကြောင်း ပြောပြသည်။ အလားတူအဖြစ်မျိုးနှင့်လည်း မူလာ ကြုံရသည်။ သို့သော် မူလာက ဒေါ်လာ ၂၀၀ ယူလိုက်ပြီး ၈၀၀-ကိုသာ အခေါင်းထဲထည့်သည်။

**ရွှေပဒေသာစာပေ**

မိတ်ဆွေနှစ်ဦး၏ ပြောစကားကို၊ ရာဘိုင်က ဤသို့ ဝေဖန်တုံ့ပြန်သည်။

"ခင်ဗျားတို့ လေးနက်တည်ကြည်မှုမရှိတဲ့သူတွေပဲ၊ သွားလေသူကို ခင်ဗျားတို့မသနားကြဘူး။ ကျွန်တော်ကတော့ ခင်ဗျားတို့လိုမဟုတ်ဘူး. . . ရိုးရိုးသားသားပဲ။ ဒေါ်လာတစ်ထောင်တန်ချက်လက်မှတ်ကို အခေါင်းထဲ ထည့်ပေးလိုက်တယ်"

☺

## ၆၉။ ရိုးသားသူ

"ရာဘိုင်. . . ရာဘိုင်ဟာ မိမိကိုယ်ကို ရိုးသားသူလို့သတ်မှတ်သလားဟင်"

"သတ်မှတ်တာပေါ့"

"ဒေါ်လာတစ်သန်းကောက်ရရင် ဘာမှစဉ်းစားမနေဘဲ ပိုင်ရှင်ကို အဲဒီပိုက်ဆံတွေ ပြန်ပေးမှာပဲလား"

"အဲဒီလူဟာ ဆင်းရဲသားဖြစ်မယ်ဆိုရင် မုချပြန်ပေးမယ်"

☺

**ရွှေပဒေသာစာပေ**

## ၇၀။ နောက်တစ်ခွက်

နေမကောင်းဖြစ်နေသောမိတ်ဆွေကို 'မိုရှေ'လာကြည့်သည်။ လူနာ၏ဇနီးက ပြောသည်။

"ကျွန်မယောက်ျားရဲ့ကျန်းမာရေးအတွက် သောက်လိုက်ပါဦးရှင်"

ကမ်းပေးသော 'ဗောဒ်ကာခွက်'ကို တစ်ကြိုက်တည်း မော့ချလိုက်သည်။ အိပ်ရာထဲလဲနေသောမိတ်ဆွေကိုကြည့်လိုက်ပြီး ပြောသည်။

"အာဘရမ်၊ မင်းကိုကြည့်ရတာ ငါအားမရပါလားကွာ။ အင်း။ မင်းရဲ့ကျန်းမာရေးအတွက် နောက်တစ်ခွက် ထပ်သောက်လိုက်ပါဦးမယ်ကွာ"

☺

## ၇၁။ မသွားဘဲကိုး

"ဆာရာ၊ မင်းမျက်လုံး ရောင်ကိုင်းနေပါလား။ ဘယ်အကောင်က ထိုးလိုက်သလဲ"

"ကျွန်မရဲ့အာဘရမ်ပေါ့"

"သူ ရုံးကိစ္စနဲ့ နယ်ကိုထွက်သွားတယ်မဟုတ်လား"

"ကျွန်မလည်း အဲသလိုထင်မိတာပေါ့"

☺

## ရွှေပဒေသာစာပေ

## ၇၂။ အဆိုတော်

အဖေက သား၏လေ့ကျင့်ခန်းစာအုပ်ကို စစ်ဆေးနေသည်။

"ရှပ– ဂရိတ်တူး၊ စီလျာ. . . မင်းကြားလား၊ ရှပ– ဂရိတ်တူးတဲ့"

"ကောင်းပြီ. . . ဆက်ကြည့်မယ်။ ဟော! သချာ– ဂရိတ်တူးပဲ၊ မိန်းမ. . . မင်းကြားတယ်နော်"

"အဆို–ဂရိတ်ဖိုက်ဟော့၊ စီလျာ. . . တွေ့လား။ တော်တော်ဟုတ် တဲ့ကောင်။ ဒီကောင် သီချင်းလည်း ဆိုသေးသတဲ့"

☺

## ၇၃။ အလုပ်မဟုတ်ပါ

စနေနေ့တွင် 'ဟိုင်း'က ရာဘင်နိုဗစ်ချ်ကိုမေးသည်။

"ရာဘင်နိုဗစ်ချ်၊ အချစ်ဟာ အလုပ်လား. . . ကျေနပ်မှုလား"

"ကျေနပ်မှုပေါ့၊ အလုပ်ဆိုရင် ငါ လူငှားမှာပေါ့"

☺

## ၇၄။ သူ့ကိုယုံတယ်

ဂျူးအဘိုးကြီးသည် ခရီးဆောင်သေတ္တာကြီးများကိုဆွဲလျက် ဂျာမနီ

ဘူတာရုံထဲမှာ လျှောက်သွားနေသည်။ ထိုင်နေသောဂျာမန်တစ်ယောက် ရှေ့ရပ်လိုက်ပြီး၊ အဘိုးကြီးမေးသည်။

''မေးခွင့်ပြုပါ. . . ဂျူးတွေအပေါ် ဘယ်လိုသဘောထားပါသလဲ ခင်ဗျာ''

''ဂျူးလူမျိုးနဲ့ဂျူးယဉ်ကျေးမှုကို အရမ်းလေးစားပါတယ်''

ဂျူးအဘိုးကြီး ဆက်လျှောက်သည်။ နောက်တွေ့သောဂျာမန်ကို မေးသည်။

''ဂျူးတွေကို ခင်မင်လိုစိတ်ထားနိုင်ပါသလားခင်ဗျာ''

''ထားနိုင်ပါတယ်၊ ပြီးတော့ သူတို့ရဲ့ထက်မြက်မှုနဲ့ ထူးချွန်မှုကို မအံ့ဩမလေးစားဘဲ မနေနိုင်ဘူး''

အဘိုးကြီးဆက်လျှောက်သည်။ တတိယဂျာမန်ကိုမေးသည်။

''ဂျူးတွေကို ခင်ဗျား ချစ်ခင်ကြင်နာနိုင်ပါသလား''

''ဘာပြောတယ်၊ ထွီ! သူတို့ကိုကြည့်လို့မရဘူး။ မုန်းတယ်''

''ခင်ဗျားဟာ ရိုးသားတဲ့လူပဲ၊ ကျွန်တော့်အထုပ်တွေကို ခဏကြည့်ထားပေးပါ။ ကျွန်တော် အိမ်သာသွားမလို့''

☺

## ၇၅။ တော်ပြီ

ဆာရာ ကွယ်လွန်မည့်ဆဲဆဲတွင် ယောက်ျားဖြစ်သူကိုပြောသည်။

**ရွှေပဒေသာစာပေ**

"အာဘာရာမ်၊ ကျွန်မသေပြီးရင် နောက်မိန်းမယူပါ"

"မယူနိုင်ဘူး ဆာရာ"

"အာဘာရာမ်၊ ကျွန်မစကားကို နားထောင်ပါ။ ရှင့်ကို တစ်ယောက်ယောက် ဂရုစိုက်ဖို့လိုမယ်မဟုတ်လား"

"ဟင့်အင်း. . . ဆာရာ"

"အာဘာရာမ်၊ ဒါ ကျွန်မရဲ့နောက်ဆုံးတောင်းပန်တာပါ။ ဘာဖြစ်လို့ ကျွန်မစကားကို ရှင် အလေးမထားရတာလဲဟင်"

"ဘာကြောင့်လဲဆိုတော့ မင်းထက်သာတဲ့မိန်းမကို ငါရှာလို့ရမှာမဟုတ်ဘူး။ အဲ! မင်းလိုမိန်းမမျိုးဆိုရင်တော့ ငါမလိုချင်တော့ဘူး။ ဒါကြောင့်ပါ"

☺

## ၇၆။ ဥပုသ်စောင့်ပါ

"ရာဘိုင်၊ ဥပုသ်စောင့်တဲ့ကာလမှာ ဂျူးဟာ သူ့မိန်းမနဲ့အိပ်ခွင့်ရှိပါသလား"

"ရှိပါတယ်"

"တခြားမိန်းမနဲ့ဆိုရင်ကော"

"ခွင့်မပြုဘူး"

"ဘာဖြစ်လို့လဲ"

**ရွှေပဒေသာစာပေ**

"တိုရာကျမ်းမှာ ရှင်းရှင်းကြီးဖော်ပြထားတယ်၊ ဥပုသ်ကာလမှာ ဂျူးတစ်ယောက်ဟာ ကျေနပ်မှုကိုမယူရဘူးတဲ့"

☺

## ၇၇။ အကြွေးမပေးနိုင်သေးပါ

အပြင်မှာ ဆေးကုစားနေသောဆရာဝန်သည် သူ၏အမြဲတန်းလူနာထံမှ ဆေးကုသခ မရတာ ကြာလှသဖြင့် အိမ်တိုင်ရာရောက်သွားပြီး အကြွေးတောင်းရန် ဆုံးဖြတ်လိုက်သည်။

လူနာ၏အိမ်သို့ရောက်သောအခါ လူနာမိသားစုကို အကောင်းစားဟင်းလျာများဖြင့် ညစာစားနေကြသည်ကိုတွေ့လိုက်ရသည်။ ထမင်းစားစားပွဲပေါ်တွင် ကြက်ဆင်ကောင်လုံးကင်သည် မြင်ရသူကို၊ သွားရည်ကျစေလောက်သည်။

ဆရာဝန်က မေးသည်။

"မစ္စတာဂရင်း၊ တစ်ခုပဲမေးချင်တယ်။ ကျွန်တော့်ကို ဘယ်တော့ အကြွေးဆပ်မလဲ"

"ဆောရီးပဲ ဒေါက်တာ၊ ကျွန်တော်တို့မှာ အရင်ကလိုပဲ ပိုက်ဆံမရှိသေးဘူးခင်ဗျာ။ နည်းနည်းသည်းခံစောင့်ပါဦးလား ခင်ဗျာ"

"ပိုက်ဆံမရှိဘူးဟုတ်လား၊ ဒါပေမဲ့ ကြက်ဆင်ဟင်းကိုတော့ စားနိုင်ကြတယ်ပေါ့။ ဟုတ်လား"

"ဒေါက်တာရယ်. . . အိမ်ကကြက်ဆင်ကို အစာမကျွေးနိုင်တော့လို့ပါ"

☺

## ၇၈။ ဂျူးသူရဲကောင်း

ရုပ်ရှင်ကားသစ်တစ်ကားကို ရိုက်ကူးလိုက်ကြသည်။ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။ ပူပြင်းတဲ့သဲကန္တာရထဲမှာ ယောကျ်ားတစ်ယောက်၊ သဲကို လက်နှစ်ဖက်နှင့်ယက်ပြီး ဖြည်းဖြည်းချင်းတက်လာသည်ကို ကြည့်ခြင်းအားဖြင့် အားအင်ကုန်ခမ်းလုနီးပြီဖြစ်ကြောင်းတပ်အပ်တွက်လို့ရသည်။ ရုတ်တရက် သူ့ရှေ့မှာ လိမ္မော်သီးတစ်လုံးကိုတွေ့သည်။ စားမည်ပြင်သည်။ ဤတွင် အဝတ်အစားမပါသောအမျိုးသမီးတစ်ဦး လျှောက်လာပြီးပြောသည်။

"တစ်ဝက်ကို ကျွန်မကိုပေးစားပါ၊ ကျွန်မကိုကြိုက်တာလုပ်ပါ"

အမျိုးသမီးကို သူ လိမ္မော်သီးတစ်ဝက် ပေးလိုက်သည်။ အဲဒီနောက်သူတို့နှစ်ယောက် ချစ်စခန်းဖွင့်ကြသည်။ ဇာတ်လမ်းနှင့်ပတ်သက်၍ကျွမ်းကျင်သူများဖြစ်ကြသည့် အင်္ဂလိပ်၊ ပြင်သစ်နှင့်ဂျူးတို့သုံးဦးကိုဖိတ်ခေါ်ပြီး ၎င်းတို့၏အမြင်ကိုထုတ်ပြောရန် မေတ္တာရပ်ခံသည်။

အင်္ဂလိပ်က စပြောသည်။

"အမျိုးသမီးဟာ ဘယ်သူဆိုတာတော့ ကျွန်တော်မသိဘူး။ ဒါ

ပေမဲ့ ယောက်ျားကတော့ အင်္ဂလိပ်ဖြစ်ဖို့များတယ်။ ရေငတ်ပြီး သေလု ဆဲဖြစ်နေတဲ့ကြားက သဲကန္တာရထဲမှာ လိမ္မော်သီးခွဲပေးတယ်ဆိုတာ တကယ့်အင်္ဂလိပ်လူကြီးလူကောင်းပဲဖြစ်ရမယ်''

ပြင်သစ်က ပြောသည်။

''ယောက်ျားဟာ ဘယ်သူလဲဆိုတာ ကျွန်တော်မသိဘူး။ ဒါပေမဲ့ အမျိုးသမီးကတော့ ပြင်သစ်မ ဖြစ်ရမယ်။ လိမ္မော်သီးနဲ့ ကိုယ့်ခန္ဓာကိုယ် ကို လဲနိုင်တဲ့သူဟာ တကယ့်ပြင်သစ်သူပဲဖြစ်ရပါမယ်''

ဂျူးက ပြောသည်။

''မိန်းမကို ကျွန်တော်မသိဘူး။ ဒါပေမဲ့ ယောက်ျားကတော့ ဂျူး ဖြစ်ကိုဖြစ်ရမယ်။ သဲကန္တာရထဲမှာ လိမ္မော်သီးကိုရအောင် ရှာနိုင်တာ ဟာ ဂျူးယောက်ျားသာ ဖြစ်နိုင်တာကလား''

☺

## ၇၉။ စစ်ထဲမဝင်ပါရစေနဲ့

ဂျူးနှစ်ယောက် ဆုံကြသည်။ တစ်ယောက်မှာ လက်တစ်ဖက်မရှိ ချေ။ လက်နှစ်ဖက်နှင့်လူက မေးသည်။

''မိုရေ. . . မင်းလက်တစ်ချောင်း ဘယ်မှာလဲ''

''ဘာလဲ၊ မင်း ၁၉၄၁ ခု(ဒုတိယကမ္ဘာစစ်)ကို မေ့သွားပြီလား''

''မင်းမှ စစ်ဝင်မတိုက်ဘဲ''

"ဒါပေမဲ့ စစ်သားစုဆောင်းရေးတပ်ထဲ ငါ့ကိုအတင်းဆွဲခေါ်ကြတယ်လေ။ လက်တစ်ဖက်ပါ ပြုတ်သွားတယ်"

☺

## ၈၀။ တစ်ဝက်ပေးလိုက်ရင်



သင်္ချာအကာန်းတွင် 'မိုဇရှ'လေးကို ဆရာမက မေးသည်။

"မင်းဆီမှာ ပန်းသီးခြောက်လုံးရှိတယ်၊ တစ်ဝက်ကို မင်းပြန်ပေးရမယ်ဆိုပါစို့။ မင်းဆီမှာ ဘယ်လောက်ကျန်မလဲ"

"ငါးလုံးခွဲ"

☺

## ၈၁။ မိန်းမလိုချင်တယ်

ဂျူးလူငယ်တစ်ယောက် ရာဘိုင်ဆီ ရောက်လာသည်။

"ရာဘိုင်၊ ရှိနီဖွန်ရဲ့သမီးကို ကျွန်တော်လက်ထပ်ချင်တယ်"

"လက်ထပ်ချင်ရင် လက်ထပ်ပေါ့"

"ဒါပေမဲ့ သူ့မမိဘတွေ သဘောမတူဘူး"

"အဲဒါဆို လက်မထပ်နဲ့ပေါ့"

"ဒါပေမဲ့ ကျွန်တော် သူမကိုအရမ်းချစ်တယ်"

"ဒီလိုဆို လက်ထပ်ပေါ့"

"ဒါပေမဲ့ ကျွန်တော့်မိဘတွေ သဘောမတူဘူး"

"အဲဒါဆို လက်မထပ်နဲ့"

"ဒါပေမဲ့ ဒင်းမရှိဘဲ ကျွန်တော် မနေနိုင်ဘူး"

"အဲဒါဆို လက်ထပ်ပေါ့"

"ဒါပေမဲ့ ကျွန်တော် ဘာနဲ့နေရမှန်းမသိဘူး"

"မင်းကို ငါဘာအကြံပေးမလဲသိလား။ ခရာစ်ယာန်ဘာသာ ဝင်လိုက်"

"ဘာဖြစ်လို့လဲ ရာဘိုင်"

"ခရာစ်ယာန်ဘုန်းကြီးပဲ ဦးနှောက်ခြောက်ပစေ။ ငါ့ကိုဒုက္ခမပေးနဲ့တော့"

☺

**ရွှေပဒေသာစာပေ**

## ၈၂။ တယ်လီဖုန်းခ

"ကီရှိညော့မြို့က အန်ကယ် ဂရီရှာကို မင်းသတိရလား"

"သတိရတာပေါ့"

"သူသေသွားတာ ၂–နှစ်ရှိပြီဖြစ်ပေမယ့် ညကအိပ်မက်ထဲမှာ ငါ သူနဲ့ တယ်လီဖုန်းစကားပြောရတယ်"

"ဖြစ်တတ်ပါတယ်"

"ဒါပေမဲ့ စိတ်ဝင်စားစရာအကောင်းဆုံးက ကီရှိညော့နဲ့ စကား ပြောခဲ့လို့ဆိုပြီး တယ်လီဖုန်းခပြေစာ ဒီနေ့ရောက်လာတယ်ကွ"

☺

## ၈၃။ မိုးရွာမယ်မှန်းသိရင်

ဂျူးနှစ်ယောက် လမ်းလျှောက်နေကြသည်။ ရုတ်တရက် မိုးရွာချ သည်။ "မင်းထီးကိုဖွင့်လိုက်လေ" တစ်ယောက်က ပြောသည်။

"ဖွင့်လိုက်လည်း မထူးပါဘူး၊ ထီးတစ်ခုလုံး အပေါက်တွေနဲ့ချည်း ပဲ"

"ဒါဖြင့်ရင် မင်းဘာဖြစ်လို့ ထီးယူလာသေးတုန်း"

"မိုးရွာမယ်လို့ ငါဘယ်လိုလုပ်ကြိုသိနိုင်မှာလဲ"

☺

ရွှေပဒေသာစာပေ

## ၈၄။ ဖန်ဆင်းရှင်ရဲ့လက်ရာ

ဖန်ဆင်းရှင်ဘုရားသခင်၏ အမြော်အမြင်ကြီးမှုအကြောင်းကို ဆရာက တပည့်များအား ပြောပြနေသည်။

"လူမှာ အာရုံတစ်ခု သိပ်မဖွံ့ဖြိုးဘူးဆိုရင် နောက်အာရုံတစ်ခု ဖွံ့ဖြိုးတိုးတက်အောင် တရားမျှတတဲ့ဘုရားသခင် ဖန်တီးပေးတယ်။ မျက်ကန်းဟာ မျက်စိမမြင်ဘူး၊ ဒါပေမဲ့ သူ့ရဲ့ကြားနိုင်အား အားကောင်းတယ်။ နားထိုင်းဟာ နားမကြားဘူး၊ ဒါပေမဲ့ အနံ့ခံကောင်းတယ်"

ဘင်ချိအမည်ရှိ ကျောင်းသား ဝင်ထောက်သည်။

"ကျွန်တော့်ဦးလေးမှာ ညာခြေထောက်တိုတယ်၊ ဒါပေမဲ့ ဘယ်ခြေထောက်ကျတော့ ရှည်ပြန်ရော"

☺

## ၈၅။ မလိမ်နဲ့

ဂျူးမိသားစုတွင် သားကလေးမွေးသည်။ ဝမ်းသာလုံးဆို့နေသော အဖေဖြစ်သူ၊ ရာဘိုင်ဆီ ရောက်လာသည်။

"ရာဘိုင်၊ ကျွန်တော့်သားရဲ့ မွေးသက္ကရာဇ်ကို ဘယ်လိုရေးရင် ကောင်းမလဲ။ တစ်နှစ်စော ရေးလိုက်ရမလား၊ အဲဒါဆို သူ့ကိုတစ်နှစ် စောပြီး စစ်မှုထမ်းဖို့ဆင့်ခေါ်မယ်။ ဒါမှမဟုတ် တစ်နှစ်နောက်ကျပြီး

ရေးလိုက်ရမလား၊ အဲဒါဆို သူ တစ်နှစ်နောက်ကျပြီး အိမ်ပြန်ရောက်မယ်။ ဘယ်လိုလုပ်ရမလဲ''

''အရှိကို အရှိအတိုင်းရေးလိုက်''

''ကြည့်စမ်း! ဒီလိုအတွေးမျိုး ကျွန်တော့်ခေါင်းထဲ ဝင်မလာဘူး။ အံ့ရော''

☺

**၈၆။ ကရင်မလင်**



''ကျေးဇူးပြု၍ ပြောစမ်းပါ၊ ကရင်မလင်တံတိုင်း ဘာဖြစ်လို့ ဒီလောက်တောင် မြင့်ရတာလဲ''

ရဲသား ရွဲ့ပြီးဖြေသည်။

**ရွှေပဒေသာစာပေ**

"ကလေးကခြေတွေ ကျော်မတက်နိုင်အောင်ပေါ့"

"အတွင်းကလား၊ အပြင်ကလားဟင်"

☺

## ၈၇။ အလကားပေးရိုးမရှိ

ဒုတိယကမ္ဘာစစ်အတွင်းကဖြစ်သည်။ စစ်သားနှစ်ယောက် ကတုတ်ကျင်းမှာ ရှိနေကြသည်။ အပြင်းအထန်ဒဏ်ရာရထားသော 'ဟိုင်း' ငြီးငြူနေသည်။ သူ့အဖော်ကိုပြောသည်။

"စတီပန်၊ ငါ့ကိုပစ်သတ်လိုက်ကွာ။ ဂျာမန်တွေရောက်လာရင် အနှိပ်စက်ခံနေရဦးမယ်"

"မင်းကို ငါဘယ်လိုလုပ်ပစ်မလဲ၊ ငါ့မှာ ကျည်ဆန်မှမရှိဘဲ"

"ဒါများရေးကြီးခွင်ကျယ်လုပ်လို့၊ ရော့! ငါ့ဆီကဝယ်လိုက်"

☺

## ၈၈။ ကတိပေးပါ

ဂျူးအဘိုးကြီး သေတော့မည်ဖြစ်သည်။ သူ့မိန်းမကိုခေါ်လိုက်ပြီး ပြောသည်။

"ဆာရာ၊ ငါသေပြီးတဲ့နောက် ဘယ်ယောက်ျားကိုမှ မချစ်ရဘူးဆို

တာ ကတိပေးပါ''

''ရှင်မသေရင်ကော''

☺

## ၈၉။ အမေရိကားက ဦးလေး

ပြည်သူတို့၏သဘောထားအမြင်ကိုသိချင်သည်နှင့် ဆိုဗီယက်ခေါင်းဆောင် ဘရက်ဇနေဗ် ရုပ်ဖျက်ပြီး လူတောထဲဆင်းသည်။ တိုက်ခန်းတစ်ခုမှာ လူခေါ်ခေါင်းလောင်းတီးလိုက်သည်။ အထဲက ချာတိတ်ထွက်လာသည်။ ထိုအချိန်က အလွန်ရှားသည့် ကယ်ဗီလာငါးဥသုတ်ထားသောပေါင်မုန့်ကို ပါးစပ်တွင် ကိုက်ထားသည်။

ဘရက်ဇနေဗ် မေးသည်။

''ချာတိတ်၊ မင်းအဖေ ဘယ်မှာလဲ''

''သူ့ကိုယ်ပိုင်ကားနဲ့ အလုပ်ကိုသွားပါတယ်''

''မင်းအမေကော ဘယ်မှာလဲ''

''သူကတော့ အိမ်ကကားဟောင်းနဲ့ ဈေးကိုသွားပါတယ်''

''အိမ်မှာ ဘယ်သူကျန်သလဲ''

''အဘွား၊ သူ အခု ဂျပန်ရောင်စုံတီဗီကို ကြည့်နေပါတယ်''

''ချာတိတ်၊ ဒါတွေအားလုံးကို မင်းတို့အတွက် ဘယ်သူလုပ်ပေးသလဲသိလား။ ငါကွ''

**ရွှေပဒေသာစာပေ**

"အဘွား. . . အဘွား၊ အမေရိကန်က ဦးလေး အီစာ၊ ကျွန်တော်တို့ဆီ အလည်လာတယ်ဗျ"

☺

## ၉၀။ အလစ်သုတ်သူ

"ရာဘင်နိုဗစ်ချ် ခင်ဗျားဟာ မှိုကောက်ဝါသနာ အင်မတန်ပါတယ် လို့ ဆိုကြတယ်။ ဟုတ်သလား"

"မှန်သလောက်လည်း မှန်ပါတယ်"

"မှိုတွေကို ခင်ဗျား ပုံမှန် ဘယ်မှာကောက်သလဲ"

"အိမ်နီးချင်း ဟိုင်မိုးဗစ်ချ်ရဲ့ ဘာလ်ကိုနီ(လသာဆောင်)မှာ ကောက်တယ်"

"ဘာလဲ၊ အဲဒီမှာ သူ မှိုတွေကိုစိုက်သလား"

"မစိုက်ဘူး၊ အခြောက်လှန်းတယ်"

☺

## ၉၁။ တိုကျိုသွားမယ့် အိုင်စတိုင်း

အိုင်စတိုင်းကို လမ်းမှာ ဂျူးတွေ့သည်။ ဂျူးက မေးသည်။

"မစ္စတာအိုင်စတိုင်း၊ ခင်ဗျား တိုကျိုသွားမယ်လို့ ကြားရတယ်။

ဘာသွားလုပ်မှာလဲ''

''ရီလေတီဗီတီသီအိုရီအကြောင်း ဟောပြောပို့ချမလို့''

''သီအိုရီက ဘာအကြောင်းလဲ''

''ခပ်လွယ်လွယ် ခင်ဗျားကို ဘယ်လိုရှင်းပြရပါ့မလဲ၊ အင်း. . . ဆို ကြပါစို့၊ ခင်ဗျားချစ်တဲ့အမျိုးသမီးနဲ့ အတူလဲလျောင်းနေတဲ့အခါ တစ်သက်တာဟာ ခဏတာလို့ ခင်ဗျားထင်တယ်။ အဲ. . . မီးရဲရဲတောက်နေတဲ့အကြော်အိုးပေါ် ခင်ဗျား ဖင်လှန်ထိုင်လိုက်ရင် ခဏတာဟာ တစ်သက်တာကြာတယ်လို့ ခင်ဗျားထင်သွားမယ်''

''သဘောပေါက်ပြီ၊ ဒီဟာသတွေနဲ့ ခင်ဗျား တိုကျိုသွားမှာကိုး''

☺

## ၉၂။ ခွင့်သာပေးရင်



''ရာဘင်နီဗာစ်ချ်၊ နယ်စပ်ကိုဖွင့်ပေးလိုက်ရင် ခင်ဗျားဘာလုပ်မလဲ''

**ရွှေပဒေသာစာပေ**

"သစ်ပင်ပေါ် ပြေးတက်မယ်"

"ဘာဖြစ်လို့လဲ"

"နို့မဟုတ်ရင် လူအုပ်ကြီး တက်နင်းသွားမှာပေါ့"

☺

## ၆၃။ ခွင့်သာပေးရင်(၂)

ဆိုဗီယက်ခေါင်းဆောင် ဘရက်ဇှေညက်က ကေ–ဂျီ–ဘီအကြီးအကဲ အင်ဒရိုပေါ့ကို မေးသည်။

"ကျွန်တော်တို့ဆီမှာ ဂျူး ဘယ်လောက်ရှိလဲ"

"၂–သန်းလောက်ရှိတယ်"

"သူတို့ကို ပြည်ပထွက်ခွင့်ပေးလိုက်ရင် အများကြီးထွက်သွားမယ် ထင်သလား"

"၅–သန်း၊ ၆–သန်းလောက် ထွက်သွားမယ်"

☺

## ၆၄။ အရည်အချင်း

အမေက သမီးကိုပြောသည်။

"သမီး၊ အာဘရမ်နဲ့ လက်ထပ်လိုက်ပါ။ သူ မင်းကိုတကယ်ချစ်

တဲ့ပုံပေါ်တယ်''

''အမေ ဘယ်လိုလုပ်သိလဲ''

''သူ့ဆီက ငါငွေချေးနေတာ ခုဆိုတစ်နှစ်ပြည့်တော့မယ်။ ဒါပေမဲ့ သူ တို့အိမ်ကိုလာတုန်း''

☺

## ၉၅။ ရာဘင်နီဗစ်ရဲ့ ဂီတဆရာ

ရာဘင်နီဗစ်ချ်။ ကလေးတွေကို ဂီတပညာ ကျူရှင်ပေးနေသည်။ သူ့ကျောင်းက ကလေးတွေ စကားအလွန်နားထောင်ကြောင်း၊ တိတ်တိတ်ကလေးနေကြကြောင်း အားလုံးသိကြသည်။

မိတ်ဆွေတစ်ယောက်က မေးသည်။

''ကလေးတွေ မဆူမညံဘဲ ခင်ဗျားပို့ချတာကို နားထောင်အောင် ခင်ဗျားဘာလုပ်ထားလို့လဲ''

''ပထမသင်ခန်းစာမှာကတည်းက ကျွန်တော် ပြောထားတယ်၊ ဆရာ့စကားနားမထောင်ရင် ပါရမီရှိတဲ့ကလေးလို့ မင်းမိဘတွေကိုပြောမယ်လို့ သတိပေးထားတယ်''

☺

## ၉၆။ အလှူငွေသုံးစွဲနည်း

ဂျူးဘုန်းကြီး(ရာဘိုင်)၊ မူဆလင်ဘုန်းကြီး(မူလာ)နှင့် ခရာစ်ယာန်ဘုန်းကြီးတို့ ဆုံကြသည်။ ဟိုအကြောင်းသည်အကြောင်း စကားပြောကြရင်းနှင့် သက်ဆိုင်ရာဘာသာဝင်တွေထံကရသော အလှူငွေများကို ခွဲဝေသုံးစွဲမှုအကြောင်း ရောက်သွားသည်။ ပထမဆုံး မူလာက ပြောသည်။

"ဘာသာဝင်တွေ လာပေးတဲ့ပိုက်ဆံအားလုံးကို ကျွန်တော်စုလိုက်တယ်၊ အဲဒီနောက် မြေပေါ်မှာ စက်ဝိုင်းဝိုင်းလိုက်တယ်။ ဝိုင်းပြီးတဲ့အခါ ကျွန်တော် နောက်ကို ခြေနှစ်လှမ်းဆုတ်လိုက်တယ်၊ အဲဒီနေရာကနေ ခုနကငွေတွေကို စက်ဝိုင်းဆီပစ်တယ်။ စက်ဝိုင်းထဲကျတဲ့ပိုက်ဆံတွေကို ကျွန်တော် ဘုရားသခင်(ဗလီ)ကိုပေးတယ်၊ စက်ဝိုင်းအပြင်ရောက်နေတဲ့ငွေတွေကို ကျွန်တော့်အသုံးစရိတ်အဖြစ်နဲ့ ယူလိုက်တယ်"

ခရာစ်ယာန် ဘုန်းကြီးပြောသည်။

"ကျွန်တော်လည်း ပိုက်ဆံအားလုံးကို စုလိုက်တယ်၊ နောက် တစ်နေရာမှာ တိုင်စိုက်လိုက်တယ်။ နောက်ကို မီတာအနည်းငယ် ဆုတ်လိုက်တယ်၊ တိုင်ကိုကျော်ထွက်သွားတဲ့ပိုက်ဆံ ဘုရားယူ၊ ကျန်တာ ကျွန်တော်ယူတယ်"

ရာဘိုင် ပြောသည်။

"ဟင့်အင်း. . . ခင်ဗျားတို့ဥစ္စာ ရှုပ်လွန်းတယ်၊ ကျွန်တော်လည်း

ခင်ဗျားတို့လိုပဲ ပိုက်ဆံအားလုံးကို စုလိုက်တယ်။ ဒါပေမဲ့ စက်ပိုင်းမဆွဲဘူး။ တိုင်မစိုက်ဘူး. . . ကျွန်တော် ကောင်းကင်ကို ပစ်တင်လိုက်တယ်။ သူလိုတာကို ဘုရားသခင် သူ့ဟာသူ ယူလိမ့်မယ်၊ ဘယ်လောက်လွယ်လဲ''

☺

## ၆၇။ ဖိနပ်အသစ်

ဂျူးတစ်ယောက် ဖိနပ်အသစ်တစ်စုံ ဝယ်လိုက်သည်။ တစ်ညနေလုံး အိမ်ခန်းထဲမှာ လမ်းလျှောက်သည်။ သို့သော် သူ့ကို မည်သူမျှ ဂရုစိုက်ကြည့်ဖော်မရ။ ထိုအခါ စိတ်တိုတိုနှင့် ကိုယ်ပေါ်မှအဝတ်အစားအားလုံးကို ချွတ်လိုက်သည်။ ဖိနပ်အသစ်စီးပြီး လမ်းဆက်လျှောက်သည်။

သားဖြစ်သူ မေးသည်။

''အဖေ၊ အဖေ့ဆီမှာ တွဲလောင်းကျနေတာ ဘာလဲ''

''ဖိနပ်အသစ်ကို ညွှန်ပြနေတဲ့ပစ္စည်း''

မိန်းမက ဝင်ပြောသည်။

''အိုဟိုဟို. . . ရှင် ဦးထုပ်အသစ်ဝယ်လိုက်ရင် ပိုကောင်းမယ်''

☺

**ရွှေပဒေသာစာပေ**

## ၉၈။ အလိုတူအလိုပါ

မိုရှေ သူ့ချစ်သူကို တက္ကစီနှင့်ခိုးပြေးသည်။ အခြားမြို့တစ်မြို့သို့ သွားမည်ဆိုသည့်ရည်ရွယ်ချက်ဖြင့် တက္ကစီသမားကို ဘုတာရုံဘက် မောင်းခိုင်းသည်။ ဘုတာရုံရောက်၍ ကျသင့်ငွေကိုချေမည်လုပ်သော အခါ တက္ကစီသမားက ပြောသည်။

"ချေစရာမလိုပါဘူး။ သတို့သမီးရဲ့အဖေ ချေပြီးပါပြီ"

☺

## ၉၉။ လှူတဲ့ရက်နီးလာပြီ

သူဌေးကြီး ရော့ရှီးလ်၏ ဗိမ်ခံသဘော်ကြီး ကာရစ်ဘီယံပင်လယ် ထဲမှာ ပျက်သည်။ သူနှင့်သူ့ဇနီးတို့ လူသူမရှိသောကျွန်းကလေးပေါ် ရောက်သွားကြသည်။ သူ့ဇနီးက ယောက်ျားကိုအော်သည်။

"ရှင် အသုံးမကျတဲ့လူ၊ ရှင့်မှာ မိုဘိုင်းဖုန်းတောင် မပါဘူး။ ကျွန်မ တို့ကို ဒီကျွန်းပေါ်မှာ ဘယ်သူမှရှာတွေ့မှာမဟုတ်ဘူး"

ရော့ရှီးလ် ပြန်ပြောသည်။

"စိတ်အေးအေးထားစမ်းပါ၊ ငါပြောတာ နားထောင်စမ်း။ လွန်ခဲ့ တဲ့သုံးနှစ်က အမေရိကန်နိုင်ငံရဲ့အကြီးဆုံး ဂျူးဘုရားကျောင်းကို ငါ ဒေါ်လာသိန်း ၅၀၀-လှူခဲ့တယ်၊ မှတ်မှတ်ရရ ဇူလိုင်လ ၂၀-ရက်နေ့မှာ။

**ရွှေပဒေသာစာပေ**

လွန်ခဲ့တဲ့ ၂–နှစ်က အဲဒီဘုရားကျောင်းကို ငါ ဒေါ်လာသိန်း ၇၀၀–လှူခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီတစ်ခါလည်း ဇူလိုင်လ ၂၀–ရက်နေ့မှာပဲဖြစ်တယ်။ နောက်ဆုံး လွန်ခဲ့တဲ့နှစ်က ငါ ဒေါ်လာ တစ်သန်း လှူခဲ့တယ်၊ မင်းရယ်ချင်ရယ်မယ်. . . ဒီတစ်ခါလည်း ဇူလိုင် ၂၀–မှာပဲ''

မိန်းမက ပြောသည်။

''အင်း. . . တစ်ခါလာလည်း ဇူလိုင် ၂၀၊ နောက်တစ်ခါလည်း ဇူလိုင် ၂၀၊ ဒီဇူလိုင် ၂၀ က ဘာအဓိပ္ပာယ်ရှိလို့တုန်း''

''အဓိပ္ပာယ်သိပ်ရှိတာပေါ့၊ ဒီနေ့ ဇူလိုင် ၁၉–ရက်နေ့လေ။ စောင့်ကြည့်နေပါ၊ မနက်ဖြန် ငါတို့ကို သူတို့ရှာတွေ့လိမ့်မယ်''

☺

## ၁၀၀။ စိတ်အေးချင်တယ်

''ဒေါက်တာ. . . ဒီရောဂါဟာ ကြောက်စရာကောင်းသလားဟင်''

''ဟင့်အင်း. . . ဒီရောဂါနဲ့သေတဲ့နှုန်းက တစ်ရာနှုန်းပဲရှိတယ်''

''အဲဒီတစ်ရာနှုန်း သေသွားပြီလားဟင်''

☺

ရွှေပဒေသာစာပေ

## ၁၀၁။ မသတ်နိုင်ဘူး

ရာဘင်နီပစ်ချ်ကို ရုံးတင်စစ်ဆေးနေသည်။ တရားသူကြီးက မေးသည်။

''ရေးမထားတဲ့ဥပဒေအရ မိန်းမရဲ့လင်ငယ်ကို သတ်တဲ့အတွက် ခင်ဗျားကိုအပြစ်ပေးလို့မရဘူးလို့ ခင်ဗျားပြောတယ်။ လင်ငယ်ကို ခင်ဗျား သေနတ်နဲ့ချိန်ထားပေမယ့် ခင်ဗျား သူ့ကိုမပစ်သတ်လိုက်ဘူးလို့လည်း ပြောပြန်တယ်။ ဘာဖြစ်လို့လဲ''

''ဒီလိုပါ တရားသူကြီးမင်း၊ သူ့နားထင်ကို ကျွန်တော် သေနတ်နဲ့ထောက်လိုက်တဲ့အခါ သူမေးတယ်. . . 'ဒီခြောက်လုံးပြူးအတွက် မင်း ဘယ်လောက်လိုချင်သလဲ' တဲ့၊ တရားသူကြီးမင်း စဉ်းစားကြည့်ပါ၊ အရောင်းအဝယ်အကြောင်းပြောနေတဲ့အခါမှာ လူတစ်ယောက်ကို ကျွန်တော်ဘယ်လိုလုပ် သတ်နိုင်မလဲခင်ဗျာ''

☺

## ၁၀၂။ ဆက်လုပ်ပါ

ဆိုဗီယက်ခေတ် သတင်းစာအရောင်းဆိုင်တွင်ဖြစ်သည်။ ဝတ်စုံအပြည့်နှင့် ထယ်ဝါနေသောဗိုလ်မှူးကြီးက ပြောသည်။

''ကျွန်တော့်ကို 'အစွဗက်ရှား' နဲ့ 'ဂျူးသတင်းစာ' ပေးပါ''

**ရွှေပဒေသာစာပေ**

သတင်းစာတွေကို ကမ်းပေးရင်း သတင်းစာရောင်းသူက မေးသည်။

''ခင်ဗျားဘယ်သူလဲ၊ ကျွန်တော်တို့အထဲကလား''

''မဟုတ်ဘူး''

''အဲသလိုဆို ဘာဖြစ်လို့ ဂျူးသတင်းစာကို စိတ်ဝင်စားရတာလဲ''

'ဒီသတင်းစာနဲ့ ကျုပ် ဖင်သုတ်တယ်''

''ဩော်. . . ဒီလိုလား။ ဒါနဲ့ မသိလို့မေးပါရစေ၊ ဒီလိုသုတ်နေတာ ဘယ်လောက်ကြာပြီလဲ''

''ခြောက်လ. . . အို! ဘယ်လောက်ကြာကြာ ခင်ဗျားနဲ့မဆိုင်ပါဘူး''

''အကြံကလေး ပေးမလို့ပါ။ အကယ်၍ ခင်ဗျား နောက်ထပ်အချိန် အနည်းငယ် ဆက်သုတ်နေဦးမယ်ဆိုရင် ခင်ဗျားဖင်ဟာ ခင်ဗျားခေါင်းထက် မကြာခင် ဉာဏ်ပိုကောင်းလာမယ်ဗျ. . . သိလား''

☺

## ၁၀၃။ အဖိုးတန်

အိပ်ရာထဲတွင် ဂျူးအဘိုးကြီးအဘွားကြီးလင်မယား လဲလျောင်းနေကြသည်။

''အာဘရမ်၊ ရှင် ကျွန်မကိုသစ္စာဖောက်ဖူးသလား ပြောစမ်းပါ''

''တစ်ခါတည်းပါ''

''အဲဒီတစ်ခါဟာ အခုအချိန်မှာ အဖိုးတန်လိုက်မယ့်ဖြစ်ခြင်း''

☺

**ရွှေပဒေသာစာပေ**

## ၁၀၄။ အမျိုးကိုချစ်သောစိတ်

အော်ဒက်ဆာမြို့တွင် ကာလဝမ်းရောဂါပြန့်ပွားနေသည်။ ဝမ်းရောဂါသည်တွေကို ထားသည့်တန်းလျားရှည်မှ ဂျူးအဘိုးကြီး ဆရာဝန်ကို လှမ်းခေါ်သည်။

''အောင်မယ်လေး. . . လုပ်ကြပါဦး၊ ကျွန်တော်သေတော့မယ်။ ခရာစ်ယာန်ဘုန်းကြီးခေါ်ပေးပါ''

''ရာဘိုင်ကိုခေါ်ဖို့ ခင်ဗျားပြောချင်တာထင်တယ်''

''မဟုတ်ဘူး. . . မဟုတ်ဘူး၊ ခရာစ်ယာန်ဘုန်းကြီးကိုခေါ်ပေးပါ''

သို့နှင့် အနီးဆုံးဘုရားကျောင်းမှ ဖာသာတစ်ယောက်ကိုခေါ်ပေးလိုက်သည်။ ဂျူးအဘိုးကြီး မိမိ၏သေတမ်းစာကို တစ်လုံးချင်းရွတ်သည်။

''ကျွန်တော်၏ဇနီးသည် ကွယ်လွန်သွားပြီဖြစ်၍လည်းကောင်း၊ သားသမီးလည်း ကျွန်ုပ်တွင်မရှိ၍လည်းကောင်း၊ ကျွန်ုပ်ပိုင်ပစ္စည်းအားလုံးကို ဂျူးဘုရားကျောင်းအား ပေးလှူသည်။ တစ်ဝက်ကို ဆင်းရဲသားများအားပေးပြီး. . . ကျန်တစ်ဝက်ကို ဂျူးဘုရားကျောင်း၏လိုအပ်ချက်အတွက် အသုံးပြုရန်ဖြစ်သည်''

သက်သေများ လက်မှတ်ထိုးကြသည်။ ခရာစ်ယာန်ဘုန်းကြီးလည်း ထွက်သွားသည်။ ဆရာဝန်ဖြစ်သူ သိလိုစိတ်ပြင်းပြစွာဖြင့် မေးသည်။

''ပြောစမ်းပါ၊ ရာဘိုင်ကိုမခေါ်ဘဲ ဘာဖြစ်လို့ ခရာစ်ယာန်ဘုန်းကြီးကိုခေါ်ရတာလဲ''

လူနာအဘိုးကြီး၊ ဆရာဝန်ကို မျက်လုံးပြူးကြည့်ပြီးပြောသည်။

"ဒေါက်တာ၊ ဘယ်လိုပြောလိုက်တာလဲ။ ရာဘိုင်ကို လူနာတွေ ပြည့်နေတဲ့တန်းလျားထဲ ခေါ်ရမယ်ဟုတ်လား"

☺

## ၁၀၅။ အကြွေးကျေပြီ

ဂျူးနှစ်ယောက် ဘဏ်မှာတန်းစီနေကြသည်။ ရုတ်တရက် ဘဏ်ထဲသို့ လက်နက်ကိုင်လူဆိုးများ သေနတ်ပစ်ဖောက်ပြီး ဝင်လာကြသည်။ ဘဏ်ရှိလူအားလုံး ရပ်နေကြရသည်။ ပထမဦးစွာ ငွေလက်ခံသည့် ကောင်တာမှပိုက်ဆံအားလုံးကို လူဆိုးတွေ ရှင်းလိုက်သည်။ ထို့နောက် ဘဏ်ထဲရောက်နေသည့် ဖောက်သည်များ၏ပိုက်ဆံအိတ်များ၊ အဖိုးတန်လက်ဝတ်လက်စားများကို သိမ်းသည်။ ဤအချိန်တွင် ဂျူးတစ်ယောက်သည် နောက်ဂျူးတစ်ယောက်၏လက်ထဲသို့ တစ်စုံတစ်ခုကို တိတ်တိတ်ကလေးထည့်သည်။

"မိုရှေ၊ မင်း ငါ့လက်ထဲကို ဘာထည့်လိုက်တာလဲ"

"မင်းကို ငါပေးစရာရှိတဲ့ဒေါ်လာငါးဆယ်ပါ"

☺

## ၁၀၆။ ဆုတောင်းပြည့်တော့မယ်

နိုင်ငံခြားသို့ခရီးထွက်ရာမှ ပြန်လာသောဂျူးသည် နှစ်သစ်ကူးလက်ဆောင်အဖြစ် မိသားစုအတွက် အလွန်လှပသော ကြက်တူရွေးမ တစ်ကောင်ကို ယူလာသည်။ လှောင်အိမ်ကိုဖုံးထားသောအဝတ်ကို ခွာလိုက်သည်နှင့် ကြက်တူရွေးမက 'I want to have sex' ဟုအော်သည်။ ဤအတိုင်း တစ်နေ့လုံး အော်နေလေသည်။

ကြက်တူရွေးမပိုင်ရှင် ရာဘိုင်ဆီသွားသည်။

"ရာဘိုင်၊ ငှက်နဲ့ပတ်သက်ပြီး ကျွန်တော်ဘာလုပ်ရမလဲ၊ မောင်းထုတ်ရမှာလည်း နှမြောတယ်။ အိမ်မှာထားပြန်ရင်လည်း ရှက်စရာကောင်းတယ်"

"ဒီလိုလုပ်! မင်းကောင်မကို ငါ့ဆီခဏပို့ထားလိုက်။ ငါလည်း မကြာမီက ခရီးထွက်ရှာက ပြန်လာတာပဲ။ အပြန်မှာ မင်းလိုပဲ ကြက်တူရွေးနှစ်ကောင် ယူလာတယ်။ ဒါပေမဲ့ ဒီကောင်တွေက အထီးတွေ။ တစ်နေကုန် ဘုရားပဲရှိခိုးနေတဲ့ကောင်တွေ။ မင်းကြက်တူရွေးမ အကျင့်ပြောင်းအောင် စွမ်းဆောင်နိုင်ကောင်း စွမ်းဆောင်နိုင်မယ်ထင်တယ်"

ဂျူး သူ့ကြက်တူရွေးမကို ရာဘိုင်အိမ်သို့ယူလာသည်။ လှောင်အိမ်အဝတ်ကိုခွာလိုက်သည်နှင့် ထုံးစံအတိုင်း 'I want to have sex' ဟု ချက်ချင်းအော်သည်။ ရာဘိုင်၏ကြက်တူးရွေးနှစ်ကောင် ကြက်တူရွေးမကို ကြည့်ကြသည်။

ထို့နောက် တစ်ကောင်ကိုတစ်ကောင် ကြည့်ကြသည်။ တစ်ကောင်က နောက်တစ်ကောင်ကိုပြောသည်။

"ဟေ့ကောင်! ငါတို့ဆုတောင်းတာကို ဘုရားသခင်ကြားသွားပြီထင်တယ်"

☺

## ၁၀၇။ ဖေဖေနေကောင်းတယ်

ဂျူးလူငယ်တစ်ယောက် ရထားဖြင့်ခရီးသွားနေသည်။ သူမွေးသည့်မြို့မှာ ရထားသည် ဆယ်မိနစ်ခန့် ရပ်ရန်ရှိသည်။ (သူခရီးဆက်မည်) သူ့အဖေ ရထားဆီလာပြီး သားနှင့်တွေ့မည်၊ သူတို့ ဆယ်မိနစ်စကား ပြောခွင့်ရကြမည်။

ဤအချိန်တွင် ရထား နောက်ကျနေကြောင်း၊ ဂျူးမြို့ကလေးတွင် ရပ်နားတော့မည်မဟုတ်ကြောင်းကြေငြာသံကို ခရီးသည်များ ကြားကြရသည်။

လူငယ် စိတ်လှုပ်ရှားစ ပြုလာသည်။ 'ဘယ်လိုဖြစ်တာလဲ၊ အဖေ့ကို ငါမတွေ့ရတာ ငါးနှစ်ရှိပြီ။ ရထား သူ့ရှေ့ကဖြတ်သွားချိန်မှာ ငါ သူ့ကိုဘာပြောရမလဲ' လူငယ်သည် တွဲထဲမှာ ဟိုလျှောက်သည်လျှောက်နှင့် ဂဏှာမငြိမ်ဖြစ်နေသည်။ ဘာလုပ်ရင်ကောင်းမလဲဆိုသည်ကို စဉ်းစားသည်။ တွဲထဲက ခရီးသွားဖော်တွေကလည်း သူ့အဖြစ်ကိုကြည့်ပြီး

အကြံအမျိုးမျိုးပေးကြသည်။

ဟော! မြို့ကလေးကို ရထားဖြတ်ပြီ။ ရထားတွဲအဆင်းအတက် ကံခါးတွင် လူငယ်ရပ်ပြီး သူ့အဖေကိုအော်ပြောသည်။

''အဖေ. . . အီအီးပါတာ အဆင်ပြေရဲ့လား''

''အဆင်ပြေတယ် သား''

ရထား ဆက်မောင်းသွားသည်။ တွဲထဲကို လူငယ်ပြန်ဝင်လာသည့် အခါ သူ့ကိုဝိုင်းမေးကြသည်။

''မောင်ရင့်ဥစ္စာက ဘယ်လိုလဲ၊ လူကြားကောင်းမယ့် တခြားမေး ခွန်းမရှိဘူးလားကွ. . . ဟေ''

''အဖေ. . . အီအီးပါတာ အဆင်ပြေရဲ့လားဆိုတဲ့မေးခွန်းကို ကျွန် တော် တမင် သူ့ကိုမေးလိုက်တာပါ။ သူက 'အဆင်ပြေတယ် သား' လို့ဖြေတယ်။ သူ အခက်အခဲမရှိ အီအီးပါတာကိုထောက်ရင် သူ ကောင်း ကောင်းစားလို့ပေါ့။ သူကောင်းကောင်းစားတယ်ဆိုကတည်းက သူ့မှာ စားချင်စိတ်ရှိတယ်၊ ကောင်းတဲ့အစားအစာတွေကို စားနေရတဲ့သဘော ပေါ့။ ကောင်းတဲ့အစားအစာတွေကို အရသာရှိရှိ စားနေတယ်ဆိုတော့ သူကျန်းမာနေတယ်၊ ဝင်ငွေလည်း သိပ်မဆိုးဘူးလို့ အဓိပ္ပာယ်ကောက် ယူလို့ရတယ်ပေါ့ဗျာ''

☺

## ၁၀၈။ အမြတ်သာ အစီက

ရာဘင်နီုဗစ်ချ် နယူးယောက်သို့ အပြီးအပိုင်ပြောင်းသွားသည်။ အဲဒီမှာ စားသောက်ဆိုင်ဖွင့်ပြီး ဆိုင်ရှေ့မှာ 'အာရပ်တွေ မဝင်ရ'ဟူသော ဆိုင်းဘုတ်ကိုချိတ်လိုက်သည်။ ရက်အနည်းငယ်ကြာသော် စားသောက် ဆိုင်ထဲသို့ အာရပ်ရုပ်ပေါက်နေသော ဧည့်သည်ဝင်လာသည်။

စားပွဲထိုး ရာဘင်နီုဗစ်ချ်ဆီပြေးလာပြီး ဘာလုပ်ရမလဲဟုမေးသည်။ ရာဘင်နီုဗစ်ချ် စဉ်းစားပြီးပြောသည်။

"နေပါစေ. . . ငါ ပြဿနာမတက်ချင်ဘူး။ သူ့ကို အသားညှပ်ပေါင်မုန့်နဲ့ ကော်ဖီပေးလိုက်။ ဒါပေမဲ့ ဘောက်ချာရေးတဲ့အခါ တန်ဖိုးရဲ့ နှစ်ဆ ရေးလိုက်။ အဲဒါဆို နောက်တစ်ခါ သူလာမှာမဟုတ်တော့ဘူး"

စားပွဲထိုး ဆိုင်ရှင်ပြောသည့်အတိုင်း လုပ်လိုက်သည်။ သို့သော် နောက်တစ်နေ့ နေ့လယ်စာစားချိန်တွင် မနေ့က အာရပ် ရောက်လာပြန်သည်။ သည်တစ်ခါ အာရပ်ထံမှ ရာဘင်နီုဗစ်ချ် တန်ဖိုးသုံးဆ တောင်းခိုင်းလိုက်သည်။ နေ့လယ်စာစားပြီးသည်နှင့် 'ကျသင့်ငွေ'ကို လုံးဝမငြင်းဘဲ အာရပ်ဧည့်သည် ပေးချေသွားသည်။ စားဖိုမှူး၏လက်ရာကိုလည်း ချီးကျူးသွားသည်။ ထို့နောက် မနက်ဖြန်ညနေ လူဆယ်ဦးစာအတွက် ကြိုတင် 'ဘွတ်ကင်'လုပ်ထားချင်ကြောင်းပြောသည်။ ရာဘင်နီုဗစ်ချ် စဉ်းစားပြီး စားပွဲထိုးကိုပြောသည်။

"အိုကေ၊ သူ့အတွက် တစ်စားပွဲဖယ်ထားလိုက်။ ဒါပေမဲ့ ကျသင့်

ငွေကိုတော့ ဆယ်ဆပိုတောင်း''

နောက်နေ့ အာရပ်နှင့် သူ့မိတ်ဆွေများ ရောက်လာကြသည်။ အကောင်းဆုံးညစာကို မှာစားသည်။ စကားတစ်ခွန်းမှမဟာဘဲ ကျသင့်ငွေကို ပေးချေသွားသည်။ နောက်နေ့တွင် ရာဘင်နိုဗစ်ချ်၏ဆိုင်ရှေ့တွင် ဆိုင်းဘုတ်အသစ်ပေါ်လာသည်။

**'ဂျူးတွေ မဝင်ရ'**

☺

## ၁၀၉။ ကိုချူချာ ခံလိုက်ရပြန်ပြီ

ကဖေးထဲသို့ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ ဂျူးနှင့်ကိုချူချာတို့ ဝင်လာကြသည်။ သူတို့အားလုံးကို ယင်ကောင်ပါသော ကော်ဖီခွက် ချပေးသည်။ ခွက်ထဲကယင်ကောင်ကိုဖယ်ပြီး ကော်ဖီကို အင်္ဂလိပ် သောက်သည်။ ပြင်သစ် ဘာမှမသောက်ဘဲနေသည်။ ရုရှားက ယင်ကောင်နှင့်အတူ ကော်ဖီကိုသောက်ချလိုက်သည်။ ကော်ဖီဆိုတာ ဘာမှန်းမသိ၍ ကိုချူချာ ယင်ကောင်ကိုပဲ စားလိုက်သည်။ ဂျူးမှူ သူ့ယင်ကောင်ကို ကိုချူချာ၏ကော်ဖီနှင့်လဲလိုက်သဖြင့် ကော်ဖီနှစ်ခွက် သောက်လိုက်ရသည်။

☺

**ရွှေပဒေသာစာပေ**

## ၁၁၀။ ကျန်းမာရေး

ဂျူးလူနာကို စစ်ဆေးကြည့်ရှုပြီးနောက် ဆရာဝန်ကပြောသည်။

"ဒေါ်လာတစ်ရာ ကျပါတယ်"

"ဒေါက်တာ၊ ကျွန်တော်ဟာ ဆင်းရဲသူပါ"

"အိုကေ! အဲဒါဆို ငါးဆယ်ပဲပေး"

"ဒေါက်တာ၊ ကျွန်တော့်မှာ ကလေးသုံးယောက်ရှိတယ်။ မိန်းမက ဘာအလုပ်မှမလုပ်ဘူး"

"၂၅–ဒေါ်လာ"

"ကျွန်တော်ကိုယ်တိုင် တစ်ပတ်မှာ ၂–ရက်ပဲ အလုပ်လုပ်ပါတယ် ခင်ဗျာ"

"အိုကေ! ဆယ်ဒေါ်လာပေး။ ပြီးတာနဲ့ ဒီအခန်းထဲကထွက်သွား။ ဒါနဲ့စကားမစပ် ကျွန်တော့်ဆီမှာ ဈေးကြီးတယ်ဆိုတာ သိရက်သားနဲ့ ဘာဖြစ်လို့ ကျွန်တော့်ဆီလာတာလဲ"

ဂုဏ်ယူဝင့်ကြွားသောအမူအရာနှင့်. . .

"ကျန်းမာရေးနဲ့ပတ်သက်လာရင် ပိုက်ဆံကို ဂရုမစိုက်နိုင်ပါဘူးဗျာ"

☺

ရွှေပဒေသာစာပေ

## ၁၁၁။ ယုံမှပေါ့

ဂျူးတစ်ယောက် နယူးယောက်မှ တယ်လ်အဗစ်သို့ သေတ္တာကြီး နှစ်လုံးနှင့် ရောက်လာသည်။ အကောက်ဌာနကို သူဖြတ်သည်။ တာဝန်ကျအရာရှိက သေတ္တာတွေထဲမှာ ဘာလဲဟုမေးသည်။ ဂျူးက ပထမ သေတ္တာကိုဖွင့်ပြသည်။ တစ်ဒေါ်လာတန်ငွေစက္ကူတွေကို တစ်သေတ္တာ လုံးအပြည့်တွေ့ရသည်နှင့် အကောက်ဝန်ထမ်းက မေးသည်။

"ဒီလောက်များတဲ့ပိုက်ဆံ ခင်ဗျား ဘယ်ကရသလဲ။ ပြီးတော့ တစ်ဒေါ်လာတန်ငွေစက္ကူချည်းပဲ။ ကျေနပ်အောင်ရှင်းပြပါ"

"ဒီလိုပါ၊ ဒီနှစ်တွေအတွင်းမှာ ကျွန်တော် အမေရိကားကို အနှံ့ ရောက်ခဲ့တယ်။ ရောက်တဲ့နေရာတိုင်းမှာ အများသုံးအိမ်သာတွေထဲ ကျွန်တော် ဝင်ခဲ့တယ်. . . အပေါ့သွားနေတဲ့ အမေရိကန်တစ်ယောက် ယောက်ကိုတွေ့ရင် ကျွန်တော် သူ့အနားဆီ ကပ်သွားပြီးပြောတယ်။ 'အစွရေးအတွက် အကူငွေတစ်ဒေါ်လာထည့်ပါ'လို့ ကျွန်တော်ပြော တယ်။ မပေးရင် ခင်ဗျားဝှေးစေ့ကို ကျုပ်ဖြတ်ပစ်မယ်လို့လည်း ခြိမ်း ခြောက်တယ်။ ဒီနည်းနဲ့ ဒီလောက်များတဲ့တစ်ဒေါ်လာတန်တွေကို ကျွန် တော် ရလာတာပဲ"

ဂျူးပြောတာကိုမယုံသည့် အကောက်အရာရှိက ဟက်ဟက်ပက် ပက်ရယ်ရင်း ဒုတိယသေတ္တာကို မေးငေါ့ပြပြီးမေးသည်။

"ဒီသေတ္တာထဲမှာကော ဘာတွေလဲ"

''တချို့လူတွေက ကျွန်တော်ပြောတာကို အလေးအနက်မထား ဘူးလေဗျာ''

☺

## ၁၁၂။ ချွေးမလောင်း

မိမိမိန်းမယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဂျူးလူငယ်က သူ့ အမေကိုပြောသည်။

''အမေ၊ အမေအံ့ဩသွားအောင်လုပ်ပြဖို့ ကျွန်တော်ဆုံးဖြတ်ထား တယ်။ အမျိုးသမီးသုံးယောက်ကို တစ်ပြိုင်နက်နည်း အိမ်ကို ကျွန်တော် ခေါ်လာမယ်။ အဲဒီသုံးယောက်အနက်က ဘယ်သူဟာ ကျွန်တော့်ဇနီး လောင်းဖြစ်မလဲဆိုတာ အမေ အကဲခတ်ကြည့်စမ်းပါ''

နောက်နေ့တွင် အမျိုးသမီးသုံးယောက်ကို လူငယ်ခေါ်လာသည်။ တစ်ယောက်က ရွှေရောင်ဆံပင်နှင့်၊ နောက်တစ်ယောက်က ဆံပင် အမည်း၊ နောက်ဆုံးတစ်ယောက်က အနီရောင်ဆံပင်နှင့်ဖြစ်သည်။

ညနေစာအတူစားသောက်ပြီး မိန်းကလေးတွေ ပြန်သွားကြသော အခါ သားက အမေ့ကိုမေးသည်။

''မေမေ. . . ဘယ်လိုလဲ၊ ဘယ်သူလို့ မေမေထင်သလဲ''

''ဆံပင်အနီရောင်နဲ့ ကောင်မလေးပေါ့''

သားဖြစ်သူ ပြုံးပြီးပြောသည်။

**ရွှေပဒေသာစာပေ**

"သူမ ဖြစ်မယ်လို့ အမေဘယ်လိုလုပ်သိသလဲ"
"အစကတည်းက ဒင်းကို ငါကြည့်မရလို့"

☺

## ၁၁၃။ ကြက်ကိုနားလည်အောင်လုပ်ပါ

ပညာတတ်ဂျူးတစ်ယောက် စိတ်ကျန်းမာရေးဆေးရုံသို့ ရောက်လာပြီး ကြက်ဖက သူ့ဖင်ကိုဆိတ်လိမ့်မည်ဟု တစ်ချိန်လုံးထင်နေမိကြောင်း ဆရာဝန်ကိုပြောသည်။ လူနာ၏ဆန္ဒအတိုင်း သူ့ကိုဆေးရုံအုပ်ကြီး ဆေးရုံတင်လိုက်သည်။ တစ်ပတ်နှစ်ပတ် ကြာသွားသည်။ ပုံမှန်အမူအရာနှင့် ပြောဆိုဆက်ဆံနေသောလူနာကို ဆေးရုံမှာ ဆက်မထားနိုင်သဖြင့် ဆရာဝန်ကြီး သူ့ကို ဆေးရုံမှဆင်းခွင့်ပေးလိုက်သည်။

အိမ်ပြန်ဖို့ လူနာ ဆရာဝန်ကြီးကိုနှုတ်ဆက်သည်။ ဆရာဝန်ကြီးက နောက်ဆုံးစမ်းသပ်သည့်အနေနှင့် လူနာကိုမေးသည်။

"ခင်ဗျားရဲ့ဖင်ကို ကြက်ဖ ဆိတ်မှာမဟုတ်ဘူးဆိုတာ နားလည်ပြီလား"

"ကျွန်တော်ကတော့ နားလည်ပါတယ်၊ ဒါပေမဲ့ ကြက်ဖ နားလည်ပါ့မလား"

☺

ရွှေပဒေသာစာပေ

## ၁၁၄။ ဘာလိုချင်ပါလိမ့်

ဘီကျာနှင့် ဆရာတို့ ဆုံကြသည်။ ဆရာက မေးသည်။

''ဘီကျာ၊ နင့်ကိုကြည့်ရတာ ထီတစ်သိန်းပေါက်လို့ အရမ်းပျော်နေတဲ့မျက်နှာပါလား။ လျှို့ဝှက်ချက်ရှိရင် တို့လည်းသိပါရစေလေ''

''ဒီလိုဆရာရဲ့၊ လွန်ခဲ့တဲ့တနင်္လာနေ့က ရုပ်ချောတဲ့လူငယ်တစ်ယောက် ငါ့အိမ်တံခါးကိုခေါက်ပြီးမေးတယ်။ 'ခင်ဗျားယောက်ျား မိုညာအိမ်မှာရှိသလား'တဲ့။ ငါက မရှိဘူးလည်းဖြေလိုက်ရော ငါ့လက်နှစ်ဖက်ကို ဖမ်းချုပ်ပြီး အိမ်ပေါ်ကိုခေါ်တင်သွားတယ်။ အပေါ်ရောက်တော့ အိပ်ခန်းထဲဝင်ပြီး အိပ်ရာပေါ်မှာ တို့နှစ်ယောက် သုံးနာရီကြာ ချစ်စခန်းဖွင့်ကြတယ်''

''နောက်နေ့ အင်္ဂါနေ့ကျတော့လည်း တံခါးလာခေါက်ပြန်တယ်၊ မနေ့ကလူငယ်ပဲ။ 'ခင်ဗျားယောက်ျား မိုညာရှိသလား'လို့ပဲမေးတယ်။ ငါက မရှိဘူးလည်းဖြေလိုက်ရော ငါ့လက်နှစ်ဖက်ကိုဆွဲကိုင်ပြီး အိမ်ပေါ်ခေါ်တယ်သွားတယ်။ အိပ်ရာပေါ်မှာ တို့နှစ်ယောက် ချစ်စခန်းဖွင့်တာလေးနာရီကြာသွားတယ်''

''မနေ့ကလည်း ဒီအတိုင်းပဲ၊ တံခါးခေါက်တယ်၊ 'မင်းယောက်ျား မိုညာရှိသလား'လို့မေးတယ်။ မရှိဘူးလည်းဖြေရော အိမ်ပေါ်ခေါ်သွားပြီး ချစ်စခန်းဖွင့်တာ ငါးနာရီကြာတယ်။ ဒီကိစ္စမှာ ငါစိုးရိမ်တာ တစ်ခုပဲရှိတယ်''

**ရွှေပဒေသာစာပေ**

"အဲဒါ ဘာလဲ" ဆာရာက မေးသည်။

"ငါ့ယောက်ျား မိုညာဆီက သူဘာလိုချင်ပါလိမ့်နော်"

☺

## ၁၁၅။ ရေကြည့်

ရာဘင်နိုဗစ်ချ်က သူ့တူကိုမေးသည်။

"ဖီးမာ၊ မင်းကို ငါဒေါ်လာတစ်ထောင်ပေးရင် မင်းဘာလုပ်မလဲ"

"အရင်ဆုံး ရေကြည့်မယ်"

☺

## ၁၁၆။ မနေမြောနဲ့

ဂျူးအဘိုးကြီး လက်ဖက်ရည် အင်မတန်အဖျော်ကောင်းသည်။ သူ့လက်ဖက်ရည်ကိုသောက်ချင်သည့်မိတ်ဆွေတွေကို သူ့အိမ်မှာ အမြဲ တွေ့ရသည်။

အရသာရှိသဖြင့်လည်း ၄င်းကို အမြဲတမ်းမေးကြသည်။

"အာဘရမ်၊ လက်ဖက်ရည်ဖျော်တဲ့လျှို့ဝှက်ချက်ရှိရင် ပြောပြနော်၊ ကိုယ်နဲ့အတူ သင်္ချိုင်းကိုယူမသွားနဲ့"

အာဘရမ် သေဖို့အချိန်ရောက်လာသည်။ မိတ်ဆွေတွေ စုလာကြ

သည်။ မသေခင် လက်ဖက်ရည်ဖျော်သည့်လူ့ိ၀ှက်ချက်ကို ဝိုင်းမေး ကြသည်။ အာဘရမ် အသံယဲ့ယဲ့နှင့်ပြောသည်။

''မိတ်ဆွေတို့. . . နုပ်ရည်ကို မနှမြောကြနဲ့''

☺

## ၁၁၇။ မပျင်းနဲ့

ထောင်ထဲတွင်ဖြစ်သည်။

''ဘာအတွက် ထောင်ကျတာလဲ''

''ဟာသပြောမိလို့''

''မင်းကကော''

''ဟာသကို နားထောင်မိလို့''

''မင်းရော''

''ပျင်းမိလို့၊ ညနေပိုင်းစကားဝိုင်းမှာ နိုင်ငံရေးဟာသတွေ အများကြီးပြောခဲ့ကြတယ်။ အိမ်အပြန်လမ်းမှာ စဉ်းစားတယ်၊ အခုပဲ သွားပြီး အကြောင်းကြားရမလား၊ ဒါမှမဟုတ် မနက်ကျမှ သတင်းပေးရမလား လို့။ အဲဒါ ညမှာ လာခေါ်သွားတယ်''

☺

ရွှေပဒေသာစာပေ

## ၁၁၈။ ဒါကြောင့်

''ဘယ်နိုင်ငံဟာ ကာကွယ်မှုအရှိဆုံးလဲ''

''အစ္စရေးပေါ့၊ သူ့မှာ ရင်းနှီးတဲ့အိမ်နီးချင်းမရှိဘူး''

☺ ☺ ☺

## ၁၁၉။ နိုင်ငံရေးသင်တန်း

ချက်ကိုစလိုဗက်ကီးယားတပ်မတော်တွင် နိုင်ငံရေးသင်တန်းပေးရာ အရင်းရှင်စနစ်အကြောင်း ဘာသိသလဲဟု တပ်သားကို အရာရှိက မေးသည်။

''အရင်းရှင်တွေဟာ ကျွန်တော်တို့နိုင်ငံကို အမြဲတမ်းသိမ်းချင်နေတယ်''

''ဟုတ်တယ်၊ နောက်ဘာပြောနိုင်သေးသလဲ''

''ဒါပေမဲ့ ဆိုဗီယက်ယူနီယံ လက်ဦးသွားတယ်''

☺

## ၁၂၀။ ချစ်ကြည်ရေး

ပိုလန်နိုင်ငံ၊ ဝါဆောမြို့လယ်ခေါင်တွင် ဆိုင်းဘုတ်အကြီးကြီးချိတ်

ထားသည်။

''ဆိုဗီယက်–ပိုလန် ချစ်ကြည်ရေးလ' ဟူ၍ဖြစ်သည်။

ဆိုင်းဘုတ်အောက်နားတွင် လက်ရေးနှင့်ဖြည့်ရေးထားသည်။

''တစ်ရက်မှ မပိုစေနဲ့''

☺

## ၁၂၁။ မသိဘာကောင်းတယ်

ချက်ကွန်မြူနစ်ပါတီသို့ ဝင်ခွင့်လျှောက်ထားရာတွင် လျှောက်ထားသူတိုင်းကို အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ် ဘာကွာသလဲဟူသည့် မေးခွန်းကိုမေးသည်။

တစ်ယောက်က မသိဟုဖြေသည်။ ၎င်းကို ပါတီဝင်အဖြစ် လက်ခံလိုက်သည်။

နောက်တစ်ယောက်က ကောင်းကောင်းမသိသဖြင့် နောက်တစ်နှစ်ကြာမှပြန်လာရန် မှာလိုက်သည်။

တတိယလူက စနစ်နှစ်ခု၏ကွာခြားချက်ကို ကောင်းကောင်းသိသည်။ သူ့ကို ထောင်သုံးနှစ်ချလိုက်သည်။

☺

**ရွှေပဒေသာစာပေ**

## ၁၂၂။ လာခေါ်သွားပြီ

အင်္ဂလပ်၊ ပြင်သစ်နှင့်ရုရှားတို့ ဘဝပျော်ရွှင်မှုနှင့်ပတ်သက်၍ မိမိတို့ခံစားချက်အကြောင်းကို ဖလှယ်နေကြသည်။

အင်္ဂလိပ်က ပြောသည်။

''ဆောင်းရာသီမှာ အမဲလိုက်လို့အပြီး အိမ်ကိုပြန်လာတယ်၊ လက်ထဲမှာ အကောင်းစားဘရန်ဒီခွက်ကိုကိုင်ပြီး မီးလင်းဖိုဘေးက ကုလားထိုင်မှာ ဇိမ်ယူပြီးထိုင်ရတာ တကယ့်ပျော်ရွှင်မှုပဲဗျာ''

ပြင်သစ်က ပြောသည်။

''ကျွန်တော့်အတွက် ပျော်ရွှင်မှုကတော့. . . မိန်းမချောနဲ့အတူ အကောင်းစား စားသောက်ဆိုင်မှာ ကောင်းကောင်းစားမယ်၊ ဝိုင်သောက်မယ်၊ အဲဒီနောက် တစ်ညလုံး ချစ်စခန်းဖွင့်ရတာ၊ ဘာနဲ့မှ မလဲချင်တဲ့ တကယ့်ခံစားမှုပဲဗျာ''

ရုရှားက ပြောသည်။

''ပျော်ရွှင်မှုကို ခင်ဗျားတို့နားမလည်သေးပါဘူး၊ တစ်နေ့တာ ပင်ပင်ပန်းပန်းအလုပ်ပြီးလို့ ကျွန်တော်ရယ်၊ မိန်းမရယ်၊ ကလေး ၂-ယောက်ရယ်၊ ယောက္ခမရယ်အပြင် အခြားအိမ်ထောင်စုငါးခု ပေါင်းနေရတဲ့ ကိုယ့်ရဲ့အိမ်ခန်းကိုပြန်ရောက်လာတဲ့အခါ ညအချိန်မတော် တစ်ယောက်ယောက်က အကျယ်ကြီးတံခါးခေါက်ပြီး 'အီဗန်နေ့ ဒီမှာနေသလား'လို့ မေးလို့၊ 'မနေဘူး၊ အပေါ်ထပ်မှာဗျာ'လို့ ဖြေလိုက်ရတာ

လောက် စိတ်ထဲက ကြည်နူးပျော်ရွှင်ရတာ မရှိဘူးဗျာ''တဲ့။

☺

## ၁၂၃။ မြင်ဖူးပြီ

ဆရာဝန်က လူနာကိုပြောသည်။

''ခင်ဗျား အခုချက်ချင်း အရက်သောက်တာကို ရပ်ချင်ရပ်၊ ဒါမှ မဟုတ် မျက်စိစုံလုံးကန်းမယ်။ ကြိုက်တာရွေး''

''ဒေါက်တာရယ်၊ ကျွန်တော်အသက်ကြီးပါပြီ။ ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော် အကုန်လုံးကိုမြင်ခဲ့ဖူးပြီထင်တာပဲဗျာ''

☺

## ၁၂၄။ အရသာမရှိပါဘူး သမီးရယ်
## (ရုရှားနိုးသမားမိတ်ဆွေသို့ အောက်မေ့လျက်)

ဖိုးသမားတွေ ဝိုင်းစုသောက်ဖို့ ပြင်နေကြသည်။ ခွက်တွေထဲ ငှဲ့လိုက်ကြသည်။ ငှဲ့ပြီးသည်နှင့် ကိုယ့်သက်ဆိုင်ရာခွက်တွေကို ဖြိုလိုက်ကြသည်။ ရုတ်တရက် ကောင်မလေးတစ်ယောက် ပြေးလာပြီး အဖေဖြစ်သူ ဖိုးသမားကို ပြောသည်။

''အဖေ၊ ပြန်ကြရအောင်။ အိမ်မှာ အမေငိုနေတယ်''

**ရွှေပဒေသာစာပေ**



အဖေဖြစ်သူ ကောင်မလေးအတွက် ဗော့ဒ်ကာတစ်ခွက် ထည့်ပေးသည်။

"သောက်လိုက် သမီး"

"အဖေကလည်း မလုပ်ပါနဲ့၊ အိမ်ပြန်ကြရအောင်ပါ"

"ဟော့! သောက်လို့ မင်းကိုငါပြောနေတယ်"

ကောင်မလေး နည်းနည်းစမ်းသောက်ကြည့်သည်။ ချက်ချင်းပဲ ပြန်အန်ထုတ်သည်။

"ဖူး. . . အန်ချင်စရာကြီး"

"အေး. . . မင်းနဲ့မင်းအမေက အဖေ ဒီမှာ ပျားရည်သောက်နေတယ်လို့ ထင်နေကြတယ်. . . ဟင်း"

☺

**ရွှေပဒေသာစာပေ**

## ၁၂၅။ အထင်ကြီးစရာမလိုပါဘူး

**(စနစ်နှစ်ရပ်ပြိုင်တုန်းက ပြောခဲ့ကြသည့်ဟာသ)**

**(အမေရိကန်စကားပုံ – ပထမဒေါ်လာတစ်သန်းကနေ လွတ်လပ်မှု စတာပဲ)**

အမေရိကားမှာ လူတိုင်းဆန္ဒရှိရင် သန်းကြွယ်သူဌေးဖြစ်နိုင်တယ်။ အမေရိကန်တစ်ယောက် ပန်းသီးတစ်လုံးတွေ့တယ်၊ သူ့ကို သူရေဆေးလိုက်တယ်။ အရောင်ပြောင်လက်လာတယ်၊ အဲဒီပန်းသီးကို သူရောင်းဖို့လုပ်တယ်။ သူရောင်းလိုက်တယ်။ ရတဲ့ပိုက်ဆံနဲ့ ပန်းသီးနှစ်လုံးဝယ်တယ်။ နှစ်လုံးစလုံးကို ရောင်းလိုက်တယ်။ အဲဒီနောက် ပန်းသီးလေးလုံးဝယ်တယ်။ အဲဒီနောက် ရှစ်လုံး၊ အဲဒီနောက် ဆယ်လုံး၊ အဲဒီနောက် တစ်သေတ္တာ ဝယ်လိုက်တယ်။ အဲဒီပန်းသီးတွေကို သူအရောင်းအဝယ်လုပ်တယ်။

မကြာဘူး. . . သူ့အဒေါ်ဆုံးသွားတယ်။ သူ့အဒေါ်ကို သူ တစ်ခါမှ မသိခဲ့ဖူးဘူး။ အဲဒီအဒေါ်က သူ့အတွက် ဒေါ်လာတစ်သန်း အမွေထားရစ်ခဲ့တယ်။ ဒီနည်းနဲ့ သူ သန်းကြွယ်သူဌေးဖြစ်လာတယ်။ မြင်တဲ့အတိုင်း သန်းကြွယ်သူဌေးဖြစ်ဖို့အလွယ်လေး။

☺

## ၁၂၆။ သန်းကြွယ်သူဌေးနဲ့ဆိုဗီယက်လုပ်သား တွေ့ကြပြီ

အမေရိကန်နဲ့ဆိုဗီယက်လုပ်သားတို့ ရထားတွဲပေါ်မှာ တွေ့ကြတယ်၊ ဆိုဗီယက်လုပ်သားဟာ ဆိုရှယ်လစ်လုပ်သားသူရဲကောင်း။ ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူနေတဲ့သူ။ တစ်ဖက်က လူမှုရေးစနစ်ရဲ့အထက်က အသာစီးယူထားတယ်လို့ ယုံတဲ့သူ။ ရုရှားအီဗန်က မေးသည်။

"ကျွန်တော့်ကိုကျေးဇူးပြု၍ ပြောစမ်းပါ၊ ခင်ဗျားတို့အမေရိကားမှာ ဘယ်သွားသွား. . . လတ်ဆတ်တဲ့ စတော်ဘယ်ရီသီးကို ဝယ်လို့ရတယ်ဆို"

"လမ်းဆုံလမ်းခွတိုင်းမှာရယ်လို့တော့ မဟုတ်ပါဘူး၊ ဆိုင်တွေမှာတော့ ဆောင်းထွက် စတော်ဘယ်ရီသီးတွေ ရပါတယ်"

ဘာထပ်မေးရမလဲဆိုတာကို ဆိုဗီယက်လုပ်သားကြီး အတန်ကြာစဉ်းစားသည်။

"ခင်ဗျားတို့အိမ်ခန်းတွေမှာ လူတိုင်းအတွက် အိမ်သာရှိတယ်လို့ ပြောကြတယ်။ အဲဒါအဟုတ်ပဲလားဗျာ"

"လူတိုင်းအတွက်မဟုတ်ပါဘူး။ အခု ကျွန်တော့်အိမ်မှာ လူငါးယောက်ရှိတယ်၊ အိမ်သာက နှစ်ခု၊ လုံလောက်ပါတယ်"

ဆိုဗီယက်လုပ်သား စဉ်းစားခန်းဝင်သွားပြန်သည်။

"ကျွန်တော်တို့စက်ရုံမှာ လုပ်သားတွေကို စိုက်ပျိုးရေးခြံမြေတွေ ပေးတယ်၊ ခင်ဗျားတို့ဆီမှာကော ဘယ်လိုရှိလဲ"

"ကျွန်တော်တို့ဆီမှာလည်း စိုက်ပျိုးရေးခြံမြေတွေရှိပါတယ်"

"ကြီးသလား"

"ခင်ဗျားကို ဘယ်လိုရှင်းပြရမလဲ၊ ဒီလိုဗျာ. . . မနက်တိုင်း ကျွန်တော် ကားပေါ်ထိုင်ပြီး ခြံမြေကိုလျှောက်ပတ်ကြည့်တာ မှောင်စပျိုးမှပြီးတယ်"

ဆိုဗီယက်လုပ်သား ဝမ်းသာသွားသည်။

"ဟဲဟဲ. . . ကျုပ်တို့ကားတွေလည်း သုံးစားလို့မရပါဘူးဗျာ"

☺ ☺ ☺

**(အထက်တန်းစားအင်္ဂလိပ်တွေမှာလည်း စပ်ဖြမ်းဖြမ်းဟာသတွေရှိသည်။ အချို့ကို တင်ဆက်လိုက်ပါသည်။)**

## ၁၂၇။ အလှည့်ကိုစောင့်

လော့ဒ်ချက်စတာဖီးလ် အိမ်ကိုပြန်ရောက်လာသည်။ သူ့အိမ်စောင့်ကို အိမ်ရှေ့ဧည့်ခန်းမှာ အခန့်သား ထိုင်လျက်တွေ့ရသည်။ အိမ်မှာနေသည့်အခါ လော့ဒ်ဝတ်သည့်အင်္ကျီကိုလည်း ဝတ်ထားသည်။ ဤမျှမက လော့ဒ်၏ကုလားထိုင်မှာထိုင်ရင်း လော့ဒ်သောက်သည့် စီးကရက်နှင့် ဝိစကီကိုပါ ဖိမ်ခံသောက်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ဒေါသထွက်နေတဲ့လော့ဒ်က 'ဂျိမ်းစ်'လို့အော်လိုက်တယ်။

**ရွှေပဒေသာစာပေ**

"မင်း ငါ့မိန်းမရဲ့အခန်းထဲကို ဘာဖြစ်လို့ တစ်ခါတည်းဝင်မသွားတာလဲကွပော"

အစောင့် ပခုံးတွန့်ပြီး ပြန်ပြောတယ်။

"ကျွန်တော်ဝင်ချင်တာပေါ့၊ ဒါပေမဲ့ အထဲက မာလီ ပြန်ထွက်လာသည်အထိ စောင့်ရဦးမယ်ဗျ"

☺

## ၁၂၈။ ဘာဆိုင်လို့လဲ

မိန်းမနှင့်ကလေးကိုထားသည့် သားဖွားဆေးရုံသို့ ဂျော့ရောက်လာသည်။ ကလေးနှင့်သူ့အမေရှိသည့်အခန်းသို့ ဝင်ခွင့်ရသည်။ ဇနီးသည်ကို သူ ပထမနမ်းသည်။ ထို့နောက် သူမကိုလွှတ်ကာ မွေးခါစကလေးငယ် အိပ်သည့်နေရာဘက်သို့ ရွေ့သွားသည်။ ဤမှာပင် သူအကြီးအကျယ်တုန်လှုပ်ချောက်ချားသွားရသည်။ ကလေးငယ်မှာ အသားမည်းကလေးငယ် ဖြစ်နေသောကြောင့်ပင်။

ဇနီးဖြစ်သူ နည်းနည်းမျှ ဣန္ဒြေမပျက်။

"စုတ်ပဲ့တဲ့ဝက်ပုပ်" သူမ အကျယ်ကြီးအော်သည်။

"အခုတော့ ရှင်မငြင်းနိုင်တော့ပြီလေ။ ကျွန်မတို့အိမ်က နီဂရိုးအစေခံမကို ရှင်ခြေတော်တင်နေတယ်ဆိုတာ ဘယ်လိုမှမငြင်းနိုင်တော့ဘူးမဟုတ်လား"

☺

**ရွှေပဒေသာစာပေ**

## ၁၂၉။ စောင့်ပါ



''ဒေါက်တာ၊ ကျွန်တော့်မိန်းမ အမြဲတမ်းမကျေမနပ်ဖြစ်နေတယ်။ အကြံပေးပါဦး''

''သည်းခံပြီးစောင့်''

''ဘာကိုစောင့်ရမှာလဲ''

''သူသေတာဖြစ်ဖြစ်၊ ခင်ဗျားသေတာဖြစ်ဖြစ်. . . စောင့်''

☺

## ၁၃၀။ ဆုံးအောင်နားထောင်မှပေါ့

သဲကန္တာရရှိတပ်ဖွဲ့သို့ ဗိုလ်ချုပ်ကြီး စစ်ဆေးရေးထွက်လာသည်။

ရွှေပဒေသာစာပေ

ဗိုလ်ချုပ်က ပြောသည်။

''မင်းတို့တွေ တော်တော်အဝေးကြီးကို ရောက်နေကြတာပဲ။ ဒါနဲ့ ဆန့်ကျင်ဘက်လိုင်ပြဿနာကို မင်းတို့ဘယ်လိုဖြေရှင်းကြလဲ''

မလှမ်းမကမ်းမှာ ကြိုးနှင့်ချည်ထားသောမြည်းကို ဗိုလ်တစ်ယောက်က ညွှန်ပြသည်။ ဗိုလ်ချုပ်ကြီး ဆုံးအောင်နားမထောင်ဘဲ မှတ်ချက်ပေးသည်။ ''မင်းတို့ အတွေးတော်ကြတာပဲ''

သို့ပြောပြီး မြည်းဆီလျှောက်သွားပြီး မိမိ၏အာသာဆန္ဒကို ဖြည့်ဆည်းလိုက်သည်။ ထို့နောက် အသင့်အနေအထားနှင့်ရှိနေသော စစ်သားများထံ ပြန်လာပြီး. . .

''မဆိုးဘူးကွ၊ မဆိုးတာမှ တော်တော့်ကိုမဆိုးတာ''

တပ်ဖွဲ့မှူးက ပြောသည်။

''ဗိုလ်ချုပ်ကြီး၊ ကျွန်တော့်စကားကို ဆုံးအောင်နားမထောင်လိုက်ပါဘူး။ ကျွန်တော်တို့ အဲဒီမြည်းကိုစီးပြီး အနားကရွာကို သွားတယ်ခင်ဗျ''

☺

## ၁၃၁။ ဆွေးနွေးသည့်အကြောင်းအရာ

တက္ကသိုလ်၏ကော်ရစ်ဒါတစ်လျှောက် ပါမောက္ခနှစ်ယောက် လမ်းလျှောက်ရင်း အသံခပ်တိုးတိုးနှင့် ဆွေးနွေးလာကြသည်။ သူတို့ကိုဖြတ်

ပြေးသွားသည့် ကျောင်းသားတစ်ယောက် သူတို့နှစ်ဦးကို မတော်တဆ တိုက်မိသွားသည်။ ခွင့်လွှတ်ပါရန် တောင်းပန်ပြီး ဆက်ပြေးမည်လုပ်သည်။ နောက်ပါမောက္ခက သူ့ကိုတားလိုက်သည်။

''ဒီမှာမောင်ရင်၊ အခုပဲ မျက်မှောက်ခေတ်သိပ္ပံပညာရဲ့ မီးရှူးတန်ဆောင်ကို ရိုင်းပြစွာ တွန်းလိုက်တယ်။ ဆောရီးလို့အလွယ်တကူပြောပြီး ဆက်ပြေးမယ်လုပ်တယ်။ မောင်ရင့်ရဲ့မဆင်ခြင် မစဉ်းစားဘဲ လုပ်လိုက်တဲ့လုပ်ရပ်ဟာ ရှာဖွေတွေ့ရှိချက်အသစ်ဆီကို ဦးတည်နေတဲ့ အတွေးစကို ရပ်ဆိုင်းလိုက်သလိုဖြစ်သွားတယ်''

လူငယ်ကျောင်းသား ရှက်စိတ်နှင့် မျက်နှာနီလာသည်။ ခွင့်လွှတ်ဖို့ အမျိုးမျိုးတောင်းပန်သည်။ နောက်ဆုံး သူ့ကိုခွင့်လွှတ်လိုက်သည်။

ပထမပါမောက္ခက ဒုတိယပါမောက္ခကိုပြောသည်။

''ဒါနဲ့ ကျွန်တော်တို့ဆွေးနွေးနေတာ ဘယ်မှာရပ်ထားခဲ့သလဲဗျ''

''ဟိုနေရာမှာဗျာ၊ သူမရဲ့ခြေနှစ်ဖက်ကို ကျွန်တော်ဆွဲဆန့်လိုက်တယ်''

☺

**၁၃၂။ ကွန်မြူနစ်စနစ်အောင်မြင်ပြီ**

**(၁၉၈၀ အရောက်တွင် ဆိုဗီယက်ပြည်ထောင်စုမှာ ကွန်မြူနစ်စနစ် အောင်မြင်စေရမည်ဟု ထိုစဉ်က ခေါင်းဆောင် ကရုရှက် ကြေညာခဲ့သည်။)**

**ရွှေပဒေသာစာပေ**

ဘန်းညာဟုခေါ်သော ဘုံရေချိုးခန်းသို့ ယောက်ျားကြီး ရေသွားချိုးသည်။ အဲဒီမှာ ရေအေးနဲ့ရော ရေနွေးနဲ့ပါ ချိုးလို့ရသည်။ လုပ်သားကြီး ရေနွေးနှင့်ချိုးသည်။ ပြီးသောအခါ ဘီယာသောက်ပြီး ဖိမ်ယူမည်ကြံသည်။ သို့နှင့် ရေချိုးခန်းရှိဘီယာဆိုင်မှ အမျိုးသမီးဝန်ထမ်းကို ဘီယာမှာလိုက်သည်။

ခွက်ထဲသို့ အမျိုးသမီး ဘီယာငှဲ့ပေးသည်။ သို့သော် ဘီယာခ ပိုက်ဆံမယူချေ။ ဤသတင်းသည် ရေချိုးခန်းလာ လုပ်သားပြည်သူများ အကြား ချက်ချင်းပြန့်နှံ့သွားသည်။ အတင်းတိုးငေ့တာတွေ၊ စကားများရန်ဖြစ်တာတွေ၊ ထိုးပွဲကြိတ်ပွဲတွေဖြစ်ကုန်သည်။ မကြာခင် ရဲသားများ ရောက်လာသည်။ ဆိုင်ဝန်ထမ်းက အဆောက်အဦ၏ထောင့်တစ်နေရာမှာ ထိုင်နေသောအဘိုးကြီးကိုညွှန်ပြပြီး သောက်သမျှဘီယာဘိုးကို ပိုပိုမိုမိုကြိုချေထားကြောင်း ရှင်းပြသည်။

အဘိုးကြီးကို ချောင်ထဲကခေါ်လာပြီး မည်သည့်ရည်ရွယ်ချက်နှင့် ဘီယာအလှူပေးရသည့်အကြောင်းရင်းကိုမေးသည်။

"ဟုတ်တယ်၊ ကျုပ် ဘီယာအလှူပေးလိုက်တယ်။ ကျုပ်အသက်ကြီးပြီ၊ ၁၉၈၀ အထိ နေရမှာမဟုတ်ဘူး။ ဒါကြောင့် အလှုံပယ်ပေါကြွယ်ဝနေမယ့် ကွန်မြူနစ်စနစ်အောက်မှာ လူတွေဘယ်လိုနေကြမလဲဆိုတာ သိချင်တာနဲ့ပဲ စမ်းသပ်ကြည့်လိုက်တာ"

☺

## ၁၃၃။ ဘယ်သူပါလိမ့်

ဂျူးအဘိုးအို ဆရာဝန်ကိုပြောသည်။

''ဒေါက်တာ၊ ကျွန်တော်ဘာလုပ်ရမလဲ။ ကျွန်တော့်ကို တစ်ခုခု ကူညီနိုင်ကောင်းပါရဲ့ဆိုတဲ့မျှော်လင့်ချက်နဲ့ ဆရာ့ဆီရောက်လာခဲ့တာပဲ။ ကျွန်တော့်ဇနီးနဲ့ ကျွန်တော်မအိပ်တာ အတော်ကြာပြီဆရာ''

''သူမနဲ့ လင်လိုမယားလို မနေတာ ဘယ်လောက်ကြာပြီလဲ''

''ဒေါက်တာ၊ ကြာလှပါပြီဗျာ။ အခု သူမကို ကျွန်တော် ဖုန်းဆက်မေးလိုက်ပါ့မယ်''

တယ်လီဖုန်းကိုလှည့်သည်။

''ဆာရာ၊ မင်းနဲ့ငါ နောက်ဆုံးအကြိမ် လင်မယားတာဝန် ထမ်းဆောင်ကြတာ ဘယ်လောက်ကြာပြီလဲ''

ဆာရာ ပြန်မေးသည်။

''အခုပြောတာ ဘယ်သူလဲဟင်''

☺

## ၁၃၄။ မိန်းမချင်းရင်းနှီးမှု

ယောကျ်ားချင်းရင်းနှီးမှုနှင့် မိန်းမချင်းရင်းနှီးမှု ဘယ်သူက ပိုခိုင်မာသနည်းနှင့်ပတ်သက်၍ ယောကျ်ားနှင့်မိန်းမ အငြင်းပွားကြသည်။

**ရှေ့ပဒေသာစာပေ**

ယောက်ျားက ပြောသည်။

"ငါ့သူငယ်ချင်းပီတာဟာ အင်မတန်စိတ်ချရတဲ့သူငယ်ချင်း။ ဘယ်အခြေအနေမျိုးမှာမဆို ငါ့ကိုပစ်မသွားဘူး"

မိန်းမက ပြောသည်။

"အိုင့်သူငယ်ချင်းမနဲ့အိုင်ဟာ ကလေးဘဝကတည်းက အတူတူ၊ စကားမပြောဘဲနဲ့ တစ်ယောက်ကိုတစ်ယောက် နားလည်ကြတယ်။ အမြဲတမ်းလည်း အကာအကွယ်ပေးကြတယ်"

စမ်းသပ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ မိန်းမက ယောက်ျား၏သူငယ်ချင်းဆီ ဖုန်းဆက်သည်။

"ရှင့်ဆီသွားတယ်လို့ ကျွန်မယောက်ျားပြောတယ်၊ ရှင့်ဆီ သူရောက်လာသလား"

သူငယ်ချင်းက ပြန်ဖြေသည်။

"အခုလည်း သူ တို့ဆီမှာပဲလေ၊ ဆေးလိပ်ဝယ်မလို့ဆိုပြီး ခဏထွက်သွားတယ်။ စိတ်မပူစမ်းပါနဲ့၊ အခုကိုပြန်ရောက်လာမှာပါ"

ယောက်ျားက မိန်းမ၏သူငယ်ချင်းကိုဖုန်းဆက်သည်။

"ငါ့မိန်းမ မင်းဆီသွားတယ်လို့ပြောတယ်၊ မင်းတို့စကားဝိုင်း ကြာဦးမှာလား"

သူငယ်ချင်းမ ချက်ချင်းပြန်မဖြေ။ အတန်ကြာမှ ပြန်ပြောသည်။

"ငါပြောသားပဲ၊ ဒီကောင်မကိုမယုံနဲ့လို့"

☺

**ရွှေပဒေသာစာပေ**

## ၁၃၅။ ရုရှားဆိုမှန်းတယ်

**(ဒုတိယကမ္ဘာစစ်အပြီး အက်စတွန်းနီးယားနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုထဲသို့ သွတ်သွင်းခြင်းခံလိုက်ရသည်။ ၁၉၉၀ နှစ်များအတွင်း ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသောအခါမှ လွတ်လပ်သောအက်စတွန်းနီးယားနိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။)**

မြို့တော် တာလင်ရှိ တိရစ္ဆာန်ဉယျာဉ်။

နေသာသော တနင်္ဂနွေနေ့။

ကလေးငယ်တစ်ယောက် ခြေချော်ပြီး ဘေးကရေကန်ထဲ ကျသွားသည်။ ရေကန်မှာ မိချောင်းတွေကို မွေးထားသည်။ ကလေးငယ်၏အဖြစ်ကို မြင်တွေ့လိုက်ရသောလူငယ်သည် ရေကန်ထဲခုန်ဆင်းပြီး ကလေးကို ရေထဲမှဆွဲတင်လိုက်သည်။ ကယ်တင်ရှင်သူရဲကောင်းကို ဝိုင်းအုံချီးကျူးကြသည်။

လူအုပ်ကြားထဲသို့ မျိုးချစ်သတင်းစာ၏သတင်းထောက်လည်း တိုးဝင်လာသည်။ ၎င်းက အက်စတွန်းနီးယားဘာသာစကားဖြင့် လူငယ်ကို ပြောသည်။

''သူရဲကောင်းပီသတဲ့တကယ့်လုပ်ရပ်ပါပဲ၊ ဒါမျိုးကို တကယ့်အက်စတွန်းနီးယားသားသာ လုပ်နိုင်တာဗျ''

လူငယ်က ရုရှားဘာသာဖြင့် ပြန်ပြောသည်။

''ဒီလောက်အထိ ဂုဏ်မြှောက်စရာမလိုပါဘူး။ ဒါမျိုးဟာ ယောကျ်ား

တိုင်းလုပ်ရမယ့်တာဝန်ပါ။ တကယ်တော့ ကျွန်တော်ဟာ ကော့တလာမြို့က ရှုရှားပါ။ ကျွန်တော်တို့သူငယ်ချင်းတွေနဲ့ လေ့လာရေးခရီးထွက်လာတာပါ''

နောက်နေ့မနက်ပိုင်းထုတ် မျိုးချစ်သတင်းစာ ပထမစာမျက်နှာတွင် သတင်းခေါင်းစီးကို အောက်ပါအတိုင်းဖော်ပြထားသည်–

**'မိချောင်း၏နံနက်စာကို မှုးနေသောရှုရှား လုယူသွားခြင်း'**တဲ့။

☺

## ၁၃၆။ မှားသွားပြီမောင်

ရုပ်ဖျက်ကပွဲ(masquerade) တက်ဖို့ လင်မယားစုံတွဲ ဖိတ်ကြားခြင်းခံရသည်။

ဖြစ်ချင်တော့ ကပွဲသွားဖို့ အိမ်ကထွက်ခွာခါနီးတွင် အမျိုးသမီး ခေါင်းအလွန်ကိုက်သဖြင့် မလိုက်တော့ဘဲ အိမ်မှာ နေကျန်ရစ်သည်။ သူမ ခေါင်းကိုက်ပျောက်ဆေးသောက်ပြီး အိပ်ရာမှာ အနားယူလိုက်သည်။ ယောကျ်ားကတော့ သူ၏ရုပ်ဖျက်ဝတ်စုံကိုယူပြီး ကပွဲရှိရာသို့ ထွက်သွားသည်။

တစ်နာရီကြာသွားသည်။ ဆေး၏အာနိသင်ကြောင့် အမျိုးသမီး ခေါင်းကိုက်ပျောက်သွားသည်။ သို့နှင့် ကပွဲသို့ သူမလိုက်သွားမည်၊ ဟိုမှာ သူမယောကျ်ား ဘာတွေကဲနေသနည်းကို နောက်ယောင်ခံကြည့်

မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် ပထမရည်ရွယ်ထားသည့်အဝတ်အစားမဝတ်ဘဲ နောက်အဝတ်အစားတစ်စုံကို ဝတ်သွားသည်။

ကပွဲသို့ရောက်သောအခါ ဝတ်စုံကိုကြည့်ပြီး သူမယောက်ျားကို သူမ မှတ်မိသည်။ ယောက်ျားသည် ကပွဲလာအမျိုးသမီးတစ်ဦးပြီး တစ်ဦးနှင့် ကသည်။ ဤတွင် ယောက်ျားဖြစ်သူ ဘယ်အထိ ခြေလှမ်းမည်နည်းဆိုသည်ကို သူမသိချင်လာသည်။

သို့နှင့် သူမနှင့်တွဲကပါရန် ယောက်ျားကို သူမဖိတ်သည်။ (ဝတ်စုံပြောင်းထားသောကြောင့် ယောက်ျားဖြစ်သူ ဇနီးသည်ကိုမမှတ်မိချေ။) နှစ်ယောက်သားတွဲကနေစဉ် လူပြတ်သောတစ်နေရာရာသို့သွားရန် သူမအဆိုပြုရာ တစ်ဖက်ကတွဲကနေသူ သဘောတူလိုက်သည်။ တွဲကရင်း နှစ်ယောက်သား ချစ်စခန်းပင် ဖွင့်လိုက်သေးသည်။

ကပွဲပြီးသောအခါ သူမ အိမ်သို့ပြန်လာသည်။ နောက်အချိန်အနည်းငယ်အကြာတွင် ယောက်ျားဖြစ်သူ ပြန်ရောက်လာသည်။ ယောက်ျားကို မိန်းမက သတိထားပြီးမေးသည်။

"ဘယ့်နှယ်လဲ ကပွဲ"

"အမှန်အတိုင်းပြောရရင် မင်းမပါတော့ ကိုယ်ပျင်းရတယ်"

"ပျင်းတယ်ဟုတ်လား။ ကျွန်မအမြင်တော့ ရှင် ကပွဲမှာ တော်တော်ပျော်ခဲ့တဲ့ပုံပေါက်တယ်"

"တကယ်ပါ. . . မပျော်ပါဘူး။ ငါ ကပွဲကိုရောက်တော့ တစ်ခန်းလုံး လူတွေပြည့်ကျပ်နေတယ်။ ဒါနဲ့ ငါနဲ့သူငယ်ချင်းတွေ မီးဖိုချောင်

ဘက်သွားပြီး ပိုကာကစားဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အဲ! ငါ၀တ်စုံငှား လိုက်တဲ့သူငယ်ချင်းကတော့ အမျိုးသမီးတစ်ယောက်ပြီးတစ်ယောက် နဲ့ မမောနိုင်မပမ်းနိုင် ကခဲ့တယ်။ အမျိုးသမီးတစ်ဦးကဆို သူ့ကိုအိပ်ရာ ထဲတောင် ဆွဲသွင်းသွားသေးတယ်''

☺

## ၁၃၇။ လက်မဆော့ပါနဲ့



ယောက်ျားတစ်ယောက် လမ်းလျှောက်လာသည်။ ရေတွင်းပျက် ကိုမြင်သည်။ အောက်သို့ငုံ့ကြည့်ပြီး အော်သည်။

''ဟေး! ''

ဘာသံမှပြန်မကြားရ။ ခဲနှင့်ပစ်ပေါက်သည်။ စောစောကအတိုင်း

တိတ်ဆိတ်နေသည်။ သူ့ဘေးမှာ ရထားသံလမ်းပြတ်တစ်ခု ချထား တာကိုမြင်သည်။ သို့နှင့် အားနှင့်'မ'လိုက်ပြီး ရေတွင်းထဲပစ်ချလိုက် သည်။ ချက်ချင်းဆိုသလို ဆိတ်ကလေးတစ်ကောင် ပြေးလာပြီး ရေတွင်း ထဲ ခုန်ချသွားသည်။ ထူးဆန်းလှချည်လားဟုတွေးနေတုန်း အဘွား ကြီးတစ်ယောက် ပေါက်ချလာပြီးမေးသည်။

"ဒီအနားမှာ ဆိတ်ကလေးတစ်ကောင်ကို မမြင်ဘူးလားကွယ်"

"မြင်တာပေါ့၊ အခုပဲ ရေတွင်းထဲခုန်ချသွားတယ်"

"သူဘယ်လိုလုပ် ခုန်ချနိုင်မှာလဲ၊ သူ့ကို ရထားသံလမ်းပြတ်မှာ ချည်ထားတာပဲ"

☺

## ၁၃၈။ အသင့်ပြင်

ယောက်ျားကြီးနှစ်ယောက် တောရွာထဲ လျှောက်လာကြသည်။ အိမ်ရှေ့ကွပ်ပျစ်တွင် အဘိုးကြီးထိုင်ပြီး ဆေးပေါ့လိပ်သောက်နေသည် ကို သူတို့မြင်သည်။ ထိုအချိန်တွင် အဘွားကြီး ရေပုံးကို ပင်ပင်ပန်းပန်း ထမ်းလာသည်။

ဤသည်ကိုမြင်သော်လည်း ဘာမှမပြောဘဲ ယောက်ျားကြီးများ လမ်းဆက်လျှောက်သွားသည်။ နောက်နေ့တွင် ၎င်းတို့လျှောက်လာ သောအခါ မနေ့ကအတိုင်း အဘိုးကြီး ဆေးပေါ့လိပ် သောက်နေသည်။

အဘွားကြီးမှ အိမ်အမိုးကို မိုးနေသည်။ ဤသို့မြင်ရသော်လည်း မနေ့ကအတိုင်း ဘာမှမပြောဘဲ ဆက်လျှောက်သွားကြသည်။

တတိယနေ့ရောက်လာသည်။ အဘိုးကြီးနှင့်အဘွားကြီးနေအိမ်ကို ဖြတ်ကြသောအခါ အဘိုးကြီးကို ဆေးလိပ်သောက်လျက်၊ အဘွားကို ထင်းခွဲလျက် မြင်ကြရသည်။ ယောက်ျားကြီး ၂-ယောက်အနက် တစ်ယောက်က မနေနိုင်တော့ဘဲ အဘိုးကြီးဆီ လျှောက်လာပြီးမေးသည်။

''အဘိုး. . . ကြည့်စမ်းပါ၊ အဘွားက အိမ်ခေါင်မိုးလည်း မိုးတယ်၊ ထင်းလည်းခွဲတယ်၊ ရေလည်းခပ်တယ်။ အဘိုးကတော့ ဖိမ်နဲ့ထိုင်ပြီး ဆေးလိပ်ပဲသောက်နေတယ်''

အဘိုးကြီး ပြန်ဖြေသည်။

''ရုတ်တရက်စစ်ဖြစ်လာရင် ငါမောနေလို့ဖြစ်ပါ့မလားကွ''

☺

## ၁၃၉။ မသုံးတာကြာလို့

နယူးရပ်ရှင်း အိမ်သို့ပြန်လာသည်။ သူ့ဇနီးကို တစိမ်းယောက်ျား တစ်ယောက်နှင့် ချစ်စခန်းဖွင့်နေသည်ကိုတွေ့သည်။ သို့နှင့် ဒေါသတကြီးအော်သည်။

''ဒါဘာလုပ်တာလဲကွဟေ၊ ငါက မနက်ကတည်းက ကုန်းရှန်းရှာဖွေရတယ်။ မင်းကတော့. . .''

**ရွှေပဒေသာစာပေ**



"နေပါဦး မောင်၊ ကျွန်မပြောတာကို နားထောင်ပါဦး။ မနက်ရှင် အိမ်ကထွက်သွားတော့ အိမ်တံခါးကိုလာခေါက်တယ်။ တံခါးဖွင့်လိုက်တော့ အခုမောင်တွေ့တဲ့ယောက်ျားဖြစ်နေတယ်။ သူက တတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲပါလို့ပြောတယ်၊ ဒါနဲ့ အနီရောင် ရှင့်ကုတ်အင်္ကျီအဟောင်းကိုပေးလိုက်တယ်(ရှင်ဝတ်မှမဝတ်ဘဲ)၊ ပြီးတော့ အားကုန်နေတဲ့ ရှင့်မိုဘိုင်းဖုန်းအဟောင်းကိုလည်း ပေးလိုက်တယ်(ရှင် အသစ် ၂–လုံးတောင် ဝယ်ပြီးပြီ)"

"ပြီးတော့ ဘာဖြစ်လဲ"

"သူပြန်ဖို့လုပ်တယ်၊ တံခါးဝလည်းရောက်ရော၊ အိမ်မှာ တခြားမသုံးဘဲထားတဲ့ပစ္စည်း ရှိသေးလားလို့မေးတယ်"

☺

**ရွှေပဒေသာစာပေ**

## ၁၄၀။ အကုန်ပေါ်ပြီ

ရဲသားက ဆရာဝန်ကိုပြောသည်။

''ဒေါက်တာ၊ ခေါင်းဟာ အမြဲလိုလိုကိုက်နေတယ်။ ဘာမှလည်း လုပ်ချင်စိတ်မရှိဘူး။ မိသားစုအတွင်းမှာလည်း တစ်ချိန်လုံး ရန်ပဲဖြစ်နေကြတယ်။ အရက်သောက်တော့လည်း ဘာကျေနပ်မှုမှမရှိဘူး''

ဆရာဝန်က ရဲသားကို အကြံပေးသည်။

''ခင်ဗျား စိတ်ရောဂါကုဆရာဝန်ဆီ သွားသင့်တယ်၊ ခင်ဗျား သူနဲ့ ပွင့်ပွင့်လင်းလင်းစကားပြောလိုက်။ စကားပြောကြတဲ့အခါမှာ ရှက်စရာအကောင်းဆုံးကိစ္စတွေကိုတောင် ဖုံးကွယ်မထားနဲ့။ စကားပြောရင်း ပေါ်လာရင် ပေါ်လာပါစေ၊ ဒီနည်းဟာ လူတစ်ယောက်ကို အများကြီး အကူအညီပေးနိုင်တယ်ဗျ''

နောက်တစ်ပတ်ကြာသောအခါ ရဲသားကို ဆရာဝန်မေးသည်။

''ဘယ့်နှယ်လဲ၊ စိတ်ရောဂါကုဆရာဝန်နဲ့ ပွင့်ပွင့်လင်းလင်းစကားပြောဖြစ်ခဲ့ရဲ့လား''

''ပြောဖြစ်တာပေါ့၊ ပထမပိုင်းမှာ သူစကားသိပ်ပြောချင်ပုံမပေါ်ဘူး။ ဘာရမလဲ. . . ကျွန်တော် သူ့ကျောက်ကပ်ကို နှစ်ခါလောက် ကန်ပလိုက်တယ်။ အတော်နာသွားပုံပေါ်တယ်။ ချက်ချင်းပဲ သူ မယားငယ်နေတဲ့အကြောင်းနဲ့ သမီးကိုလာဘ်ထိုးပြီး ဆေးတက္ကသိုလ်တက်ခွင့်ရအောင် လုပ်ခဲ့တဲ့အကြောင်း အကုန်လုံးကိုဖွင့်ချတယ်ဗျာ''

☺

**ရွှေပဒေသာစာပေ**

## ၁၄၁။ ကူညီပါ

စိတ်ရောဂါကုဆရာဝန်အခန်းထဲသို့ ယောကျ်ားတစ်ယောက် ဝင်လာပြီး သူ့နားထဲသို့ စီးကရက်ထဲက ဗာဂျီးနီးယားဆေးတွေ လောင်းထည့်သည်။

ဆရာဝန်က ဒါကိုကြည့်ပြီးပြောသည်။

"အင်း. . . ခင်ဗျားဟာ ကျွန်တော့်အကူအညီကို တကယ်လိုနေတဲ့သူပဲ"

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်တော့်ကို မီးခြစ်ပေးစမ်းပါ"

☺

## ၁၄၂။ သိနေသားပဲ



ရွှေပဒေသာစာပေ

စိတ်မန္တသူနှစ်ယောက် ငှက်ပျောသီး စားနေကြသည်။ တစ်ယောက်က ပြောသည်။

''ဟော့ကောင်! မင်း ဘာလို့အခွံမနွှာတာလဲ''

''မလိုပါဘူး၊ အထဲမှာဘာရှိသလဲဆိုတာ ငါသိနေတာပဲ''

☺

## ၁၄၃။ ရွေးချယ်ခွင့်

''စိတ်ရောဂါကုဆရာဝန်ချင်းအနေနဲ့ ငါ့ကိုအကြံပေးပါ၊ ယောက်ျားဟာ ကျွန်မခွေးကို ကြည့်လို့ကိုမရဘူး''

''မင်းဆီမှာ ထွက်ပေါက်ရှိပါတယ်၊ အဆိပ်ခတ်သတ်လိုက်ပေါ့''

''ဘယ်သူ့ကိုလဲ''

''မင်းမှာ ရွေးချယ်ခွင့်ရှိနေပါတယ်''

☺

## ၁၄၄။ လူမှားသွားပြီ

ဆေးဆိုင်သို့ လူတစ်ယောက်ရောက်လာပြီး ကြို့ထိုးပျောက်ဆေးရောင်းဖို့ပြောသည်။ သူပြောပြီးသည်နှင့် ဆေးဆိုင်ကဝန်ထမ်းသည် ထိုလူ၏မျက်ခွက်ကို လက်သီးနှင့်တအားထိုးလိုက်သည်။

**ရွှေပဒေသာစာပေ**

ဆေးလာဝယ်သူ နားမလည်ဟန်ဖြင့်မေးသည်။

''ဟော့လူ! ခင်ဗျားဘာလုပ်တာလဲ''

''ကျုပ်ကိုကျေးဇူးတင်၊ အခု ခင်ဗျားမှာ ကြို့ထိုးတာမရှိတော့ဘူး''

''ဒါပေမဲ့ ကျုပ်မိန်းမမှာ ရှိနေတယ်ဗျ''

☺

## ၁၄၅။ ကိုယ်စောင့်နတ်

''ဒေါက်တာ၊ ဒေါက်တာ့ဆီကို ကျွန်တော့်ကိုယ်စောင့်နတ်က လွှတ်လိုက်တာပါ''

''ခင်ဗျားမှာ ဘာရောဂါရှိနေသလဲဆိုတာကော သူမပြောလိုက်ဘူးလား''

တက်သစ်စဆရာဝန်က မျှော်လင့်သံနှင့် မေးလိုက်သည်။

☺

## ၁၄၆။ ချစ်သား

သားဖွားဆေးရုံသို့ အမျိုးသမီးသုံးယောက် ရောက်လာသည်။

ဆရာဝန်က တစ်ယောက်ကိုမေးသည်။

''ခင်ဗျားသားကို ဘာဖြစ်စေချင်တာလဲ''

**ရွှေပဒေသာစာပေ**

''ကျွန်မသားကို နာမည်ကြီးတယောဆရာ ဖြစ်စေချင်ပါတယ်''

အမျိုးသမီး မီးဖွားသည်။ သားယောကျ်ားမွေးသည်။ နောင်သော် နာမည်ကြီးတယောဆရာဖြစ်လာသည်။

နောက်အမျိုးသမီးကို ဆရာဝန်မေးသည်။

''ခင်ဗျားကလေးကို ဘာဖြစ်စေချင်သလဲ''

''ကျွန်မသားကို ကမ္ဘာကျော်ဘောလုံးသမား ဖြစ်စေချင်တယ်''

သူမလည်း သားယောကျ်ားမွေးသည်။ သူမဖြစ်စေချင်သည့်အတိုင်း နောင်သောအခါ ကမ္ဘာကျော်ဘောလုံးသမားဖြစ်လာသည်။

တတိယအမျိုးသမီးကို ဆရာဝန်မေးသည်။ 'ကလေးကို ဘာဖြစ်စေချင်သလဲ'ပေါ့။

''ကျွန်မသားကို ကိုယ့်အားကိုယ်ကိုးတတ်တဲ့သူ၊ မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်းရှိတဲ့သူ ဖြစ်စေချင်တယ်''

မီးစဖွားသည်။ ပထမ ခေါင်းကလေး ပေါ်လာသည်။ ထို့နောက် ကိုယ်လုံးပေါ်လာသည်။ ရုတ်တရက် ဆရာဝန်၏နှာခေါင်းကို ချာတိတ်က မမျှော်လင့်ဘဲ လက်သီးနှင့်ထိုးလိုက်သည်။

ကလေးသံ ပေါ်လာသည်။

''မကျူနဲ့. . . အနော့်ဟာအနော် ထွက်လာမယ်''

☺

## ၁၄၇။ ရေချိုးချင်တယ်

ဆရာဝန်ဆီ လူနာရောက်လာပြီး ပြောသည်။

''ဒေါက်တာ၊ ကျွန်တော် ဆရာ့ဆီ လွန်ခဲ့တဲ့သုံးလက ရောက်ခဲ့ပါတယ်။ ကျွန်တော့်မှာ အဆစ်ရောင်ကိုက်ခဲတဲ့ရောဂါ ရှိနေတယ်လို့ ဆရာပြောခဲ့ပါတယ်။ အဲဒါကြောင့် စွတ်စိုထိုင်းမှိုင်းတဲ့နေရာတွေကို ရှောင်ဖို့ သတိပေးခဲ့ပါတယ်''

''ဟုတ်တယ်၊ မှတ်မိတယ်။ အခုဘာဖြစ်လို့ ကျွန်တော့်ဆီ ထပ်ရောက်လာတာလဲ''

''ဒေါက်တာ၊ ကျွန်တော် ရေချိုးလို့ရပြီလားဟင်''

☺

## ၁၄၈။ ရေသောက်မှပေါ့

မိမိ၏ကျန်းမာရေးအခြေအနေကို စစ်ဆေးရန်အတွက် အမျိုးသမီးတစ်ဦး ဆရာဝန်ထံ ရောက်လာသည်။

ဆရာဝန်က မေးသည်။

''ဘယ်လိုဖြစ်လို့လဲ''

''ဒီလိုပါ ဒေါက်တာ၊ နေထိုင်မကောင်းချင်သလို စဖြစ်လာတယ်။

အလိုလိုနေရင်း အားယုတ်လာတယ်လို့ ခံစားရတယ်''

လူနာကို ဒေါက်တာကြည့်ရှုစစ်ဆေးပြီး ဆေးတွေပေးလိုက်သည်။

''ဟောဒီမှာ ဆေးပြားတွေ၊ ၂–လတိတိသောက်ပါ၊ မနက်စာမစားခင် အပြာရောင်ဆေးပြားကို ရေတစ်ခွက်အပြည့်နဲ့သောက်ပါ။ နေ့လယ်စာမစားခင် အနီရောင်ဆေးပြားကို ရေတစ်ခွက်နဲ့သောက်၊ ညစာမစားခင်မှာ အစိမ်းရောင်ဆေးပြားကို ရေတစ်ခွက်နဲ့သောက်ပါ''

''ဒေါက်တာ၊ ကျွန်မ ဘာဖြစ်နေတာလဲဟင်''

''ခင်ဗျားရေသောက်တာ နည်းနေတယ်''

☺

## ၁၄၉။ ဘာဝတူ

ဘတ်စ်ကားပေါ်တွင်ဖြစ်သည်။ စကားထစ်သူက ဘေးကခရီးသည်ကို မေးသည်။

''ကျေး. . . ကျေးဇူး. . . ပြုပြီး. . . ပြော. . . ပြောစမ်းပါ၊ ဘယ် . . . ဘယ်အချိန်ရှိ. . . ရှိပြီလဲဗျာ''

ခရီးသည်ယောက်ျားကြီး ဘာမှပြန်မဖြေချေ။ မေးခွန်းကို သူကြားလျက်နှင့် မဖြေခြင်းဖြစ်သည်။ စကားထစ်သူ ထပ်မေးသည်။ ဘာတုန့်ပြန်ချက်မှမရချေ။

**ရွှေပဒေသာစာပေ**

ကိုအထစ် မေးခွန်းကို တတိယအကြိမ် ထပ်မေးသည်။ သည်တစ်ခါလည်း ဘာအဖြေမှမရချေ။

ဘယ်လိုမှနားမလည်နိုင်သည်နှင့် ကိုအထစ် ထိုလူ့အနားက ထွက်သွားသည်။ ထိုအခါ အခြားခရီးသည်က ဘာမှမဖြေသည့်ခရီးသည်ကို ပြောသည်။

"ခင်ဗျား သူမေးတာကြားပါလျက်နဲ့ ဘာလို့မဖြေတာလဲ။ ခင်ဗျားမှာ နာရီပါတယ်ဆိုတာ ကျွန်တော်တွေ့သားပဲ"

ခရီးသည်ယောကျ်ား ပြန်ပြောသည်။

"ဘာ. . . ဘာဖြစ်လို့ ဖြေ. . . ဖြေရမှာလဲ၊ သူ့ကိုလျောင်. . . လျောင်တယ်ဆိုပြီး ကျွန်. . . ကျွန်တော်. . . အဆော်ခံ. . . ခံရမှာပေါ့"

☺

### ၁၅၀။ ကွာချင်သလား

၂၀၀၀–ခုနှစ်၊ ဖွန်လ ၄–ရက်နေ့၊ မြို့ပြင်အဝေးပြေးလမ်းမကြီးပေါ်တွင် အကောင်းစားကားကြီးတစ်စီး မောင်းလာသည်။ ကားပေါ်တွင် လင်မယားနှစ်ယောက်။ ယောကျ်ားက ကားမောင်းသည်။ သူတို့ ဘယ်ကိုမှ အရင်လိုပုံမပေါ်။ ထို့ကြောင့် ကားသည် တစ်နာရီ ကီလို ၆၀–နှုန်းသာ ပုံမှန်မောင်းနေသည်။

**ရွှေပဒေသာစာပေ**

မိန်းမက ယောက်ျားဘက်လှည့်၍ပြောသည်။

''ကျွန်မတို့အိမ်ထောင်ကျတာ ၁၅–နှစ်ရှိပြီ၊ ဒီနေ့ ရှင့်ကိုပြောဖို့ ကျွန်မဆုံးဖြတ်လိုက်တယ်။ ကျွန်မ ကွာရှင်းခွင့်ရချင်တယ်''

ယောက်ျား ဘာမှပြန်မပြော။ တစ်ခုပဲရှိသည်။ ကားအရှိန်သည် တစ်နာရီ ကီလို ၇၀–နှုန်းဖြစ်လာသည်။

အမျိုးသမီး ဆက်ပြောသည်။

''ရှင် ကျွန်မစိတ်ပြောင်းအောင် မကြိုးစားပါနဲ့၊ ကျွန်မ ယတိပြတ် ဆုံးဖြတ်ပြီးသား။ ကျွန်မ ရှင့်သူငယ်ချင်းနဲ့တိတ်တိတ်ပုန်းဖြစ်နေတယ်၊ သူဟာ ရှင့်ထက် ဟိုကိစ္စမှာ အများကြီးသာတယ်''

ယောက်ျားဖြစ်သူ ဒီတစ်ခါလည်း ဘာမှမပြော။ ကားကိုသာ တစ်နာရီ ကီလို ၈၀–နှုန်းသို့ မြှင့်လိုက်သည်။

''အိမ်ကို ကျွန်မ သိမ်းလိုက်မယ်''

ကားသည် တစ်နာရီ ကီလို ၉၀–နှုန်းဖြင့် အရှိန်မြှင့်မောင်းလာ သည်။

''ကလေးတွေလည်း ကျွန်မနဲ့နေကြမယ်''

ကားသည် တစ်နာရီ ကီလို ၁၀၀–ဖြစ်လာပြီ။

''ပြီးတော့ ရှင့်ပိုက်ဆံတွေနဲ့ကားကိုလည်း ကျွန်မယူမယ်''

ယောက်ျားဖြစ်သူ တိတ်ဆိတ်နေမြဲ။ ကားကိုတော့ လမ်းပေါ်ရှိ အနီးဆုံးတံတားဘက် မောင်းသည်။

''ရှင် တစ်ခုခုလိုသလား''

မိန်းမက မေးသည်။

"ဟင့်အင်း. . . မလိုပါဘူး၊ ငါ့မှာ အကုန်ရှိပါတယ်"

သည်တစ်ခါ ယောကျ်ားက ပြန်ဖြေသည်။

"အေး. . . လိုချင်တာ တစ်ခုတော့ ရှိပါရဲ့"ဟု တစ်ဆက်တည်း ပြောပြီး တံတားနှစ်ဖက်နှစ်ချက်မှာ ကာထားတဲ့သံဘောင်ကို အရှိန်နှင့် ဝင်မတိုက်ခင် စက္ကန့်ပိုင်းအလိုတွင် မိမိလိုချင်တာကို ပြောချလိုက်သည်။

"လေအိတ်ဟေ့. . . လေအိတ်"

☺

## ၁၅၁။ မုဆိုးချူချာ

မုဆိုးကိုချူချာ ဝက်ဝံတစ်ကောင်ကို သတ်လိုက်နိုင်သည်။ ဝက်ဝံအသားကို အိမ်သို့ သူယူလာသည်။ ဝက်ဝံသားရေကို ယောက္ခမဖြစ်သူအား လက်ဆောင်ပေးလိုက်သည်။

ဝက်ဝံစီးသော ဆပ်ကပ်က စက်ဘီးကိုတော့ ကိုချူချာ၏သားက ရသွားသည်။

☺

**ရွှေပဒေသာစာပေ**

## ၁၅၂။ သတိထား



ကိုယ့်မိန်းမရွေးလိုက်တဲ့ပစ္စည်းနဲ့ပတ်သက်ပြီး မရယ်နဲ့။ ခင်ဗျားကို လည်း သူပဲရွေးထားတယ်ဆိုတာ မမေ့နဲ့။

☺

## ၁၅၃။ ပြင်ရခက်တယ်

အမျိုးသမီး – "ရှင် လူမဟုတ်တော့ဘူး၊ ရှင့်မှာ လူ့သိက္ခာဆိုတာ ဘာမှမရှိတော့ဘူး။ အို. . . ရှင်းရှင်းပြောရရင် ရှင်ဟာ လုံးဝရွံစရာကောင်းတဲ့သူ"

ရွှေပဒေသာစာပေ

အမူးသမား – "မဒမ်၊ မနက်ဖြန်ဆို ကျွန်တော် အရက်မူးပြေသွားမှာ
ပါ။ ဒါပေမဲ့ မဒမ် ခြေထောက်ခွင်နေတာကတော့"

☺

## ၁၅၄။ ကွာခြားချက်

"ယောက်ျားနဲ့ ပဲရစ်အကြား ကွာခြားတာ ဘာရှိလဲ"
"ကွာခြားတာကတော့ ပဲရစ်က အမြဲတမ်း ပဲရစ်ပဲ"

☺

## ၁၅၅။ ဆေးတန်ခိုး

"ဒေါက်တာ၊ ကျွန်တော် ယောက်ျားမဟုတ်တော့ဘူးခင်ဗျ"

"ဒီအတွက် အစိုးရိမ်မလွန်စမ်းပါနဲ့၊ ခင်ဗျား ဆရာဝန်ဆီလာတာ မယားငယ်ဆီလာတာ မဟုတ်ဘူးလေ။ ရော့! ဒီမှာ အစွမ်းထက်တဲ့ဆေး ပေးလိုက်မယ်။ ပွဲမစခင် တစ်နာရီအလိုမှာ အညွှန်းအတိုင်း သုံးလိုက်။ ခင်ဗျား အောင်နိုင်သူအဖြစ် ပေါ်လွင်လာလိမ့်မယ်။ ကျွန်တော့်ကို ပြီး တော့ လာပြောပြပေါ့. . . ဟုတ်လား"

နောက်နေ့တွင် မနေ့ကလူ ဒေါက်တာ့ဆီရောက်လာသော် ဒေါက် တာက မေးသည်။

"ဘယ့်နှယ်လဲ"

"ဒေါက်တာ၊ ဒါမှ တကာယ့်အောင်ပွဲပါပဲ။ ကျွန်တော် ငါးခါတိတိ ကျေနပ်မှုရတယ်"

"အမျိုးသမီးကရော"

"သူ. . . သူရောက်မလာဘူး"

☺

### ၁၅၆။ နာမည်ဖျက်တဲ့ကောင်

ဆိုဗီယက်တပ်မတော် အရာရှိများရိပ်သာတွင် မိသားစုအကြောင်း၊ အိမ်ထောင်ရေးဘဝအကြောင်း ပောပြောပွဲကျင်းပနေသည်။

"လူမှုရေးလေ့လာသုံးသပ်ချက်(sociological research)ရလဒ်များအရ လင်မယားဖောက်ပြားမှုအရေအတွက်မှာ ရုပ်ရှင်မင်းသားမင်းသမီးတွေ ပထမနေရာ၊ အားကစားသမားတွေ ဒုတိယနေရာ၊ အရာရှိတွေ တတိယနေရာမှာရှိတယ်"

အရာရှိတစ်ယောက် နေရာက ထသည်။

"ဒါ တပ်မတော်ကို အရှက်ခွဲတာ၊ သိက္ခာချတာပဲဖြစ်တယ်။ ကျွန်တော့်ကိုကြည့်၊ အိမ်ထောင်သက်နှစ် ၄၀–အတွင်းမှာ ကိုယ့်မိန်းမကို တစ်ခါမှ သစ္စာမဖောက်ဖူးဘူး"

သဘာပတိ စင်မြင့်ပေါ်က ဗိုလ်ချုပ်ကြီး မှတ်ချက်ပေးသည်။

**ရွှေပဒေသာစာပေ**

"အဲသလိုငတုံးတွေကြောင့် ငါတို့တတွေ ဘိတ်ဆုံးမှာ ရောက်နေတာပေါ့"

☺

### ၁၅၇။ တော်လိုက်တဲ့ဆရာဝန်



ဆရာဝန်ဆီ လူကြီးတစ်ယောက် ရောက်လာသည်။

"ဒေါက်တာ၊ အခုတလော ကျွန်တော် ဘာစားစား အရသာမရှိဘူးဖြစ်နေတယ်"

သူနာပြုဆရာမကို ဒေါက်တာ လှမ်းပြောသည်။

"လူနာကို အမှတ် ၁၇–ပုလင်းကိုပေးလိုက်"

ဆေးကို လူနာ လျှာပေါ်တင်ကြည့်သည်။

ရွှေပဒေသာစာပေ

"ဟာ! ဒါ မစင်တုံးပဲ"

ဆရာဝန်က ပြောသည်။

"အိုကေ. . . မှန်တယ်၊ အရသာပြန်ပေါ်လာပြီ"

ရက်အနည်းငယ်ကြာသွားသည်။ ထိုလူနာပင် ဆရာဝန်ထံ ပြန်ရောက်လာသည်။

"ဒေါက်တာ၊ အရသာပြန်ပေါ်လာတာတော့ ဟုတ်ပါရဲ့၊ အခုသတိမေ့သလိုဖြစ်နေတယ်"

သူနာပြုဆရာမကို ဒေါက်တာက ညွှန်ကြားသည်။

"လူနာကို ပုလင်းအမှတ် ၁၇-ကိုပေးလိုက်ပါ"

"ဟာ! ဒီပုလင်းမှာ မစင်တွေထည့်ထားတာမဟုတ်လား"

"အိုကေတယ်၊ သတိပြန်ရလာပြီ"

☺

## ၁၅၈။ ကံကောင်းလို့

မှိုကောက်ဝါသနာပါသူတစ်ဦးသည် မှိုကောက်ရန် ညကတည်းက တောထဲသို့ထွက်သည်။ တောထဲကို အလင်းရောင်မထွက်သေးခင်အချိန်လောက်မှာ သူရောက်သွားသည်။ ရောက်သည်နှင့် အချိန်အလဟဿ မဖြစ်စေရန် မှောင်နေသည့်ကြားက မှိုတွေကို စကောက်သည်။

ကောက်သည့်မှိုအမျိုးအစားကို ရှင်းရှင်းလင်းလင်းမမြင်ရသည့်တိုင်

လျှာပေါ်တင်၍ အရသာအလိုက် ခွဲသည်။ 'ဒါ မှိုဖြူပဲ၊ စားလို့ရတဲ့မှို' ဟု သူ့ဟာသူပြောကာ ဆွဲခြင်းထဲထည့်သည်။ နောက် မှိုတစ်ပွင့်ကို ကောက်ပြန်သည်။ လျှာပေါ်တင်ပြီးသည်နှင့် စားလို့ရတဲ့မှိုပဲဟုဆိုကာ ခြင်းထဲထည့်သည်။ နောက်အမျိုးအမည်မသိသောမှိုကို ကောက်ယူပြီး လျှာပေါ်တင်ကြည့်သည်။ ဒီတစ်ခါတော့ ရှုံ့မဲ့ပြီးပြောသည်။

"ဟာ! ဒါချိုးတုံးပဲ၊ တက်မနင်းမိလို့ တော်ပါသေးရဲ့"

☺

## ၁၅၉။ ကောင်းမှန်းမသိလို့

ဆိုဗီယက်ပညာတော်သင်ဘဝက မောင်ကောင်းထိုက် ရုရှားကျေးလက်ဒေသသို့ သွားဖူးသည်။ တစ်နေရာတွင် အရက်သေစာသောက်စားခြင်း၏ဆိုးကျိုးများအကြောင်းကို ဟောပြောပွဲချနေသည်နှင့် ကြုံသည်။ ဟောပြောသူက သူ၏မိန့်ခွန်းအဆုံးတွင် ဤသို့ပြောသည်။

"ဆိုကြပါစို့၊ တိရစ္ဆာန်ရဲ့ရှေ့မှာ ရေပုံးတစ်ပုံးနဲ့ ဗိုင်အရက်တစ်ပုံး ချထားမယ်။ ဘယ်ပုံးကို တိရစ္ဆာန် ရွေးသောက်မယ်ထင်သလဲ"

"ရေပုံးကိုပေါ့" အခန်းထဲက အသံတစ်ခုထွက်လာသည်။

"မှန်တယ်" လက်ချာပေးသူ ဝမ်းသာစွာပြောသည်။

"ဘာဖြစ်လို့ ရေပုံးကို တိရစ္ဆာန်ရွေးတယ်ထင်သလဲ"

"တိရစ္ဆာန်ကိုးဗျာ၊ ရေပုံးကိုရွေးမှာပေါ့"

☺

**ရွှေပဒေသာစာပေ**

## ၁၆၀။ သတ်သေသွားပြီလား

သားကို အိပ်ရာထဲဝင်နိုင်းပြီး မကြာမီ ယောက်ျားဖြစ်သူ 'ဟိုကိစ္စ' လုပ်ရန် မိန်းမကိုကာပ်ချွဲသည်။ သားဖြစ်သူ တကယ်အိပ်ပျော်သည်အထိ စောင့်ရန် မိန်းမက ယောက်ျားကိုပြောသည်။

ခဏကြာသည့်အခါ ယောက်ျားက သူ၏မေတ္တာရပ်ခံချက်ကို ထပ်ပြောပြန်သည်။ မိန်းမကလည်း 'သားငယ် မအိပ်သေးဘူးထင်တယ်၊ စောင့်ပါဦး'ဟု ယောက်ျားကိုနှစ်သိမ့်သည်။ စိတ်ပျက်ပျက်နှင့် ယောက်ျားကုတင်ပေါ်က ထသည်။ ထို့နောက် မီးဖိုချောင်ထဲသွားသည်။ ရေခဲသေတ္တာမှာထည့်ထားသည့် ရှန်ပိန်ပုလင်းကိုဖောက်သည်။ ဖောင်းခနဲအသံထွက်ပြီး ပုလင်းပွင့်သွားသည်။ ဤတွင် အိပ်မပျော်သေးသည့်သား ခေါင်းထောင်ထပြီး အမေကိုလှမ်းပြောသည်။

"အဲဒါ အမေ့ကြောင့်၊ အမေခေါင်းမာလို့ အမေ သူ့ကိုယ်သူသတ်သေလိုက်တာ"

☺

## ၁၆၁။ အထင်မသေးနဲ့

၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၂၉-ရက်နေ့တွင် အမေရိကန်အာကာသယာဉ်မှူး လကမ္ဘာပေါ် ခြေချသည်။ ဂါဂါရင်က ဗွေဆော်ဦး အာကာသ

သို့ တက်သည့်အတွက် ဂုဏ်ယူလို့မဆုံးသေးသည့် ဆိုဗီယက်ခေါင်းဆောင်များ မနာလိုစိတ်ကြောင့် နေမထိထိုင်မသာဖြစ်ကြသည်။

ဆိုဗီယက်ခေါင်းဆောင် ဘရက်ဇေညက် ပေါ်လစ်ဗျူရိုအစည်းအဝေး ဆင့်ခေါ်သည်။ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များကို အစည်းအဝေးသို့ဖိတ်ကြားသည်။ ဘရက်ဇေညက်က ပြောသည်။

"ရဲဘော်တို့၊ ဘာတွေဖြစ်ကုန်ကြပြီလဲ။ အမေရိကန်တွေ လပေါ်ကို ဆင်းသွားပြီ၊ အဲ. . . ကျုပ်တို့က ကမ္ဘာပတ်တုန်း။ ကျုပ်တို့ အညံ့ခံလို့မဖြစ်ဘူး၊ ကျုပ် ကျန်တဲ့ရဲဘော်တွေနဲ့တိုင်ပင်ပြီး နေကမ္ဘာပေါ် ကျုပ်တို့လူဆင်းနိုင်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်"

ခန်းမထဲက အသံတစ်သံ ထွက်လာသည်။

"ဖြစ်ပါ့မလား၊ လူတွေ မီးလောင်ကုန်မှာပေါ့"

"ဘာလဲ. . . ဒီမှာထိုင်နေတဲ့လူတွေကို ငတုံးလို့ထင်လို့လား။ ကျုပ်တို့အကုန်စဉ်းစားပြီးပြီ၊ ညအချိန်မှာ နေကမ္ဘာပေါ်ကိုဆင်းမယ်။ ဒါပဲ"

☺

## ၁၆၂။ အထင်မကြီးပါနဲ့

"အမေရိကန်တွေ လပေါ်ရောက်ပြီး ငါတို့တော့ မရောက်ဘူး။ ဘာကြောင့်လို့ မင်းထင်လဲ"

"သူတို့ လပေါ်ရောက်တယ်လို့ မင်းကိုဘယ်သူပြောလဲ"

'' 'လကမ္ဘာပေါ်က အမေရိကန်' လို့ နာမည်ပေးထားတဲ့ခါတ်ပုံကို ငါကိုယ်တိုင်မြင်ခဲ့ရတာပဲ''

''အဲဒီဓာတ်ပုံကိုရိုက်တဲ့သူ ဘယ်သူလို့ မင်းထင်သလဲ''

☺

## ၁၆၃။ ယဉ်ကျေးမှုပေါ့

တစ်နှစ်အတွင်း ရုရှားလုပ် 'LADA' ကားတစ်စီးမှ မရောင်းရသဖြင့် ဒိန်းမတ်နိုင်ငံရှိ လာဒါကားကိုယ်စားလှယ်ရုံးကို ပိတ်လိုက်ရသည်။ ဒိန်းမတ်သတင်းစာတစ်စောင်က ဒိန်းမတ်ဈေးကွက်မှ ပျောက်ကွယ်သွားတော့မည့် လာဒါကားနှင့်ပတ်သက်၍ ဟာသပြိုင်ပွဲကျင်းပသည်။

အောက်ပါဟာသ ပထမရသည်–

မြည်းတစ်ကောင် ရပ်နေသည်။

လာဒါကား ဖြတ်မောင်းလာသည်။ မြည်းက နှုတ်ဆက်သည်။

''မင်္ဂလာပါ ကား''

လာဒါကလည်း ပြန်နှုတ်ဆက်သည်။

''မင်္ဂလာပါ မြည်း''

ချက်ချင်း မြည်း ချုံးပွဲချငိုသည်။ လာဒါက နားမလည်ဟန်ဖြင့် မေးသည်။

''ဘာဖြစ်လို့လဲကွဟေ''

"မင်းကို ယဉ်ယဉ်ကျေးကျေး 'ကား'လို့ ငါခေါ်လိုက်သလို ငါ့ကို လည်း 'မင်္ဂလာပါ မြင်း'လို့ ပြန်နှုတ်ဆက်လိုက်ပါလား. . . ဟီးဟီး"

☺

## ၁၆၄။ ဘောလုံး



အသက်အရွယ်ကြီးရင့်သွားပြီဖြစ်သည့် ဘောလုံးသမားနှစ်ဦး အပြန် အလှန်ကတိကဝတ်ပြုကြသည်။ တစ်ဦးဦး အရင်သေသွားပါက ကောင်း ကင်ဘုံမှာ ဘောလုံးကစားကြခြင်းရှိမရှိ ကျန်တဲ့သူကို အသိပေးရန်ဖြစ် သည်။ သူတို့အထဲက တစ်ယောက် အရင်ကွယ်လွန်သွားသည်။ သုံးရက် အကြာတွင် ကျန်ရစ်သူ သူငယ်ချင်းကို ကွယ်လွန်သူဆက်သွယ်လာ သည်။

"သူငယ်ချင်း၊ မင်းအတွက် ငါ့မှာ သတင်းနှစ်ခုရှိတယ်။ တစ်ခုက သတင်းကောင်း၊ နောက်တစ်ခုက မကောင်းတဲ့သတင်း"

"ကောင်းတဲ့သတင်းကို အရင်ပြောကွာ"

"ဒီမှာ အားလုံး ဘောလုံးကစားကြတယ်ကွ"

"မကောင်းတဲ့သတင်းကရော"

"လာမယ့်သောကြာနေ့မှာ ကန်ကြမယ့်အသင်းတွေမှာ ပါမယ့်သူတွေစာရင်းကို ငါတွေ့လိုက်ရတယ်။ စာရင်းထဲမှာ မင်းနာမည်လည်း ပါတယ်ကွ"

☺

## ၁၆၅။ ပြည်သူ့အချစ်တော်

ဆိုဗီယက်ခေါင်းဆောင် ကရူးရှက်၊ စာတိုက်သို့ တစ်နေ့ ရောက်လာသည်။ သူ့ပုံပါသောတံဆိပ်ခေါင်းအမြောက်အများကိုတွေ့ရာ စိတ်ဆိုးပြီးပြောသည်။

"ဘာတွေဖြစ်နေတာလဲ၊ ကျုပ်က ပုဂ္ဂိုလ်ကိုးကွယ်မှု(personality cult)ကို ဆန့်ကျင်တိုက်ပွဲဝင်နေတဲ့အချိန်မှာ ခင်ဗျားတို့က ကျုပ်ပုံနဲ့ တံဆိပ်ခေါင်းတွေကို ရောင်းနေတယ်။ ဘာလဲ. . . တခြားတံဆိပ်ခေါင်းတွေ မရှိဘူးလား"

"ဒီလိုပါ ခေါင်းဆောင်ကြီးခင်ဗျား၊ တံဆိပ်ခေါင်းအားလုံး ရောင်းရ

ပါတယ်။ ဒီတံဆိပ်ခေါင်းတွေကျတော့ မရောင်းရဘူး''

''ဘာဖြစ်လို့ မရောင်းရတာလဲ''

''ဒီလိုပါ၊ တံဆိပ်ခေါင်းအားလုံး စာအိတ်မှာကပ်လို့ရပေမယ့် ဒီတံဆိပ်ခေါင်းတွေကျတော့ စာအိတ်မှာ ကပ်လို့မရဘူးလို့ ဝယ်တဲ့သူတွေ ပြောကြလို့ပါ''

တံဆိပ်ခေါင်းတစ်လုံးကို ကရှူးရှက်ယူသည်။ ကော်ပါသောအပိုင်းကို တံတွေးနှင့်ထွေးလိုက်ပြီး စာအိတ်မှာကပ်သည်။ တစ်ခါတည်းကပ်သွားသည်။ ပြန်ခွာလို့မရတော့။ သို့နှင့် စာတိုက်ဝန်ထမ်းကိုပြောသည်။

''ခင်ဗျားတို့ ဘာအဓိပ္ပာယ်မရှိတာတွေ ပြောနေကြတာလဲ၊ တွေ့တယ်မှုတ်လား. . . ကောင်းကောင်းကပ်ပါတယ်ဗျ''

''တကယ့်အကြောင်းရင်းက ဒီလိုပါခင်ဗျာ၊ လူတွေအားလုံး တံတွေးထွေးကြပါရဲ့။ ဒါပေမဲ့ တံဆိပ်ခေါင်းရဲ့တခြားတစ်ဖက်ကို ထွေးကြတာခင်ဗျ''

☺

## ၁၆၆။ အထင်မှားခြင်း

စိတ်ကျန်းမာရေးဆေးရုံတွင်ဖြစ်သည်။ ဆေးရုံ၏အနားယူခန်းတွင်ထားရှိသော စန္ဒရားကို အသံညှိသူ အသံညှိနေသည်။ ဤအချိန်တွင်အခန်းထဲသို့ လူတစ်ယောက် ဝင်လာပြီး အခန်းမှာရှိသော ရုပ်မြင်သံ

ကြားကို အကျယ်ကြီးဖွင့်လိုက်သည်။ အော်နေသော ရုပ်မြင်သံကြားသည် စန္ဒရားအသံညှိသူကို အနှောင့်အယှက်ပေးနေသဖြင့် တီဗွီရှိသည့်ဘက် အသံညှိဆရာလျှောက်သွားပြီး ရုပ်မြင်သံကြားကို ပိတ်လိုက်သည်။

တီဗွီလာဖွင့်သူ၊ အသံညှိသူကို 'ထူးဆန်းတဲ့ငနဲပါလား' ဆိုသောအကြည့်ဖြင့်ကြည့်လိုက်ပြီး ရုပ်မြင်သံကြားကိုပြန်ဖွင့်သည်။ ထိုအခါအသံညှိဆရာ နေရာမှထပြီး တီဗွီကိုထပိတ်လိုက်ပြန်သည်။ ဖွင့်လိုက်ပိတ်လိုက်နှင့် အကြိမ်ကြိမ်ဖြစ်နေရာ နောက်ဆုံး သည်းမခံနိုင်တော့သည်နှင့် အသံညှိဆရာက ပြောသည်။

"ဒီမှာဗျာ၊ ကျွန်တော် စန္ဒရားကို အသံညှိပေးဖို့ ကြိုးစားနေတယ်။ ဒီအတွက် ပတ်ဝန်းကျင်တိတ်ဆိတ်ဖို့လိုတယ်။ ခင်ဗျားက တီဗွီလာပြင်နေတော့ ကျွန်တော် ဘာမှလုပ်လို့မရဘူး"

'တီဗွီပြင်သူ' ဟက်ဟက်ပက်ပက်ရယ်ပြီး ပြန်ပြောသည်။

"ကျွန်တော် တီဗွီပြင်ဆရာပါ၊ ကျွန်တော် ခင်ဗျားကို စန္ဒရားခလုတ်တွေကို လာခေါက်နေတဲ့ စိတ်မနှံ့သူလို့ ထင်နေတာကလား"

☺ ☺ ☺

## ဆိုဗီယက်ခေတ်ဟာသများ

**(ဆိုဗီယက်ခေါင်းဆောင်များမှာ အစဉ်အလိုက် လီနင်၊ စတာလင်၊ ကရုးရှက်၊ ဘရက်ဇနက်၊ အင်ဒရိုပေါ့၊ ချယ်နင်ကို၊ ဂေါ်ဘာချော့တို့ဖြစ်ကြသည်။)**

### ၁၆၇။ အရောင်မတူတဲ့ဖိနပ်

လီနင်ဂရက်တိုင်းပါတီကော်မတီအတွင်းရေးမှူး 'ရှိမန်းနော့'သည် ဖိနပ်ကို အညိုရောင်တစ်ဖက်၊ မီးခိုးရောင်တစ်ဖက်စီးပြီး ပေါ်လစ်ဗျူရို အစည်းအဝေးသို့ တက်လာသည်။ ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး 'ဘရက်ဇနက်'က အရောင်မတူသောဖိနပ်စီးပြီး သွားလာနေသည်မှာ ကြည့်မကောင်းကြောင်း၊ ထို့ကြောင့် အိမ်ပြန်ပြီး ဖိနပ်ပြန်လဲရန် ပြောလိုက်သည်။

'ရှိမန်းနော့'ခဏအကြာတွင် ပြန်ရောက်လာသည်။ သို့သော် စောစောကဖိနပ်ကိုပင် စီးထားသည်။ ဝိုင်းကြည့်နေကြသော ပေါ်လစ်ဗျူရို အဖွဲ့ဝင်များကို အပြစ်ရှိသည့်အမူအရာနှင့် ရှိမန်းနော့ ပြောသည်။

''အိမ်မှာလည်း ဖိနပ်တစ်ဖက်က အညိုရောင်၊ နောက်တစ်ဖက်က မီးခိုးရောင်ပဲ ရှိပါတယ်ခင်ဗျာ''

☺

**ရွှေပဒေသာစာပေ**

## ၁၆၈။ သတိမေ့ရောဂါ

ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များသည် အသက်အရွယ်ကြီးရင့်သူများ ဖြစ်ကြသည်။ တစ်နေ့တွင် 'ဘရက်ဇနေဗ်'က ပြောသည်။

''ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တချို့ဟာ အသက်ကြီးရင်ဖြစ်တဲ့ သတိမေ့ရောဂါစွဲကပ်နေကြပြီ။ ဥပမာ ရဲဘော်'ပဲလ်ရှယ်'ဟာ သူ့ကိုယ်သူတောင် မသိဘူး။ ကျွန်တော် သူ့ကိုနှုတ်ဆက်တယ်၊ မင်္ဂလာပါ ရဲဘော်ပဲလ်ရှယ်လို့၊ အဲ. . . သူဘယ်လိုပြန်ပြောတယ်မှတ်လဲ။ 'မင်္ဂလာပါ၊ လီယိုနစ်အီလစ်ချ်၊ ကျွန်တော် ပဲလ်ရှယ်မဟုတ်ပါဘူး၊ ဂရိုမီကိုပါ'တဲ့''

☺

## ၁၆၉။ ပေါ်လစ်ဗျူရို

ဘရက်ဇနေဗ်ခေတ် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များ အသက်ကြီးသူချည်း ဖြစ်ကြသည်ကို ဤသို့ဟာသလုပ်သည်။

''ခြေထောက်လေးချောင်း၊ သွားအချောင်းလေးဆယ်ရှိတဲ့သတ္တဝါဟာ ဘာလဲ''

''မိကျောင်း''

''ခြေထောက်ကတော့ အချောင်းလေးဆယ်၊ ဒါပေမဲ့ သွားက လေးချောင်းပဲဆိုရင် ဘာဖြစ်မလဲ''

☺

## ရွှေပဒေသာစာပေ

"ပေါ်လစ်ဗျူရိုပေါ့"

☺

## ၁၇၀။ စစ်ဗိုလ်ချုပ်ကြီးဆိုတာ

ဘရက်ဇုညက် ပါတီခေါင်းဆောင်ဖြစ်စဉ်က ပေါ်လစ်ဗျူရိုအစည်းအဝေးတစ်ခုသို့ သမိုင်းပါမောက္ခကို ဖိတ်ခေါ်လိုက်သည်။ ပါမောက္ခကို ၎င်းကမေးသည်။

'နပိုလီယံကိုအနိုင်တိုက်ခဲ့တဲ့ မျက်လုံးတစ်ဖက်နဲ့ ဖီးလ်မာရှယ်ရဲ့နာမည် ဘယ်လိုခေါ်လဲ"

"ကူတူးဇော့ပါ"

"စပိန်ရေတပ်ကိုဖျက်ဆီးခဲ့တဲ့ မျက်စိတစ်လုံးနဲ့ ရေတပ်ဗိုလ်ချုပ်ရဲ့နာမည်ကကော"

"အင်္ဂလိပ်ဗိုလ်ချုပ် နယ်လ်ဆင်ပါ"

"၆–ရက်ကြာစစ်ပွဲမှာ အနိုင်ယူခဲ့တဲ့ မျက်လုံးတစ်ဖက်နဲ့ အစ္စရေးဗိုလ်ချုပ်ရဲ့နာမည်ကရော"

"မိုရှေဒါယန်းပါ"

"ရဲဘော်များခင်ဗျာ. . . ကျွန်တော် အဆိုတစ်ခုတင်ချင်ပါတယ်။ ကျွန်တော်တို့ရဲ့ကာကွယ်ရေးဝန်ကြီး 'ဂရက်ချ်ကို'ရဲ့မျက်လုံးတစ်ဖက်ကို ဖောက်ထုတ်လိုက်ရအောင်လား"

☺

**ရွှေပဒေသာစာပေ**

## ၁၇၁။ ထိုက်တန်သောလစာ

ပေါ်လစ်ဗျူရိုအဖွဲ့ဝင် 'ကိုစီဂင်' အင်္ဂလိပ်ပါလီမန်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ကို လက်ခံတွေ့ဆုံရင်း မေးသည်။

"အင်္ဂလန်မှာ ဝန်ကြီးချုပ်လစာ ဘယ်လောက်ရသလဲ"

"ပေါင်စတာလင်တစ်သောင်းပါ"

"ပြည်သူ့ပိုက်ဆံ အများကြီးကုန်ရတာပါလား၊ ကျွန်တော်တို့ခေါင်းဆောင် 'ဘရက်ဇှနက်'ဆို တစ်လကို ရှူဘယ်သုံးရာပဲရတယ်ဗျ"

"ကျွန်တော်တို့ဆီမှာလည်း သူ့ဒီလောက်ပဲရမှာပါ"

☺

## ၁၇၂။ ကျောင်းနေဘက်

ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကရုးရှက်ထံ မိန်းမကြီးတစ်ဦး ဖုန်းဆက်သည်။ ကရုးရှက်၏ဇနီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"နီကီတာ ဆာဂေးဗစ်ချ်(ကရုးရှက်)ကိုခေါ်ပေးပါလား၊ ကျွန်မဟာ သူနဲ့ကျောင်းနေဘက်ပါ"

"နင်ဟာ ငါ့ယောက်ျားရဲ့ကျောင်းနေဘက်မဟုတ်ဘူး၊ လူလိမ်လူညာ။ ငါ့ယောက်ျား ကျောင်းမနေဖူးဘူးဟဲ့. . . မှတ်ထား"

☺

## ရွှေပဒေသာစာပေ

## ၁၇၃။ တူတံဇင်အရေးကြီးတယ်

မာမကျန်းဖြစ်နေသော ဆိုဗီယက်ကွန်မြူနစ်ပါတီအတွင်းရေးမှူး 'အင်ဒရိုပေါ့'ထံ တမလွန်ဘဝမှ ဘရက်ဇှေညက် ဖုန်းဆက်သည်။

"ဟဲလို. . . အခုဆက်တာ ဘရက်ဇှေညက်ပါ၊ ငါတို့ဆီ မင်းလိုက်လာမယ်လို့ပြောနေကြတယ်။ အေး. . . လာတဲ့အခါ ဖွန်းနဲ့ခက်ရင်းယူခဲ့၊ ထမင်းစားတဲ့နေရာမှာ ဟစ်တလာ တာဝန်ကျတယ်ကွ။ ဒီငနဲက ငါတို့ကို တူတံဇင်နဲ့ပဲ စားခိုင်းနေတယ်။ တူတံဇင်မရှိရင် ထမင်းပေးမစားဘူးကွ"

☺

## ၁၇၄။ ရှူဘယ်တိုးလိုက်မယ်

မော်စကိုသို့ အမေရိကန်သမ္မတ ကနေဒီ အလည်လာသည်။ လေ့လာရေးခရီးတစ်ခုတွင် ဆိုဗီယက်ပြည်ထောင်စုမှာ အမဲသား အင်မတန်ဈေးကြီးလှပါလားဟု ကနေဒီ မှတ်ချက်ချသည်။

ညှော်သည်ကိုချေပလိုဇောဖြင့် မစဉ်းစားဘဲ ကရုရှက် ကြေငြာလိုက်သည်။

"ယုံချင်ယုံ မယုံချင်နေ၊ အမဲသားဟာ ကျွန်တော်တို့ဆီမှာ ၃-ရှူဘယ်ပဲ ကျတယ်ခင်ဗျ"

ရွှေပဒေသာစာပေ

"မဖြစ်နိုင်တာဘဲ"

"ဟုတ်မဟုတ် စမ်းသပ်ကြည့်ပေါ့ဗျာ"

မည်သို့စမ်းသပ်ရမည်နည်း။ တိုက်တိုက်ဆိုင်ဆိုင် မိန်းမကြီးတစ်ယောက် ဈေးခြင်းတောင်းဆွဲလျက် လျှောက်လာသည်။ ဈေးခြင်းတောင်းမှ ကြက်ခြေထောက်များ ထွက်နေသည်။

"မေးခွန်းတစ်ခုလောက် မေးပါရစေ အဒေါ်ကြီး"

"မေးပါ"

"ခင်ဗျားတို့ဆီမှာ အမဲသားတစ်ပိဿာ ဘယ်လောက်ကျသလဲ"

ကနေဒီနောက် ရောက်နေသောကရှုရှက်၊ မိန်းမကြီးမြင်သာအောင် လက်သုံးချောင်း ထောင်ပြသည်။

"သုံးရှာဘယ်ပါ"

"ဒါအမှန်ပဲလား၊ ဒီပိုက်ဆံနဲ့ အခုကို ခင်ဗျားဝယ်နိုင်တာပေါ့ဟုတ်လား"

"လွယ်လွယ်လေး"

"ဒါဖြင့်ရင် ခင်ဗျား ဘာဖြစ်လို့ အမဲသားမဝယ်သလဲ"

"ဒင်းကို ကျွန်မဘာလုပ်ရမှာလဲ၊ ၅–ရှာဘယ်ထပ်ထည့်လိုက်ရင် ကြက်တစ်ပိဿာရတယ်လေ"

☺

**ရွှေပဒေသာစာပေ**

## ၁၇၅။ အကြောင်းရင်း

ဘရက်ဇုညက် သတင်းစာရှင်းလင်းပွဲလုပ်သည်။

"လီယိုနစ် အီလစ်ချ်၊ ဆိုဗီယက်ယူနီယံမှာ ဘာဖြစ်လို့ အသား ရှားသလဲ"

"ကျွန်တော်တို့က ကွန်မြူနစ်စနစ်ကို တစ်နာရီ ၇-မိုင်နှုန်းနဲ့သွား နေတယ်။ နွားတွေခမျာ ကျွန်တော်တို့ကို အမီမလိုက်နိုင်ရှာကြဘူး"

☺

## ၁၇၆။ နိုင်ငံတော်လျှို့ဝှက်ချက်

အုတ်နံရံတစ်ခုတွင် လူတစ်ယောက် 'ကရူးရှက် သောက်ရူး'ဟု ရေးလိုက်သည်။ သည်အတွက် သူ့ကို ထောင် ၁၁-နှစ်ချလိုက်သည်။ နိုင်ငံတော်ပိုင်ပစ္စည်းကိုဖျက်ဆီးမှုဖြင့် ထောင် ၁-နှစ်၊ နိုင်ငံတော်လျှို့ ဝှက်ချက်ပေါက်ကြားမှုဖြင့် ထောင် ၁၀-နှစ်၊ စုစုပေါင်း ၁၁-နှစ်ဖြစ် သည်။

အင်္ဂလန်သို့အလည်သွားပြီး မော်စကိုသို့ ကရူးရှက်ပြန်လာချိန်တွင် ထိုသူသည် ထောင်ထဲတွင် တစ်နှစ်တိတိ ပြစ်ဒဏ်ကျခံပြီးဖြစ်နေသည်။ ယခု ၎င်းကို နောက်ဆယ်နှစ်မကျခံစေတော့ဘဲ ကွင်းလုံးကျွတ်လွှတ် လိုက်သည်။

'ကရူးရုက် သောက်ရူး'သည် နိုင်ငံတော်လျှို့ဝှက်ချက်မဟုတ်တော့သောကြောင့်ဖြစ်သည်။

☺

## ၁၇၇။ ပြေးပေတော့

''စတာလင် အသက်ပြန်ရှင်လာရင် ဘာဖြစ်မယ်ထင်သလဲ''

''ကရူးရုက် အမေရိကားကို ကျော်တက်သွားမှာပေါ့''

☺

## ၁၇၈။ နေရာလုမယ့်ကောင်

ကြီးသုံးကြီး၏ 'ယောလ်တာ'ကွန်ဖရင့်သို့ ဘုရားသခင် တက်ရောက်လာသည်။ အားလုံးကို ဘုရားသခင် လက်ဆွဲနှုတ်ဆက်သည်။

ချာချီနား ကပ်လာသောအခါ ဘုရားသခင် နေရာမှထပြီး လက်ဆွဲနှုတ်ဆက်သည်။ အမေရိကန်သမ္မတ 'ရုစဘဲ့'ကိုလည်း ဘုရားသခင် နေရာမှထပြီး လက်ဆွဲနှုတ်ဆက်သည်။

စတာလင်အလှည့်ကျတော့ ဘုရားသခင် ထိုင်နေရာက မထဘဲ ထိုင်လျက်နှင့် လက်ဆွဲနှုတ်ဆက်သည်။ စတာလင် စိတ်တိုသွားသည်။

''ကျွန်တော်နဲ့လက်ဆွဲနှုတ်ဆက်တော့ ခင်ဗျား ဘာဖြစ်လို့ နေရာက

မထသလဲ''

''မင်းအကြောင်း ငါသိတယ်ကွ၊ ငါထလိုက်တာနဲ့ ငါ့နေရာမှာ မင်းဝင်ထိုင်မှာမဟုတ်လား''

☺

## ၁၇၉။ အနိုင်ရသူ



အထုံဆုံး၊ အမိုက်မဲဆုံးမျက်နှာပိုင်ရှင်ရွေးပွဲ ကျင်းပသည်။ ကရှူးရှက် ပထမရသည်။ ဆုယူရန် ကရှူးရှက် ငြင်းသည်။

''ခင်ဗျားအနိုင်ရတယ်လေဗျာ၊ ဆုတက်ယူမှပေါ့''

''ဟင့်အင်း. . . ကျွန်တော်မှဝင်မပြိုင်ဘဲ''

☺

## ၁၈၀။ အမေးအဖြေ

လီယိုနစ်အီလစ်ချ်(ဘရက်ဇနက်) ရွှေငါးလေး ဖမ်းမိသည်။ ရွှေငါးလေး အသနားခံသည်။

"ကျွန်တော့်ကိုလွှတ်ပေးပါ၊ အဲဒါဆိုရင် ခင်ဗျားရဲ့ဘဝမှာ အခက်ခဲဆုံးမေးခွန်းတွေကို ဖြေပေးပါ့မယ်"

"ကောင်းပြီ၊ မင်းအဖြေပေးနိုင်ရင် မင်းကိုငါလွှတ်မယ်။ ကိုင်း! မေးမယ်. . . ငါ့အကြောင်း ဟာသမျိုးစုံပြောနေကြပြီးတော့ စတာလင်အကြောင်းကျတော့ သိပ်မပြောကြပါလား"

"ဘာကြောင့်လဲဆိုတော့ ရပ်ရှားနိုင်ငံထဲက ရသမျှ မင်းသယ်ထုတ်တယ်။ စတာလင်ကတော့ ရသမျှကို ရပ်ရှားထဲယူသွင်းတယ်"

"ရပ်ရှားလူမျိုးတွေ ပထမမြောက်ပီတာဘုရင်ကို ခုထိလေးစားပြီး ငါ့ကိုကျတော့ ဘာဖြစ်လို့မလေးစားသလဲ"

"ဘာကြောင့်လဲဆိုတော့ ဥရောပတံခါးကို ပီတာဘုရင် ဖွင့်ပေးတယ်၊ မင်းက ပိတ်ပစ်တယ်"

"ဒါဖြင့်ပြောစမ်းပါ၊ လီနင်ကို ပြည်သူတွေ အခုထိချစ်နေကြပြီး ငါ့ကိုကျတော့ မချစ်ဘူး။ ဘာဖြစ်လို့လဲ"

"ဘာကြောင့်လဲဆိုတော့ သူခိုးသူဝှက်တွေကို ကွန်မြူနစ်ဖြစ်အောင် လီနင် စည်းရုံးသိမ်းသွင်းတယ်။ မင်းကတော့ ကွန်မြူနစ်ကို သူခိုးဖြစ်အောင်လုပ်တယ်"

☺

**ရွှေပဒေသာစာပေ**

## ၁၈၁။ ရပ်ရှားပါပဲ

မော်စကိုသို့ ဖင်လန်သမ္မတကြီး 'ကက်ကိုနင်' အလည်ရောက်လာသည်။ တရားဝင်ဆွေးနွေးပွဲအပြီး ညနေစောင်းတွင် ဧည့်သည်တော်ကို ကားပေါ်တင်လျက် ကရူးရှက် မော်စကိုမြို့ကိုလိုက်ပြသည်။ အချိန်မှာ မှောင်စပျိုးသည့်အချိန်ကို ရောက်နေပြီဖြစ်သည်။ လမ်းတွင် ကက်ကိုနင် မေးသမျှကို ကရူးရှက် ဖြေရသည်။

တစ်နေရာတွင် လမ်းဘေးမှာ ပေါက်နေသောသစ်ပင်ကိုကွယ်လျက် လူတစ်ယောက် 'ကော့ပန်း'နေသည်ကိုတွေ့ရာ အလုပ်မှအပြန် ရေချိန်မှန်နေသူဟု ကရူးရှက်ဖြေလိုက်သည်။ ဆက်သွားရာ ဟိုနေရာမှာ တစ်ယောက်၊ ထိုနေရာမှာ တစ်ယောက်နှင့် 'ရေချိန်မှန်နေသူ'အတော်များများကို ဆက်တိုက်လိုလိုတွေ့ရသည်နှင့် 'အဆွေတော်တို့နိုင်ငံမှာ အရက်သမား တယ်များပါလား'ဟု ဖင်လန်သမ္မတ မှတ်ချက်ပေးလိုက်သည်။

ဤမှတ်ချက်ကြောင့် ကရူးရှက် အတော်ရှက်သွားသည်။ 'နေဦးပေါ့ကွာ၊ ငါ မင်းတို့ဆီရောက်ရင် ပြန်အရှက်ခွဲရသေးတာပေါ့'ဟု ကရူးရှက် ကြုံးဝါးသည်။

မကြာမီ ဖင်လန်နိုင်ငံသို့ ကရူးရှက် တုံ့ပြန်အလည်ခရီးသွားသည်။ ညနေမှောင်ရီပျိုးသည့်အချိန်တွင် ဟယ်စင်ကီမြို့တော်ကိုလိုက်ပြရန် ဖင်လန်သမ္မတကို သူမေတ္တာရပ်ခံသည်။ သမ္မတနှစ်ယောက် ကားနှင့် မြို့ကိုလှည့်သည်။ ဖင်လန်သမ္မတရှင်းပြသည်ကို ကရူးရှက် စိတ်မဝင်

စား။ အရက်မူးသူတစ်ယောက်ယောက် 'ကော့ပန်း'နေတာကိုပဲ သူလိုက်ကြည့်သည်။

တစ်မြို့လုံး အမှောင်ဖုံးစပြုလာသည်။ ဖိုးသမားတစ်ယောက်ကိုမှ မတွေ့သေး။ ကရှူးရှက် စိတ်ပျက်စပြုလာသည်။ မြုန်းဆို ဓာတ်တိုင်အောက်မှာ တိုင်ကိုတွယ်ဖက်ရင်း လူတစ်ယောက် ခက်ခက်ခဲခဲအပေါ့သွားနေသည်ကို ကရှူးရှက် တွေ့လိုက်ရသည်။ ကရှူးရှက် ဝမ်းသာအားရပြောသည်။

''မစ္စတာ ကက်ကိုနင်၊ ကျုပ်တို့ဆီမှာ အရက်သမားတွေ များလှတယ်ဆိုပြီး ခင်ဗျား ကျွန်တော့်ကိုဝေဖန်ခဲ့တာ မှတ်မိတယ်မဟုတ်လား။ ခင်ဗျားတို့ဖင်လန်သားတွေလည်း ကျုပ်တို့ထက် မညံ့ပါဘူးဗျ။ ဟိုမှာကြည့်. . . ဓာတ်တိုင်ကိုဖက်ပြီး 'ပန်း'နေတဲ့ငနဲ''

''အဲဒါ ဘယ်သူလဲသိလား''

''ဟင့်အင်း''

''အဲဒါ ဆိုဗီယက်သံအမတ်''

☺

## ၁၈၂။ မိသားစုကိုငဲ့ရမယ်

ဘရက်ဇှညက်နှင့် အမေရိကန်သမ္မတ နစ်ဆင်တို့ သူတို့၏သက်တော်စောင့်များနှင့်အတူ 'နိုင်ယာဂရာ'ရေတံခွန်မှာ ရပ်နေကြသည်။

မိမိတို့၏သက်တော်စောင့်များ မည်မျှသစ္စာရှိသနည်းဆိုသည်ကို စမ်းသပ်ရန် ခေါင်းဆောင်နှစ်ဦး ဆုံးဖြတ်လိုက်ကြသည်။

ခေါင်းဆောင်နှစ်ယောက်စလုံး မိမိတို့၏သက်တော်စောင့်များကို နက်ရှိုင်းသည့်ရေတံခွန်ထဲခုန်ဆင်းရန် အမိန့်ပေးကြရမည်ဖြစ်သည်။ အမေရိကန်သမ္မတက မိမိ၏ကိုယ်ရံတော်ကို ရေထဲခုန်ဆင်းရန် အမိန့်ပေးသည်။ ကိုယ်ရံတော် ငြင်းသည်။

"ကျွန်တော် ခုန်မဆင်းနိုင်ပါဘူး။ ကျွန်တော့်မှာ မိသားစုရှိတယ်၊ သားသမီးရှိပါတယ်"

ရုရှားကိုယ်ရံတော်ကတော့ အမိန့်ပေးသည်နှင့် အသက်အန္တရာယ်ကို ဂရုမစိုက်ဘဲ ခုန်ဆင်းဖို့ပြင်သည်။ သို့သော် နောက်ဆုံးမခုန်ခင် သူ့ကိုလှမ်းတားပြီး မေးသည်။

"ဘယ်လိုကြောင့် မင်းခုန်ဆင်းဖို့ ဆုံးဖြတ်လိုက်တာလဲ"


အံ့အားသင့်နေသည့်နစ်ဆင်က မေးသည်။

"ကျွန်တော့်မှာ မိသားစုနဲ့ သားသမီးတွေနဲ့မို့ပါ"

☺

## ၁၈၃။ အူရျင်တယ်

အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ ကွဲစဉ်ကဖြစ်သည်။ ထိုစဉ်က အရှေ့ဂျာမနီမှာ ဆိုရှယ်လစ်စနစ်၊ အနောက်ဂျာမနီမှာ အရင်းရှင်စနစ်။



အရှေ့ဂျာမနီကခွေး အနောက်ဂျာမနီသို့ ပြေးလာသည်။ အနောက်ဂျာမနီကခွေးတွေ ၄င်းကို ဝမ်းသာအားရနှုတ်ဆက်ကြသည်။ အကျွေးအမွေးနှင့်ညှဉ်းခံရင်း ၄င်းတို့သိလိုသည်များကို မေးသည်။

"မင်း ဘာလို့ပြေးလာတာလဲ၊ ဟိုမှာ မင်းကို ကောင်းကောင်းအစာမကျွေးဘူးလား"

"ကျွေးတာပေါ့၊ အသားမှ အကောင်းဆုံးအသားတွေ၊ အရိုးဆိုလုံးဝမပေးဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့ပြေးလာလဲ၊ ညတိုင်ကျ အိမ်ပြင်မှာ ချမ်းချမ်းစီးစီးအိပ်ရသလား"

"နိုး. . . ညှဉ်ခန်းမှာထားတဲ့ဆိုဖာပေါ်မှာ နွေးနွေးထွေးထွေးအိပ်ရတယ်ဗျ"

**ရွှေပဒေသာစာပေ**

"ဟုတ်လား။ ဒါဖြင့် ဘာဖြစ်လို့ပြေးလာတာလဲ။ တော်သလင်းမှာ ပတ်တနှာ ရှာရတာခက်လို့လား"

"မဟုတ်လိုက်တာ၊ ပတ်ပတ်လည်မှာ ဝိုင်းနေတဲ့ကောင်မတွေ များလွန်းလို့ တွန်းတောင်ထုတ်ရတယ်"

"ကိုင်း! အဲဒါဆို ဘာဖြစ်လို့ ပြေးလာသလဲပြော"

"ဟိုမှာ ညတိုင်ကျရင် မအူရဘူးကွာ"

☺

## ၁၈၄။ ပါတီတာဝန်

ကွယ်လွန်ပြီးသည့်နောက် လီယိုနစ် အီလစ်ချ်(ဘရက်ဇနက်) အခြားကမ္ဘာသို့ ရောက်သွားသည်။ ဟောင်းနွမ်းသောအဝတ်အစားဖြင့် တံမြက်စည်းလှဲနေသော လူတစ်ယောက်ကိုမြင်ရာ ဝမ်းသာအားရမေးသည်။

"ဟေ့လူ၊ ခင်ဗျား နီကီတာဆာဂေးဗစ်ချ်(ကရုရှက်) မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ပဲ"

"ဒီလောက်ကြီးတဲ့ရာထူးကိုယူခဲ့ပြီးတော့ အခု တံမြက်စည်းလှဲနေရတယ်လို့ဗျာ။ ကြည့်မကောင်းပါဘူး"

"မင်းကို ဘာတာဝန်ပေးမလဲဆိုတာ စောင့်ကြည့်ကြသေးတာပေါ့။ တို့ဆီမှာ ပါတီစိတ်အတွင်းရေးမှူး ဘယ်သူလဲ မင်းသိလား"

**ရွှေပဒေသာစာပေ**

"ဟင့်အင်း"

"စတာလင်ကွ"

☺

## ၁၈၅။ တကယ့်ဘ၀

သာမန်ဆိုဗီယက်ပြည်သူပြည်သားတွေ ဘယ်လိုနေကြသလဲဆိုတာကို ဆိုဗီယက်ကွန်မြူနစ်ပါတီအတွင်းရေးမှူး အင်ဒရိုပေါ့ လေ့လာချင်စိတ်ပေါ်လာသည်။ (အတွင်းရေးမှူးမဖြစ်ခင်က အင်ဒရိုပေါ့သည် ကေဂျီဘီအကြီးအကဲဖြစ်ခဲ့သည်။) သို့ဖြင့် သူ့ကိုမမှတ်မိအောင် ရုပ်ဖျက်ဝတ်ဆင်ပြီး မြို့စွန်ကိုသွားသည်။ အဲဒီမှာ ခြံထဲမှာ အာလူးကောက်နေသော အဘွားကြီးတစ်ဦးကိုတွေ့သည်နှင့် မေးသည်။

"အဒေါ်ကြီး၊ နေရထိုင်ရတာ အဆင်ပြေရဲ့လား။ အိမ်မှာ ရုပ်မြင်သံကြားရှိရဲ့လား"

"ရှိတာပေါ့၊ တစ်လုံးတောင်မဟုတ်ဘူး. . . နှစ်လုံး။ အဖြူအမည်းနှစ်လုံး. . . ရောင်စုံတစ်လုံး"

"မော်တော်ကားကော ရှိသလား"

"ရှိတယ်ဟေ့! ရှိတယ်၊ တစ်စီးမဟုတ်ဘူး၊ နှစ်စီးတောင်ရှိတယ်။ ကိုင်း! သွားတော့၊ သူလျှိုအစုတ်ပလုပ်ရဲ့"

"ဘယ့်နှယ်ပြောလိုက်တာလဲ၊ ကျွန်တော် သူလျှိုမဟုတ်ပါဘူး။

ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော် အင်ဒရိုပေါ့ပါခင်ဗျ''

''ကြည့်လိုက်တာနဲ့ လူလိမ်လူညာဆိုတာ အထင်းသားပေါ်နေတယ်။ ငါတို့ဆီမှာ ဘာမှမရှိဘူးဆိုတာ ရဲဘော်အင်ဒရိုပေါ့ ကောင်းကောင်းသိတယ်ကွယ့်''

☺

## ၁၈၆။ ခေတ်သစ်(၁၉၈၅–၁၉၉၁)

နယ်စပ်ကိုဖွင့်ပေးလိုက်ပြီးသည့်နောက် ဂေါ်ဘာချော့ အိပ်ရာကနိုးလာသည်။ အနားတွင် ဇနီးသည် ရာအိစာကို မတွေ့သည်နှင့် လမ်းပြင်ထွက်သည်။ အဲသည်မှာလည်း လူတစ်ယောက်ကိုမှ မတွေ့ရချေ။ ကရင်မလင်နန်းတော်ထဲမှာလည်း တစ်ယောက်မှမရှိချေ။ ရုတ်တရက် တယ်လီဖုန်းသံမြည်လာသည်။

''လီဂါချော့ပါ(ဝါဒရေးရာတာဝန်ခံ)၊ ရဲဘော်ဂေါ်ဘာချော့ အခြေအနေဘယ်လိုလဲဗျ''

''ကျွန်တော် ဘာမှနားမလည်တော့ဘူး၊ ဘာတွေဖြစ်ကုန်တာလဲ''

''ခင်ဗျားကို ကျွန်တော်ပြောသားပဲ၊ နယ်စပ်ကိုမဖွင့်ပါနဲ့လို့။ ခုတော့ အားလုံးထွက်ပြေးကုန်ကြပြီ။ ဆိုဗီယက်ယူနီယံတစ်ခုလုံး''

''ဟုတ်လား။ အဲဒါဆို ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်တည်း ကျန်

တာပေါ့"

"ဟင့်အင်း. . . ခင်ဗျားကို ကျွန်တော် ဆွိဒင်ကနေ ဆက်နေတာ"

☺

**၁၈၇။ အလုပ်လုပ်ဆဲ**

**(ရုရှားတွင် အရက်မသောက်သူ မရှိသလောက်ရှားသည်။ ဤအကြောင်းကို ယခုကဲ့သို့ ပြက်လုံးထုတ်သည်။)**



ဂေါ်ဘာချော့ စက်ရုံသို့ရောက်လာပြီး ပထမဆုံးတွေ့သည့်လုပ်သားကိုမေးသည်။

"ရဲဘော်ကိုကြည့်ရတာ ဒီမှာအလုပ်လုပ်တယ်ထင်တယ်"

"ဟုတ်ပါတယ်၊ လုပ်သင်ႆ ဆယ်နှစ်ရှိပါပြီ"

**ရွှေပဒေသာစာပေ**

"ဟုတ်လား၊ အောင်မြင်မှုတွေ ရရဲ့လား"

"ဟောဟိုနံရံမှာ ကပ်ထားတဲ့ လုပ်ငန်းခွင်ထူးချွန်သူများစာရင်းမှာ ကျွန်တော် ပါပါတယ်"

"အမှန်အတိုင်းပြောစမ်းပါ၊ ဗော့ဒ်ကာတစ်ခွက်သောက်ရင် ခင်ဗျား အလုပ်လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ်"

"၂-ခွက်ဆိုရင်ကော"

"လုပ်နိုင်ပါတယ်"

"လစ်တာဝက်ပုလင်းဆိုရင်ကောဗျာ"

"လုပ်နေတာပဲလေ"

☺

## ၁၈၈။ အမာရွတ်ပျောက်ဆေး

ဂေါ်ဘာချော့ ယူကရိန်းသို့ရောက်လာသည်။

"မီခေးလ် ဆာဂေးချစ်(ဂေါ်ဘာချော့). . . ချစ်ကြည်ရေးအတွက် ယူကရိန်းလုပ် 'ဂေါ်ရီးလာ'အရက်ကို သောက်လိုက်ရအောင်လား"

ဂေါ်ဘာချော့ ငြင်းရခက်နေသည်။ နှစ်နိုင်ငံပြည်သူတို့ချစ်ကြည်ရေး အတွက် မဟုတ်ပါလား။ သို့နှင့် သောက်ချလိုက်သည်။ နောက်တစ် ခွက် ထပ်ချလိုက်သည်။ ထို့နောက် ခွက်တွေကို အကြိမ်ကြိမ်ထပ်ဖြည့်

သည်။ ဘယ်လောက်မှန်းမသိတော့။ ဂေါ်ဘာချော့ တော်တော်မူးသွားသည်။ မနက်အိပ်ရာကထ၍ မှန်ကိုကြည့်လိုက်မိသောအခါ သူ့နဖူးပေါ်က အမာရွတ် ပျောက်နေသည်ကိုသတိထားမိသည်။ သို့နှင့် အိမ်ရှင်တွေကို မေးသည်။

"ဟေ့လူတွေ. . . ကျွန်တော့်အမာရွတ် ဘယ်ရောက်သွားသလဲ။ ဘုရားပေးတဲ့အမာရွတ်ဗျ"

"အောင်မယ်လေး. . . ရဲဘော်ဂေါ်ဘာချော့ရယ်၊ ကရင်မလင်မှာသာ ခင်ဗျားတို့ ကော့ညက်နဲ့စပြီး ကော့ညက်နဲ့ ပွဲကိုသိမ်းကြတာ။ ကျွန်တော်တို့မှာက 'ဂေါ်ရီးလာ'နဲ့စပြီး အမာရွတ်ပျောက်ဆေးနဲ့ အဆုံးသတ်တာဗျ"

☺

## ၁၈၉။ ခြားနားချက်

"ဆိုဗီယက်ပြည်ထောင်စုနဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့ အခြေခံဥပဒေတွေကြားမှာ တူတာ ခြားနားတာ ဘာရှိလဲ"

"နှစ်ခုစလုံး လွတ်လပ်စွာပြောဆိုခွင့်ကို အာမခံတယ်။ ဒါပေမဲ့ အမေရိကန်အခြေခံဥပဒေက ပြောပြီးရင်လည်း အဲဒီလွတ်လပ်ခွင့်ကို အာမခံတယ်"

☺

**ရွှေပဒေသာစာပေ**

## ၁၉၀။ ကေဒါဟောင်း

တရားမဝင်ပြည့်တန်ဆာလုပ်ငန်းကို တိုက်ဖျက်ရန်အတွက် မြို့နယ်ပါတီယူနစ် ပါတီကော်မတီ၏ကမကထပြုချက်ဖြင့် မြို့နယ်တွင် တရားဝင်ဖိမ်ခန်းများ ဖွင့်လိုက်သည်။

သူများနိုင်ငံတွေ၏ အတွေ့အကြုံကိုလေ့လာရန် ဂျာမဏီနိုင်ငံ၊ ဟန်းဘတ်မြို့သို့တောင် သွားလိုက်ကြသည်။

ပြန်ရောက်လာသည်နှင့် ဖိမ်ခန်းများ ဖွင့်လိုက်ကြသည်။ ဖွင့်ပြီး ဒုတိယမြောက်နေ့တွင်ပင် ဖောက်သည်များ မလာကြတော့ချေ။ မြို့နယ်ပါတီအတွင်းရေးမှူးက ဖိမ်ခန်းပါတီကလပ်စည်းခေါင်းဆောင်ကို ဝေဖန်သည်။

''ဘယ်လိုဖြစ်တာလဲ၊ အနောက်ကအတိုင်း ပုံတူလုပ်တာပဲ မဟုတ်လား''

''ဟုတ်ပါတယ်၊ သူတို့အတိုင်း လုပ်တာပါပဲ။ အဝင်ပေါက်မှာ မီးအိမ်နီလေးတွေကိုပါ ချိတ်ထားပေးပါတယ်''

''ကေဒါတွေကရော အတွေ့အကြုံရင့်ကျက်သူတွေမဟုတ်လား''

''ဟုတ်ပါတယ်၊ ၁၉၀၅ ခုနှစ်ကတည်းက ပါတီဝင်တွေပါ''

☺

## ၁၉၁။ အသားမရှိပါလား



တယ်လီဖုန်းသံ မြည်လာသည်။ ဘရက်ဇည်က် ကောက်ကိုင်လိုက်သည်။

"ဆိုင်တွေမှာ အသားမရှိပါလား"

တစ်ဖက်ကလူ ခနဲ့တဲ့တဲ့ပြောသည်။

လီယိုနစ်အီလစ်ချ် သက်ပြင်းချပြီး တယ်လီဖုန်းကို ပြန်ချလိုက်သည်။ တစ်မိနစ်အတွင်း တယ်လီဖုန်းသံ မြည်လာပြန်သည်။

စောစောက အသံပင်။

"ဆိုင်တွေမှာ အသားမရှိပါလား"

ဆုံးအောင်နားမထောင်ဘဲ ဘရက်ဇည်က် တယ်လီဖုန်းကို ချလိုက်သည်။

''နောက်တစ်မိနစ်အကြာမှာ တယ်လီဖုန်းမြည်လာပြန်သည်။

''ဆိုင်မှာ အမဲသား. . .''

''ဟော့! ပါးစပ်ပိတ်ထားစမ်း။ မင်းလက်ထက်က ပေါင်မုန့်တောင် မရှိခဲ့ဘူး. . . ဟင်း''

☺

## ၁၉၂။ လျှို့ဝှက်ချက်

''ပြင်သစ်မှာ စက်ရုံတစ်ခုမှာ အလုပ်လုပ်နေသူဟာ အလားတူ စက်ရုံမှာ ဘာလုပ်နေသလဲဆိုတာမသိဘူး။ အင်္ဂလန်က ဓာတ်ခွဲခန်း ဝန်ထမ်းဟာ အနားကဓာတ်ခွဲခန်းမှာ ဘာတွေလုပ်နေကြသလဲဆိုတာ မသိဘူး။ အမေရိကန်ပြည်ထောင်စုမှာ စားပွဲတစ်ခုမှာ ထိုင်အလုပ်လုပ် နေတဲ့သူဟာ သူ့ဘေးစားပွဲကလူ ဘာလုပ်နေသလဲဆိုတာ မသိဘူး။ ဆိုဗီယက်ပြည်ထောင်စုမှာ ဝန်ထမ်းဟာ သူဘာလုပ်နေသလဲဆိုတာ သူ့ဟာသူ မသိဘူး''

☺

## ၁၉၃။ အပြစ်မရှိပါ

ပုပ်ရဟန်းမင်းကြီးကို လုပ်ကြံမှုဖြစ်သည်။ ဤကိစ္စတွင် ဆိုဗီယက်

ပြည်ထောင်စု ပါဝင်ပတ်သက်နေသည်ဟု အနောက်တိုင်းက စွပ်စွဲဖို့ ကြိုးစားသည်။ ဤလိုအခြေအမြစ်မရှိ စွပ်စွဲအပုပ်ချတာကို ချေဖျက်ဖို့ အတွက် အထူးစုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဆိုဗီယက်အစိုးရ ဖွဲ့သည်။ လျှို့ဝှက်စာရွက်စာတမ်းများကို ကော်မရှင်အဖွဲ့ဝင်များ လေ့လာသည်။ ဓာတ်ပုံများ၊ သတင်းကားများကို ဂရုတစိုက်ကြည့်သည်။ မျက်မြင်သက်သေများကို မေးမြန်းသည်။ ဤသို့အဖက်ဖက်မှ စုံစမ်းမေးမြန်းပြီးသည့်နောက်တွင် ကော်မရှင်က မိမိ၏ကောက်ချက်ကို အစိုးရထံ အစီရင်ခံသည်။

"ကျွန်တော်တို့နိုင်ငံရဲ့အပြစ် မပါပါဘူး၊ ဒီအချက်ကို ကျွန်တော်တို့ အပြည့်အဝယုံကြည်ပါတယ်"

"ဘာကြောင့်ဒီလိုပြောနိုင်ရတာလဲ"

"ပုပ်ရဟန်းမင်းကြီးက အရင်ပစ်တာကိုးခင်ဗျာ"

☺

## ၁၉၄။ တိုင်ပင်ကြည့်တာပါ

စားသုံးကုန်စျေးနှုန်းများကို မြှင့်တင်လိုက်ပြီးနောက် လူထု၏အမြင်ကိုသိရန် လွှတ်တော်အမတ်များ ကွင်းဆင်းလေ့လာကြသည်။ တစ်ဆက်တည်း ပြည်သူတို့ထံက ဘာလုပ်ရမည်နည်းကို အကြံတောင်းရန် ဖြစ်သည်။

**ရွှေပဒေသာစာပေ**




"ဖော့ဒ်ကာတစ်ပုလင်း ရှာဘယ် ၂၀–ဆိုရင် ဝယ်ကြမှာလား"
(ထိုစဉ်က ၂–ရှာဘယ်ခွဲပဲရှိသည်။)

"ဝယ်မှာပေါ့"

"တစ်ပုလင်းကို ရှာဘယ် ၃၀–ဆိုရင်ကော"

"ယူမှာပဲ"

"တစ်လုံးကို ၅၀–အထိ တက်သွားရင်ကော"

"ယူမှာပဲ"

"၁၅၀–ဖြစ်သွားရင်ကော"

"မဖြစ်ဘူး၊ ကျွန်တော်တို့လခက ၁၄၀–တည်းရယ်။ တစ်ဆယ်တိုး ပေးရင် ယူမယ်ဗျာ"

☺

ရွှေပဒေသာစာပေ

## ၁၉၅။ ဉာဏ်ကောင်းတဲ့ ကျောင်းသားလေး

ကလေးထိန်းဌာနတွင်ဖြစ်သည်။ ကလေးများ ကဗျာစပ်ပြီး ကိုယ့်အကြောင်းကိုယ် ပြောပြကြသည်။

''သမီးတို့အိမ်မှာ ကြောင်မကြီးက ကြောင်သားလေး ၃–ကောင် မွေးတယ်၊ သူတို့တတွေ နည်းနည်းကြီးလာတာနဲ့ အားလုံး ပါတီထဲဝင်ကြတယ်''

ကလေးထိန်းဆရာမ ချီးမွမ်းစကားပြောသည်။

''စစ်ဆေးတဲ့ကော်မရှင်အဖွဲ့ရောက်လာရင် သမီး စကားထွက်ပြောနော်''

ကော်မရှင်အဖွဲ့ ရောက်လာသည်။ စောစောက ချာတိတ်မလေး ပရိသတ်ရှေ့ထွက်ပြီးပြောသည်။

''ကျွန်မတို့အိမ်မှာ ကြောင်မကြီးက ကြောင်သားလေး ၃–ကောင် မွေးတယ်ရှင့်၊ နည်းနည်းကြီးလာကြတော့ နှစ်ကောင်က ပါတီထဲဝင်သွားကြတယ်''

အတန်းပိုင်ဆရာမက ပြင်ပြောသည်။

''၂–ကောင်မဟုတ်ဘူး၊ ၃–ကောင်လေ''

''ဒီလိုပါ၊ တစ်ကောင်က မျက်လုံးပွင့်သွားလို့ပါ''

☺

ရွှေပဒေသာစာပေ

## ၁၉၆။ သေကုန်ကြပြီ

မေလ ၁-ရက်နေ့၊ အလုပ်သမားနေ့ချီတက်ပွဲတွင် ကွန်မြူနစ်ပါတီဝင်အလုပ်သမားကို ယူနစ်ခေါင်းဆောင် ဆင့်ခေါ်ပြီးပြောသည်။

"ကျွန်တော်တို့လုပ်သားထုရဲ့ ဝါအရင့်ဆုံးလုပ်သားကို ဂုဏ်ပြုတဲ့အနေနဲ့ ခေါင်းဆောင်ကြီး ချယ်နင်ကိုရဲ့ဓာတ်ပုံကိုကိုင်ပြီး ချီတက်စေချင်ပါတယ်"

"ဒီတာဝန် ကျွန်တော့်ကိုမပေးပါနဲ့ဗျာ။ လီနင်ရဲ့ပုံကိုကိုင်ပြီး ကျွန်တော် ချီတက်ခဲ့တယ်၊ လီနင် သေသွားပါတယ်။ စတာလင်ရဲ့ပုံကိုကိုင်ပြီး ကျွန်တော်ချီတက်တယ်၊ စတာလင် သေသွားပါတယ်။ ကရူးရှက်ရဲ့ပုံကိုကိုင်ပြီး ချီတက်မိတယ်၊ ကရူးရှက် ရာထူးက ဖြုတ်ချခံရပါတယ်။ ဘရက်ဇနက်ရဲ့ပုံကို ကျွန်တော်ကိုင်ပြီး ချီတက်ပါတယ်၊ ဘရက်ဇနက် သေသွားပါတယ်။ တလောက ရဲဘော်အင်ဒရိုပေါ့ပုံကိုကိုင်ပြီး ချီတက်မိပါတယ်၊ ရဲဘော်အင်ဒရိုပေါ့ သေသွားပါလေရောလား"

"ဟုတ်တယ်၊ ခင်ဗျားဟာ ရွှေလက်ပိုင်ရှင်ပဲ။ အဲဒါကြောင့် ရဲဘော်ချယ်နင်ကိုရဲ့ပုံကို ခင်ဗျားပဲ ပရိသတ်မြင်အောင် သယ်ရပါမယ်"

အလုပ်သမားတစ်ယောက် ဝင်ပြောသည်။

"ကွန်မြူနစ်အလံတော်ကို သယ်ခိုင်းလိုက်ပါလားဗျာ"

☺

## ၁၉၇။ အာလူးပါ ရှားသကိုး

နိုင်ငံခြားသားတွေအတွက် အထူးဖွင့်ထားသော စားသောက်ဆိုင်တွင် စားလိုသောအစာကို တစ်ရက်သာကြိုတင်ပြော၊ ဘာအသားမဆို ရစေရမည်ဟု ဆိုင်အုပ်ချုပ်ရေးမှူးက ကြေညာသည်။ နိုင်ငံခြားသားဧည့်သည်တစ်ဦးက မနက်ဖြန်ညနေစာအတွက် မြင်းကြားအသားကို အာလူးနှင့် မစပ်တစပ်ချက်ပေးပါဟု အော်ဒါမှာလိုက်သည်။

နောက်နေ့မနက်တွင် တိုးရစ်များ ထူးထူးဆန်းဆန်းမြင်ကြရသည်။ မြင်းကြားကို စားသောက်ဆိုင်မှာ ကြိုးနှင့်ချည်ထားသည်။ စားသောက်ဆိုင်မန်နေဂျာ မျက်နှာပျက်ပျက်နှင့်ထွက်လာပြီး ပြောသည်။

''ကျွန်တော်တို့ကို ခွင့်လွှတ်စေချင်ပါတယ်၊ မြင်ကြတဲ့အတိုင်း မြင်းကြားကိုတော့ ကျွန်တော်တို့ရှာတွေ့ပြီ။ ဒါပေမဲ့ အာလူးကိုတော့ ခုချိန်ထိ ကျွန်တော်တို့ ရှာလို့မရသေးပါဘူးခင်ဗျာ''

☺

## ၁၉၈။ ဝါဒဖြန့်ခြင်း

အာဖရိကတိုက်ရှိနိုင်ငံတစ်ခုသို့ ဆိုဗီယက်ဝါဒဖြန့်ချိရေးသမားများ ရောက်လာကြသည်။ သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒအကြောင်း ပို့ချရန်နှင့် တောက်ပြောင်သောအနာဂတ်အတွက် ပြည်သူတို့ကို လှုံ့ဆော်ရန်

ဖြစ်သည်။ ကွင်းပြင်မှာ စုရုံးနေကြသောလူထုကို ဝါဒဖြန့်ချိရေးဆရာ စဟောသည်။

''ကွန်မြူနစ်စနစ်ဆိုတာ လူတန်းစားကင်းမဲ့တဲ့ လူအဖွဲ့အစည်း၊ လူသားတစ်ရပ်လုံးရဲ့ တောက်ပြောင်တဲ့အနာဂတ်လူ့အဖွဲ့အစည်းဖြစ်တယ်''

ပရိသတ်ဘက်မှ 'မာဂွမ်းဘာ. . . မာဂွမ်းဘာ' ဟုအော်သံ ကြားရသည်။ ပို့ချသူ ဆက်ဟောသည်။

''ကွန်မြူနစ်စနစ်ဆိုတာ တိုးတက်သော လူသားထုတစ်ရပ်လုံးရဲ့ မျှော်မှန်းချက်နဲ့ အဆုံးစွန်သောရည်ရွယ်ချက်ဖြစ်တယ်''

ပရိသတ်ထဲက စောစောကအသံပဲ စုပေါင်းထွက်လာသည်။

''မာဂွမ်းဘာ. . . မာဂွမ်းဘာ''

ပို့ချမှု ပြီးစီးသွားပြီဖြစ်သည်။ ယခု မျိုးရိုးအုပ်စု၏ဓလေ့ထုံးစံအရ လျှို့ဝှက်သန့်စင်သည့် ရိုးရာအစဉ်အလာကို အားလုံးလိုက်နာဆောင်ရွက်ကြရသည်။ အားလုံး အဝတ်အစားချွတ်လိုက်ကြသည်။ ပို့ချသူတွေလည်း လုံးတီးအနေအထားနှင့်နေကြရသည်။ ဤတွင် ဒေသခံ အသားမည်းတစ်ယောက် မိမွေးတိုင်းဖမွေးတိုင်းဖြစ်နေသောဆရာဆီ ပြေးလာပြီး အော်ပြောသည်။

''ကြည့်စမ်း! သူ့ဆီက မာဂွမ်းဘား၊ တို့ဟာနဲ့ ဘာကွာလို့လဲ။ ဟင်း. . . တို့ပစ္စည်းကတောင် နည်းနည်းပိုကြီးချင်သေး''

☺

**ရွှေပဒေသာစာပေ**

## ၁၉၉။ သားငယ်သိစေချင်သည်

အဖေ့ဆီ သားငယ်ရောက်လာပြီး ပိုက်ဆံတောင်းသည်။

''အဖေ၊ ကျောင်းမှာ 'ဂဝါဒီလုပယ်'တိုင်းပြည်မှာ ဝေဘ်မွတ်ခေါင်းပါးတဲ့လူတွေအတွက် ရန်ပုံငွေကောက်နေပါတယ်။ တစ်ရူဘယ်ပေးပါ အဖေ''

''သား. . . 'ဂဝါဒီလုပယ်'မှာ ငတ်တဲ့လူမရှိဘူး။ တစ်နှစ်မှာ သီးနှံနှစ်ခါရိတ်တဲ့နိုင်ငံကွယ့်။ ရာသီဥတုကလည်း ကောင်းလိုက်တာ မပြောနဲ့တော့''

နောက်တစ်နေ့၊ အဖေ့ဆီ သားငယ်ရောက်လာပြန်သည်။ ကျောင်းမှာ 'ဂဝါဒီလုပယ်'ကွန်မြူနစ်ပါတီအတွက် အလှူငွေကောက်နေတယ် ခင်ဗျ''

''ရော့! ၂-ရူဘယ်ယူသွား''

''တစ်ယောက်ဆီက တစ်ရူဘယ်ပဲ ကောက်တာ၊ အဖေက ဘာဖြစ်လို့ ၂-ရူဘယ်ပေးတာလဲ''

''ယူသွား. . . ငါ့သား၊ 'ဂဝါဒီလုပယ်'မှ ကွန်မြူနစ်ပါတီရှိရင် အဲဒီမှာ ငတ်မွတ်ခေါင်းပါးမှုလည်း ရှိမှာသေချာတယ်။ ယူသာယူသွား၊ မမှားဘူး''

☺

## ၂၀၀။ ကွန်ပျူတာ မမှားပါ

ဆိုဗီယက်အရာရှိတွေ ဂျပန်မှ နောက်ဆုံးပေါ် ကွန်ပျူတာတစ်လုံး ဝယ်လိုက်သည်။ တွက်ချင်တာ တွက်လို့ရသည်။ ကြိုတင်၍ လိုချင်သည့်ပရိုဂရမ်ကို ထည့်ထားလို့ရသည်။ သို့နှင့်မေးကြည့်သည်။

''ဘယ်တော့ကျ ကွန်မြူနစ်စနစ် အောင်ပွဲဆင်မှာလဲ''

စက်က အဖြေထုတ်ပေးသည်။

''နောက် ၁၅–ကီလိုမီတာ ရောက်တဲ့အခါ''

စက်တွင် တစ်စုံတစ်ခုချွတ်ယွင်းပြီး မှားသွားပုံရသည်။ သို့နှင့် အချက်အလက်တွေအားလုံးကို စက်ထဲပြန်ထည့်ပြီးမေးသည်။

''ဘယ်တော့ကျ ကွန်မြူနစ်စနစ် အောင်ပွဲဆင်မှာလဲ''

စောစောကအဖြေပဲ ထွက်လာသည်။

'နောက် ၁၅–ကီလိုမီတာရောက်ရင်''

ရုရှားတွေ မကျေမနပ်ဝိုင်းအော်ကြသည်။

''ဂျပန်တွေ ငါတို့ကိုတစ်ပတ်ရိုက်သွားပြီ၊ ပျက်နေတဲ့စက်ကို တို့ဆီ လိမ်ရောင်းလိုက်တာပေါ့''

ဤအကြောင်းကို ဂျပန်သို့ ချက်ချင်းအကြောင်းကြားလိုက်သည်။ ဂျပန်က ကျွမ်းကျင်သူများ ရောက်လာကြသည်။ ကွန်ပျူတာကို စစ်ဆေးကြသည်။ ဂျပန်ကျွမ်းကျင်သူတွေပြောသည်။

''ဘာမှမဖြစ်ဘူး၊ အားလုံးကောင်းတယ်''

**ရွှေပဒေသာစာပေ**

ရုရှားပရိုဂရမ်မာတွေကိုယ်တိုင် ပရိုဂရမ်ထည့်ပြီး လုပ်ကြည့်သည်။ 'နောက် ၁၅–ကီလိုမီတာအကြာမှာ' ဟူသောအဖြေကိုပဲ စက်က ပေးသည်။

''ဘာ ၁၅–ကီလိုမီတာလဲ၊ အဲဒီဂဏာန်းကို ဘယ်ကရတာလဲ''

''ဘာမှအထွေအထူးစဉ်းစားမနေနဲ့၊ အားလုံးအမှန်ပဲ။ ခင်ဗျားတို့ဆီမှာ ငါးနှစ်စီမံကိန်းတိုင်းဟာ ကွန်မြူနစ်စနစ်ဆီ ခြေတစ်လှမ်းတိုးသွားတဲ့အနေနဲ့ မှတ်ယူကြတယ်မဟုတ်လား''

☺

## ၂၀၁။ လေးစားလို့ပါ

စာစစ်အဖွဲ့ရှေ့မှာ ကျောင်းသား စာမေးပွဲဖြေနေသည်။

''ဘယ်ခုနှစ်မှာ ကားလ်မာ့စ် ကွယ်လွန်သွားသလဲ''

''ကားလ်မာ့စ် ကွယ်လွန်သွားပြီဟုတ်လား၊ သူ့ကိုသတိရတဲ့အနေနဲ့ မတ်တပ်ရပ်လိုက်ကြရအောင်''

အခန်းထဲရှိလူအားလုံး(ပါမောက္ခများအပါအဝင်) ထရပ်လိုက်သည်။

''လီနင် ဘယ်ခုနှစ်မှာ သေသလဲ''

''လီနင်သေပြီဟုတ်လား၊ ဒါပေမဲ့ သူ့ရဲ့လမ်းစဉ် ရှင်သန်လျက်ပဲ။ ပစ္စည်းမဲ့လူတန်းစားရဲ့ခေါင်းဆောင်ကို အလေးပြုတဲ့အနေနဲ့ ငါးမိနစ်တိတိ အသံတိတ်နေကြရအောင်''

**ရွှေပဒေသာစာပေ**

အကုန်လုံး မတ်တပ်ရပ်လိုက်ကြသည်။ ပါမောက္ခတစ်ယောက်က နောက်တစ်ယောက်ကို တိုးတိုးလေးပြောသည်။

"သူ့ကို သုံးမှတ်(အောင်မှတ်) ပေးလိုက်ကြရအောင်။ တို့ကို International ဆိုခိုင်းနေရင်ဒုက္ခ။ သီချင်းစာသားတွေကို ကျွန်တော် အလွတ်မရဘူးဗျ"

☺

## ၂၀၂။ သီတာချင်းမတူပါ

ဆိုရှယ်လစ်၊ အရင်းရှင်နှင့် ကွန်မြူနစ်တို့ သတ်မှတ်နေရာတစ်ခုတွင် ဆုံကြရန် သဘောညီထားကြသည်။ ဆိုရှယ်လစ် နောက်ကျမှ ရောက်လာသည်။

"ဆောရီးဗျာ၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်။ ဝက်အူချောင်း တန်းစီနေရလို့ပါ"

အရင်းရှင်က မေးသည်။

"တန်းစီတယ်ဆိုတာ ဘာကိုပြောတာလဲ"

ကွန်မြူနစ်က မေးသည်။

"ဝက်အူချောင်းဆိုတာ ဘာလဲဟင်"

☺

**ရွှေပဒေသာစာပေ**

## ၂၀၃။ အနံ့ရတော့မယ်



"ဒေါက်တာ၊ ကျွန်တော် မကြာခဏလေလည်နေတယ်။ အသံရော အနံ့ပါ မထွက်ဘူးခင်ဗျ။ ဒါပေမဲ့လည်း နေရထိုင်ရတာ စိတ်ကျဉ်းကျပ်တယ်ခင်ဗျာ"

ဒေါက်တာ သူ့ကိုဆေးပေးလိုက်သည်။ လူနာထွက်သွားသည်။ တစ်ပတ်ကြာသော် လူနာပြန်ရောက်လာသည်။

"ဒေါက်တာ၊ လေလည်တာ လူကိုဒုက္ခပေးနေတုန်းပဲ။ အသံတော့ ထွက်လာပြီ။ ဒါပေမဲ့ အနံ့မထွက်လို့တော်သေးတာပေါ့။ ကူပါဦးဆရာရယ်"

ဆရာဝန်၊ လူနာကို နောက်ဆေးတစ်မျိုး ပေးလိုက်သည်။ ဆေးပုလင်းကိုကြည့်ပြီး လူနာပြောသည်။

"ဒီဆေးပုလင်းက နှာစေးပျောက်ဆေးပဲ"

"ဟုတ်တယ်၊ ခင်ဗျားမမှားရအောင် ပြောလိုက်မယ်။ လွန်ခဲ့တဲ့ အပတ်က ပေးလိုက်တဲ့ဆေးဟာ နားကြားကောင်းစေတဲ့ဆေးဗျ"

☺

## ၂၀၄။ ဆိုင်ပိတ်တဲ့နေ့

စစ်သားစုဆောင်းရေးတပ်တွင်ဖြစ်သည်။ စစ်မှုထမ်းရဖွယ်ရှိသည့် လူငယ်တစ်ယောက် ရပ်နေသည်။ လူငယ်ကို အထူးစမ်းသပ်နည်းနှင့် စစ်ဆေးနေသည်။

ဆရာဝန်က ပြောသည်။

"လွန်ခဲ့တဲ့တနင်္ဂနွေနေ့က ကြေကွဲစရာဖြစ်ရပ်တစ်ခုကို မျက်မြင် ကိုယ်တွေ့ဖြစ်ခဲ့ရတယ်။ မော်စကိုမြို့လယ်ခေါင် 'ဆာဒိုဝါးယား'လမ်း မှာ လမ်းဖြတ်ကူးလာတဲ့လူကို ကုန်တင်ကားကြီး ဖြတ်တိုက်လိုက်တာ ကားတိုက်ခံရတဲ့သူရဲ့ခေါင်း ပြတ်သွားတယ်။ အဲဒီနောက်မှာ လမ်းဖြတ် တဲ့လူ နေရာကထပြီး ပြတ်သွားတဲ့သူ့ခေါင်းကို ကောက်ယူတယ်။ ခေါင်း ကို ချိုင်းကြားညှပ်ပြီး လမ်းပေါ်ကဆေးဆိုင်ကို သူသွားတယ်။ အဲဒီမှာ လိုအပ်တဲ့ပလာစတာတွေဝယ်ပြီး ခေါင်းကိုပြန်ဆက်မလို့ထင်ပါရဲ့"

လူငယ် ဟက်ဟက်ပက်ပက်ရယ်သည်။

"အောင်မယ်လေး! ဒေါက်တာရယ်၊ ကျွန်တော့်ကိုခြောက်လှန့်ဖို့

စိတ်ကူးတယ်ဆိုရင်လည်း ပြောတဲ့စကား ယုတ္တိရှိပစေလေ။ ဒေါက်တာ ပြောတဲ့ 'ဆာဒိုးဝါးရား'လမ်းပေါ်က ဆေးဆိုင်ဟာ တနင်္ဂနွေနေ့မှာ ပိတ်တယ်ခင်ဗျ''

☺

## ၂၀၅။ ဆေးမလိုပါ

ဆေးခန်းထဲသို့ ယောက်ျားကြီးတစ်ယောက် ဝင်လာပြီးပြောသည်။

''ဒေါက်တာ ကူပါ၊ မိသားစုပြိုကွဲတော့မယ်ခင်ဗျ''

''ဘယ်လိုဖြစ်တာလဲ''

''ကျွန်တော့်ဇနီးရဲ့လိုအင်ဆန္ဒကို ကျွန်တော်မဖြည့်ဆည်းနိုင်ဘူး ခင်ဗျ''

ဆရာဝန် သူ့ကို ဆေးစာရွက်တွေ ရေးပေးလိုက်သည်။ ထိုလူ ထွက်သွားသည်။ ရက်အနည်းငယ်ကြာသော် လူနာနှင့်ဆရာဝန်တို့ လမ်းပေါ်မှာ မတော်တဆဆုံကြသည်။ ဆရာဝန်က မေးသည်။

''ခင်ဗျားရဲ့မိသားစုဘဝ အဆင်ပြေသွားပြီလား''

''ဟုတ်ကဲ့၊ ကျွန်တော်တို့လင်မယား ကွာရှင်းလိုက်ကြပြီ။ အိမ်နီး ချင်းအမျိုးသမီးနဲ့ ကျွန်တော် ပျော်မြူးနေတာကို ကျွန်တော့်မိန်းမ မိ သွားတယ်''

''ဩော်. . . ကျွန်တော်ပေးလိုက်တဲ့ဆေးပြားတွေ အထောက်အကူ

ဖြစ်သွားပဲပေါ့''

''ဒီလိုလည်းမဟုတ်ဘူးခင်ဗျ၊ အိမ်နီးချင်းအမျိုးသမီးကိုတွေ့တိုင်း ကျွန်တော် စိတ်လာနေကျခင်ဗျ''

☺

## ၂၀၆။ အာဂဆရာဝန်

ဆင့်ခေါ်သဖြင့် လူနာ၏အိမ်သို့ ဆရာဝန် ရောက်လာသည်။ လူနာမှာ လူငယ်တစ်ယောက်ဖြစ်နေလေသည်။

လူနာကိုကြည့်ပြီးသည်နှင့် လူနာ့ဇနီးကို ဆရာဝန်ပြောသည်။

''ခင်ဗျားစိတ်မကောင်းအောင် ပြောရမယ်ဗျာ၊ ခင်ဗျား ကျွန်တော့်ကိုခေါ်တာ သိပ်နောက်ကျသွားပါတယ်။ ဝေဒနာကျွမ်းစပြုနေပါပြီ''

''ဒေါက်တာ၊ မျှော်လင့်ချက်နည်းနည်းလေးတောင် မရှိတော့ဘူးလားဟင်''

''ကျွန်တော်နှစ်သိမ့်ချင်ပါတယ်၊ ဒါပေမဲ့ သူ့လက်တွေကိုကြည့်ပါ။ လက်နှစ်ဖက်စလုံး ပြာနှမ်းနှမ်းတွေဖြစ်နေပါပြီ''

''ဩော်. . . ဒါလား၊ သူ့လက်တွေ ပြာနေမှာပေါ့။ သူက ဆေးသုတ်သမားရှင့်''

လူငယ်ဆရာဝန် စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။

**ရွှေပဒေသာစာပေ**

"အဲဒါဆို ဘာမှစိုးရိမ်စရာမရှိပါဘူး။ အကယ်၍သာ သူ ဆေးသုတ်သမားမဖြစ်ခဲ့ရင် အခုလောက်ဆို သူအသက်ထွက်နေလောက်ပြီဗျ"

☺

## ၂၀၇။ ကိုက်စားတာကိုး

ဆရာဝန်ဆီ ယောက်ျားကြီးတစ်ယောက် ရောက်လာပြီးပြောသည်။

"ဒေါက်တာ၊ ကျွန်တော့်မှာ ဘရင်ဂျီနာ ရှိနေတယ်ခင်ဗျ"

ဆရာဝန် သူ့ကို ဆေးဖယောင်းတိုင်များ ပေးလိုက်သည်။ 'တစ်ပတ်ကြာရင် ပြန်လာပြလှည့်'ဟုလည်း မှာလိုက်သည်။ တစ်ပတ်ပြည့်သောအခါ လူနာပြန်ရောက်လာသည်။

"ဒေါက်တာ၊ မသက်သာဘူးခင်ဗျ"

"မဖြစ်နိုင်တာဘဲ"

ဆရာဝန် သူ့ကိုစစ်ဆေးသည်။ ဟုတ်သည်။ ဘာမှအပြောင်းအလဲမရှိချေ။

"ကျွန်တော်ပေးလိုက်တဲ့ဆေးတွေကို ခင်ဗျားအသုံးပြုရဲ့လား"

"ပြုပါတယ်"

"အင်း. . . ထူးတော့ထူးဆန်းတယ်"

သို့ပြောပြီး ဆရာဝန် ဆေးဖယောင်းတိုင်တွေ ထပ်ပေးလိုက်သည်။ ယခင်ကအတိုင်း အကောင်းဘက်ပြောင်းလဲမှု လုံးဝမရှိ။ ဤသို့အကြိမ်

ကြိမ်ဖြစ်သည်။

ယခုလည်း ဆရာဝန့်အခန်းမှာ လူနာယောက်ျား ထိုင်နေသည်။ ဆရာဝန် စိတ်တိုတိုနှင့်မေးသည်။

"လူနာ. . . ပြောစမ်းပါ၊ ဆေးဖယောင်းတိုင်တွေကို ခင်ဗျားကိုက်စားသလားဗျဟင်"

သူ့ကိုစော်ကားသည့်ထင်ပြီး လူနာကလည်း ပြန်ရွဲ့သည်။

"မစားလို့ဘာလုပ်ရမလဲ၊ စအိုထဲထည့်ရမလား. . . ကဲ"

☺

## ၂၀၈။ ဗိုက်ပူလာပြီ

ယောက်ျားကြီးတစ်ယောက် ဆရာဝန်ဆီရောက်လာပြီး ပြောသည်။

"ကျွန်တော် ကိုယ်ဝန်ရှိချင်တယ်"

"ဟင့်အင်း. . . ခင်ဗျားကိုမကူညီနိုင်ဘူး။ ကျွန်တော့်အသိ ဆရာဝန်ဆီ သွားကြည့်ပါ"

တစ်ပတ်ကြာတော့ စောစောကလူ ပြန်ရောက်လာသည်။

"ကျေးဇူးပဲ ဒေါက်တာရယ်၊ ဆရာ့အသိ ကျွန်တော့်ကိုကူလိုက်တယ်။ ခေါင်းမူးစပြုနေပြီ၊ ပျို့အန်ချင်သလိုလိုလည်းဖြစ်တယ်။ ဗိုက်ကလည်း တစ်နေ့တခြား ပူလာတယ်"

ထိုလူထွက်သွားသည်နှင့် အသိဆရာဝန်ကို သူဆက်သည်။

**ရွှေပဒေသာစာပေ**

"ဟော့လူ! ဗိုက်ကြီးချင်တဲ့လူကို ခင်ဗျားဘာလုပ်ပေးလိုက်သလဲ"

"စအိုပေါက်ကို အပ်နဲ့ချုပ်ပြီး ပိတ်ပေးလိုက်တယ်"

☺

## ၂၀၉။ ကူမလို့ပါ



ကိုချူချာ လှေလှော်လာသည်။ မျက်နှာချင်းဆိုင်မှလှေတစ်စီးလည်း လှော်လာသည်။ လှေချင်းဆုံသောအခါ နောက်လှေမှလူက ပြောသည်။

"ဒီအနားမှာ အသံကုန်ဟစ်အော်နေတဲ့လူတစ်ယောက်ကို တွေ့မိလား"

"ဟင့်အင်း. . . မတွေ့မိဘူး"

"အေး. . . တွေ့မိရင် ကျွန်တော်တို့ကိုအကြောင်းကြားနော်"

**ရွှေပဒေသာစာပေ**

မကြာမီ ရေထဲမှာ ယက်ကန်ယက်ကန်နှင့် 'ကယ်ကြပါ. . . ကယ်ကြပါ'ဟု လူတစ်ယောက် အော်နေသည်ကို ကိုချူချာတွေ့သည်။ ထိုလူရှိရာသို့ ကိုချူချာ လှော်သွားပြီး အနားရောက်သည်နှင့် လှော်တက်နှင့် ခေါင်းကိုရိုက်ချလိုက်သည်။ နှုတ်မှလည်းပြောသည်။

"ဟေ့လူ! တိတ်တိတ်နေ၊ ဟိုမှာ ခင်ဗျားကိုဝိုင်းရှာနေကြတယ်ဗျ"

☺

## ၂၁၀။ ပင်းဂွင်း

ဘူမိဗေဒသမားတွေ ဆိုဗီယက်အရှေ့မြောက်ပိုင်းကို ရောက်လာကြသည်။ ထုံးစံအတိုင်း ကိုချူချာတို့ဆီမှာ နေသည်။ တစ်နေ့တွင် ဘူမိသမားများကို ကိုချူချာ မေးသည်။

"တစ်ကိုယ်လုံးမည်းတူးနေတဲ့မိန်းမ ရှိနိုင်သလားဗျာ"

"ရှိနိုင်တယ် ကိုချူချာ"

"တစ်ကိုယ်လုံး ဖွေးဖွေးဖြူနေတဲ့မိန်းမရော"

"သူလည်းရှိတာပဲ"

"အဖြူတစ်ဝက် အမည်းတစ်ဝက်ရှိတဲ့မိန်းမရော"

"အဲဒီမိန်းမမျိုးတော့ မရှိနိုင်ဘူး"

"အင်း. . . ဒါဆို ငါတွေ့ခဲ့တာ ပင်းဂွင်းပဲ"

☺

**ရွှေပဒေသာစာပေ**

## ၂၁၁။ အချစ်ရူးကိုချူချာ

ရုပ်ရှင်ရိုက်ကူးရန်အတွက် 'မော့စ်ဖလင်'ကုမ္ပဏီမှ ရုပ်ရှင်အဖွဲ့သားများ ချူကော့ကာသို့ရောက်လာကြသည်။ ဒေသခံ ကိုချူချာတစ်ယောက် ရုရှားမင်းသမီးကို မြင်မြင်ချင်း ချစ်မိသွားသည်။ သို့နှင့် ယင်းမင်းသမီး နောက်သို့ တကောက်ကောက်လိုက်သည်။ သူမနှင့်အတူအိပ်ရမည်ဟူသော မျှော်လင့်ချက်နှင့်ဖြစ်သည်။ မင်းသမီးကို အဖိုးတန်တိရစ္ဆာန်သားမွေးတွေ လက်ဆောင်ပေးသည်။ အခြားတန်ဖိုးကြီး ဒေသခံပစ္စည်းများကိုလည်း မနမြောစတမ်း ပေးသည်။

မင်းသမီး စဉ်းစားသည်။ 'ဒင်း ငါ့ကိုပေးတဲ့လက်ဆောင်တန်ဖိုးဟာ နည်းတာမဟုတ်ဘူး။ ချူချာလည်း ဘာဖြစ်လဲ၊ သူ့လိုအင်ဆန္ဒပြည့်သွားပြီးရင် ပြီးသွားမှာပဲ'။

သို့နှင့် မင်းသမီး သဘောတူလိုက်သည်။ တစ်ခုပဲ စည်းကမ်းချက်ထားသည်။ တဲထဲမှာ တကာယ့်ကုတင် ထားထားရမည်ဟူ၍ဖြစ်သည်။

တဲထဲမှာ ကိုချူချာ ကုတင်ထားလိုက်သည်။ မင်းသမီး အိပ်ရာပေါ် လှဲလိုက်သည်။ ကိုချူချာ သူမအပေါ်တက်သည်။ အကြိမ်အနည်းငယ် ခုန်ဆွခုန်ဆွလုပ်ပြီး ကုတင်အောက်ကို ဆင်းသွားသည်။ နောက် ကုတင်အောက်ကထွက်လာပြီး မင်းသမီးအပေါ်မှာ အကြိမ်အနည်းငယ် ခုန်ဆွခုန်ဆွလုပ်ပြန်သည်။ ထို့နောက် ကုတင်အောက် ပျောက်သွားပြန်သည်။ ခဏကြာတော့ စောစောကအတိုင်းတက်လာပြီး လုပ်စရာရှိတာလုပ်

ပြီး ပြန်ဆင်းသွားသည်။ ဤအတိုင်း အကြိမ်ကြိမ်ဖြစ်သည်။ ကြာတော့ မင်းသမီးဖြစ်သူ စိတ်တိုလာသည်။

"ဟေ့! မင်း. . . တို့ကိုဘာလုပ်နေတာလဲ၊ ပြောစမ်းပါ။ ဘယ်တော့ ပြီးမှာလဲ၊ တော်ပြီ. . . ငါစိတ်ကုန်ပြီ၊ ဆက်မလုပ်တော့ဘူး"

ကိုချူချာ ကုတင်အောက်က ခေါင်းပြူထွက်လာပြီး ပြောသည်။

"စိတ်မကောင်းပါဘူး။ ကျွန်တော်တို့ လူရှစ်ယောက် ကျန်သေး တယ်ဗျ"

☺ ☺ ☺

## ဒဿနဟာသများ

### ၂၁၂။ သတ်မှတ်ချက်ကိုမကျော်နဲ့

တံတားပေါ်မှာ ခရာစ်ယာန်ဘုန်းကြီးနှင့် ဘုရားမဲ့ဝါဒီတို့ ဆုံကြသည်။ ဘာအကြောင်းနှင့်ပတ်သက်သည်မသိ။ နှစ်ယောက်သား စကားကိုအနိုင်လု ပြောနေကြသည်။ တစ်ချိန်တွင် ခရာစ်ယာန်ဖာသာကို ဘုရားမဲ့ဝါဒီ ပါးချလိုက်သည်။

ဖာသာကြီး ဘာမှမပြော။ ပါးကိုသာ ပွတ်သပ်နေသည်။ တစ်ဖက်

က ခုခံကာကွယ်ခြင်းမရှိသဖြင့် အားတက်လာပြီး ဘုန်းကြီးကို ဘုရားမဲ့ဝါဒီ ဒုတိယအကြိမ် ပါးရိုက်လိုက်ပြန်သည်။ သည်တစ်ခါလည်း ဘုန်းကြီး ဘာမှမပြော။ ပါးကိုသာ ပွတ်သပ်နေသည်။ ဘုရားမဲ့ဝါဒီ ပိုမိုအတင့်ရဲလာသည်။ သို့နှင့် တတိယအချီ အားကုန်လွှဲ၍ ရိုက်လိုက်သည်။

သည်တစ်ခါတော့ ဖာသာကြီး အသက်ကိုဝအောင်ရှူပြီး လူငယ်ဘုရားမဲ့ဝါဒီ၏ရင်ဘတ်ကိုဆွဲကာ မြစ်ထဲတွန်းချလိုက်သည်။ မြစ်ထဲက နေ၍ ဘုရားမဲ့သမား အသံကုန်ဟစ်အော်သည်။

"ဒါမတရားဘူး။ သမ္မာကျမ်းစာထဲမှာ ပါးတစ်ဖက်ကိုရိုက်ရင် နောက်တစ်ဖက်ကို ထိုးပေးရမယ်လို့ ဆိုထားတယ်မဟုတ်လား"

ဖာသာကြီး ပြန်ပြောသည်။

"အေး. . . ဟုတ်တယ်၊ ဒါပေမဲ့ တတိယပါးကို ထိုးပေးရမယ်လို့ မဆိုထားဘူးကွယ့်"

☺

## ၂၁၃။ နိဗ္ဗာန်ရောက်ကြောင်း

လူတစ်ယောက် ဘဝတစ်ပါးသို့ပြောင်းသွားပြီး ကောင်းကင်ဘုံသို့ ရောက်သွားသည်။ နိဗ္ဗာန်တံခါးဝမှာ နတ်သားစောင့်နေပြီး အသစ်ရောက်လာသူကို မေးသည်။

"ဒီတံခါးဝကိုဖြတ်ပြီးဝင်ဖို့ ခင်ဗျား အမှတ် ၁၀၀-ရဖို့လိုတယ်။

လူ့ပြည်မှာ ခင်ဗျား ကောင်းတာ ဘာတွေလုပ်ခဲ့သလဲဆိုတာ ကျုပ်ကို ပြော။ ခင်ဗျား ဘယ်နှမှတ်ရသလဲဆိုတာ ကျုပ်ပြောမယ်''

''ကောင်းပြီလေ၊ ကျွန်တော့်မိန်းမနဲ့ကျွန်တော် နှစ်ပေါင်း ၅၀- တိတိ ပေါင်းခဲ့တယ်။ အဲဒီကာလတစ်လျှောက်လုံးမှာ သူမရော ကျွန် တော်ပါ သစ္စာမဖောက်ခဲ့ဘူး''

''ဟာ! ဒါ အင်မတန်ကောင်းတာပေါ့၊ ဒီလုပ်ရပ်အတွက် ခင်ဗျား သုံးမှတ်တိတိရတယ်''

''သုံးမှတ်တည်းလားဗျာ''လူကြီး အံ့ဩသံ၊ မယုံနိုင်သံဖြင့်မေး သည်။

''ကိုင်း! ထားပါတော့လေ၊ လူ့ဘဝမှာတုန်းက ဘုရားကျောင်းကို ကျွန်တော်အမြဲသွားတယ်။ ဆယ်ပါးသီလကို မပျက်မကွက်စောင့်တယ် ဗျာ''

''ကောင်းလိုက်တာ၊ ဒီအတွက် ခင်ဗျား ၂-မှတ်ရမယ်''

''၂-မှတ်ပဲလားဗျာ'' မယုံနိုင်ဟန်ဖြင့် လူကြီးမေးသည်။ မေးပြီး ဆက်ပြောသည်။

''ကောင်းပြီလေ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစခန်းမှာ ကျွန် တော် အချိန်ပြည့်လုပ်အားပေးခဲ့တယ်။ လူကြီးတွေကို ကျွန်တော့်လုပ် အားခနဲ့ အခမဲ့အစာကျွေးခဲ့တယ်''

''မွန်မြတ်တဲ့လုပ်ရပ်ပါပဲ၊ ဒီအတွက် ခင်ဗျား ၄-မှတ်တိတိရပါ တယ်''

"လေးမှတ်. . . ဟုတ်လား၊ ဒီအတိုင်းဆိုရင် ဘုရားသခင်အလို တော်အရသာ နိဗ္ဗာန်ကိုရောက်ရမှာပါကလား"

"ဟုတ်တယ်. . . ဝင်ပါ"

☺

## ၂၁၄။ ယုဉ်ကြည့်ပေါ့

ကလေးတစ်ယောက် ဘောင်းဘီအပ်ရန် အပ်ချုပ်ဆိုင်သို့ ရောက်လာသည်။ ဖောက်သည်၏အော်ဒါကို လက်ခံလိုက်ပြီး၊ နောက် ၂-ပတ်ကြာရင် ပြန်လာဖို့ အပ်ချုပ်ဆရာအဘိုးကြီး မှာလိုက်သည်။ သတ်မှတ်သည့်ရက်မှာ ဘောင်းဘီအပ်ထားသူ ရောက်လာသည်။ သို့သော် ဘောင်းဘီအဆင်သင့်မဖြစ်သေးသဖြင့် နောက်တစ်လမှာ လာစေလို ကြောင်း အပ်ချုပ်ဆရာ ပြောလိုက်ပြန်သည်။ မတတ်နိုင်။

နောက်တစ်လအကြာမှာ လူငယ်ခမျာ ရောက်လာရပြန်သည်။ ဖြစ်ချင်တော့ ဒီတစ်ခါလည်း ဘောင်းဘီမပြီးသေးချေ။ သို့နှင့် နောက် ၂-ပတ်ကြာရင် ပြီးမပြီးလာကြည့်လှည့်ပါဆိုသောစကားကိုယူပြီး အိမ်သို့ပြန်သွားရသည်။ နောက်ဆုံး ခြောက်လတိတိပြည့်မှ ဘောင်းဘီ အဆင်သင့်ဖြစ်ပြီဟု အသိပေးအကြောင်းကြားစာရသည်။

ဘောင်းဘီတစ်ထည်ကို ၆-လစောင့်ပြီးမှဝတ်ရသည့်အတွက် စိတ်တိုနေသောလူငယ် စိတ်ဆိုးမာန်ဆိုးနှင့်ပြောသည်။

**ရွှေပဒေသာစာပေ**

"ဒီကမ္ဘာကြီးကို ဘုရားသခင်ဖန်တီးတာ ၆-ရက်ပဲ ကြာတယ်၊ ခင်ဗျားကျတော့ ဘောင်းဘီလေးတစ်ထည်ချုပ်တာ ၆-လတောင်ကြာတယ်။ ဘယ်လိုဖြစ်တာလဲ"

အပ်ချုပ်ဆရာကြီး ပြုံးပြုံးလေးပြောသည်။

"သူဖန်ဆင်းတဲ့ကမ္ဘာနဲ့ ကျုပ်ချုပ်တဲ့ဘောင်းဘီကို ယှဉ်ကြည့်ပါဦးလေ"

☺

## ၂၁၅။ ဇင်ဆရာကြီး

ဇင်ဆရာကြီး တပည့်တွေကိုမေးသည်။

"အမျိုးသမီးတစ်ယောက်ကို မုဒိန်းကျင့်နေတာတွေ့ရင် ဘာလုပ်ရမလဲ"

"ဝင်ကယ်ရပါမယ်"

တစ်ယောက်က ဖြေသည်။

"မမှန်ဘူး"

"ဘာမှဝင်မစွက်နဲ့၊ သူ့ဖြစ်စဉ်နဲ့သူ ဆက်ဖြစ်ပါစေ"

နောက်တပည့်တစ်ယောက်က ဖြေသည်။

"မမှန်ဘူး"

"အဲဒါဆို ဘာလုပ်ရမလဲ ဆရာကြီး"

"၂-မှတ်ပဲရမယ့်ကောင်တွေ၊ မှတ်ထား. . . ဇင်ဆရာဟာ ဒီအခြေအနေမျိုးကို ဘယ်တော့မှအရောက်မခံဘူးကွယ့်"

☺

## ၂၁၆။ သံသယဝင်မိတယ်

ကျောင်းနေဘက်သူငယ်ချင်းနှစ်ယောက် နှစ်ပေါင်းများစွာ ကွဲကွာနေရာမှ မမျှော်လင့်ဘဲ ပြန်ဆုံကြသည်။ ဝမ်းသာအားရပွေ့ဖက်ကြပြီး တစ်ယောက်အကြောင်းကိုတစ်ယောက် ပြန်ပြောကြသည်။

တစ်ယောက်က အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်၊ နောက်တစ်ယောက်က ဘာမှမရှိတဲ့ဆင်းရဲသား။ သူ့ရဲ့ဘဝအခြေအနေကို ဆင်းရဲသားက ပြောပြသည်။

"ငါ့ဘဝအခြေအနေ လုံးဝမစွံဘူး၊ မိန်းမက ပစ်သွားတယ်၊ အလုပ်က ထုတ်ပစ်ခံရတယ်၊ ပိုက်ဆံမရှိဘူး"

ငယ်သူငယ်ချင်းကို ကူညီမည့်အစီအစဉ်ကို အခြေအနေဟန်သူက ပြောပြသည်။

"မင်းအတွက် ငါ့မှာအလုပ်ရှိတယ်ကွ"

"ဟော့ကောင်! ငါဘာမှမလုပ်တတ်ဘူးနော်"

"ကိစ္စမရှိဘူး. . . အလုပ်က ရိုးရိုးလေး။ ဟိုဘက်လမ်းက ဘဏ်ကို မင်းတွေ့တယ်မဟုတ်လား။ လတိုင်း ၉-ရက်နေ့မှာ မင်း အဲဒီဘဏ်ကို

သွားပြီး ငွေအပြည့်ထည့်ထားတဲ့သေတ္တာနှစ်လုံးယူခဲ့၊ တစ်လုံး ငါ့ကို ပေး၊ နောက်တစ်လုံးကို မင်းယူ. . . ဒါပဲ''

ဤအတိုင်း သဘောတူလိုက်ကြသည်။

၆-လ ကြာသွားသည်။ ဒုတိယသူငယ်ချင်း အခြေအနေတိုးတက်လာသည်။ ကားဝယ်သည်။ အိမ်ဝယ်သည်။ မိန်းမနဲ့ကလေးတွေ အိမ်ကိုပြန်ရောက်လာသည်။ သို့သော် သူ့ကိုကြည့်လိုက်တိုင်း မျက်နှာမကောင်းလှချေ။ သို့နှင့် ကယ်တင်ရှင်သူငယ်ချင်းက မေးသည်။

''မင်းဘာဖြစ်လို့ သုန်သုန်မှုန်မှုန်ဖြစ်နေရတာလဲ''

''ငါစဉ်းစားနေတာကြာပြီ၊ တို့အလုပ်မှာ တရားမျှတမှုမရှိဘူးလို့ ငါခံစားရတယ်။ မင်းပဲစဉ်းစားကြည့်. . . ဘဏ်ကို ငါတစ်ယောက်တည်း သွားရတယ်၊ အဲ! ပိုက်ဆံကျတော့ တို့နှစ်ယောက်ခွဲယူရတယ်၊ သဘာဝ သိပ်မကျဘူးလားလို့''

☺

## ၂၁၇။ ခပ်သောက်ပါ

သဲကန္တာရထဲမှာ လူတစ်ယောက် ခက်ခက်ခဲခဲနှင့် တွားသွားနေသည်။ ရေငတ်လွန်း၍ နှုတ်ခမ်းတွေ ခန်းခြောက်နေသည်။ အစာရေစာနှင့် ဘယ်လောက်ကြာ ကင်းဝေးနေသလဲမသိ၊ အားအင်ကုန်ခမ်းပြီး အရိုးပေါ်အရေတင်ဖြစ်နေသည်။



ဒီကြားထဲက ဘုရားသခင်ကြားအောင် သူတိုင်တည်သည်။

"အရှင်ဘုရား. . . ကျွန်တော် ရေသောက်ချင်လိုက်တာဗျာ။ တစ်ခုပဲ အသနားခံပါရစေ၊ ကျွန်တော့်ကို ရေပဲပေးပါ။ ရေမပေးဘဲနဲ့ ပေါက်ပြားချည်း ပစ်ပေးမနေပါနဲ့။ အခုတောင် ပစ်ပေးနေတာ သုံးခါတောင် ရှိပါပကော"

☺

## ၂၁၈။ စိတ်အေးရပြီ

အင်္ဂလိပ်၊ ရုရှားနှင့်ဂျူးတို့ ဘုရားသခင်နှင့်ဆုံကြသည်။ တစ်ယောက် စီ၏ဆန္ဒတစ်ခုကို ဖြည့်ဆည်းပေးမည်ဟု ဘုရားသခင် ပြောသည်။

ရွှေပဒေသာစာပေ

ပထမဆုံး အင်္ဂလိပ်က ဆန္ဒပြုသည်။

''ဒီကမ္ဘာကြီးမှာ ကွန်မြူနစ်စနစ် ချုပ်ငြိမ်းပါစေ''

ရုရှားက ပြောသည်။

''ဒီကမ္ဘာပေါ်မှာ ဖက်ဆစ်စနစ် အမြစ်ပြုတ်သွားပါစေ''

နောက်ဆုံး ဂျူးအလှည့်ရောက်လာသည်။

''အရှင်ဘုရား၊ စောစောကလူနှစ်ဦးရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသလား''

''ပေးနိုင်တာပေ့ါ၊ ငါဟာ ဘုရားပဲဥစ္စာ''

''အဲဒါဆို ကျွန်တော့်ကို ကော်ဖီခါးခါးတစ်ခွက်ပေးပါခင်ဗျာ''

☺ ☺ ☺

## ဘွေလီကာလီ

''ကျွန်တော် အမေရိကားမှာ မမွေးတာကောင်းတယ်။ နိုင်ငံခြားဘာသာစကားကို ကျွန်တော် လွယ်လွယ်ကူကူတတ်တဲ့လူ မဟုတ်ဘူးတဲ့''

☺

**ရွှေပဒေသာစာပေ**

"များများစဉ်းစားရင် ကျန်းမာရေးကို ထိခိုက်နိုင်တယ်။ များများပြောရင် အသက်ကိုထိခိုက်နိုင်တယ်"

☺

"လူသူမရောက်တဲ့ကျွန်းမှာ အလှပြင်စရာမရှိလို့ မိန်းမတွေ စိတ်ဆင်းရဲကြတယ်"

☺

"တစ်ခါတလေ တောက်ပြောင်တဲ့အတွေးတွေဟာ မှောင်ကြီးမည်းမည်းထဲမှာ ပေါ်လာတတ်တယ်"

☺

မြင့်တဲ့ယောက်ျားတွေမှာလည်း နိမ့်ကျတဲ့အတွေးတွေ ရှိတတ်တယ်"

☺

"သူ ဘယ်လောက်ချမ်းသာသလဲဆိုတာ သူမွဲသွားတော့မှပဲ သိရတော့တယ်"

☺

''ငယ်ငယ်တုန်းကို မှန်ကြည့်ချိန်မရှိဘူး။ ကြီးလာတော့ မှန်ကြည့်ချင်စိတ်မရှိဘူး''

☺

''တခြားလူရဲ့ပိုက်ဆံအိတ်ကိုကောက်ရရင် အထဲမှာ အကြွေတွေပဲရှိတယ်။ ကိုယ့်ပိုက်ဆံအိတ်ပျောက်တော့ စုထားတာ အကုန်ပါသွားတယ်''

☺

''အိမ်ထောင်မပြုခင်မှာ ယောက်ျားက ပုံပြောတယ်၊ အိမ်ထောင်ပြုပြီးတဲ့အခါ မိန်းမက ပုံပြောတယ်''

☺

''ကျွန်တော် မိန်းမအဖြစ် မမွေးလာတာ ကံကောင်းတယ်။ နို့မဟုတ်ရင် ဘယ်သူ့ကိုမှ ကျွန်တော် ငြင်းနိုင်မှာမဟုတ်ဘူး'' (လင်ကွန်း)

☺

''ကျွန်မ အဲဒီအရွယ်က လွန်သွားပြီလို့ မိန်းမတစ်ယောက်ပြောရင် ခင်ဗျားကို သူမ မလိုတော့ဘူးဆိုတဲ့အဓိပ္ပာယ်''

☺

**ရွှေပဒေသာစာပေ**

"အမှန်တရားကိုပြောတာ နည်းလေလေ၊ မျက်မမြင်တွေ ပိုများလေလေ"

☺

"လူကြီးမင်းများခင်ဗျာ၊ အမိနိုင်ငံကိုရောင်းလို့ရတဲ့အထဲက အခွန်ဆောင်ပြီးပါပြီလား"

☺

"စားနပ်ရိက္ခာရှားပါးတဲ့နိုင်ငံတွေမှာ အစာငတ်ခံ ဆန္ဒမပြကြဘူး"

☺

"လွတ်လပ်မှုအတိုင်းအတာဟာ လှောင်အိမ်ရဲ့အရွယ်အစားအပေါ်တည်တယ်"

☺

"မြို့နေလူဦးရေ ဘယ်တော့မှ အပြောင်းအလဲမရှိတဲ့မြို့မှာ ကျွန်တော်မွေးတယ်။ အမျိုးသမီးတစ်ယောက် ကိုယ်ဝန်ရှိလာတယ်ဆိုတိုင်း မြို့သားတစ်ယောက် မြို့ကိုစွန့်ခွာသွားစမြဲ"

☺

**ရွှေပဒေသာစာပေ**

"အံ့သြစရာကောင်းလိုက်တာ၊ ကျွန်မရဲ့စတုတ္ထမြောက်ယောက်ျား နဲ့ ရှင် အရမ်းတူပါလား"

☺

"ဘုရား! ဘုရား! ခင်ဗျား ယောက်ျားလေးယောက်တောင် ယူခဲ့ တယ်ပေါ့၊ ဟုတ်လား"

"အခုထိတော့ သုံးယောက်တည်းပါ"

☺

"လူလတ်ပိုင်းအရွယ်– မိန်းမဘယ်သွားသွား ဂရုမစိုက်ဘူး၊ ဒင်းနဲ့ အတူမသွားရရင်ပြီးရော"

☺

"ထိပ်ပြောင်တာပျောက်အောင် ဦးထုပ်ဆောင်း"

☺

"ယောက်ျားတွေ မှန်ထဲမှာ ကိုယ့်ကိုယ်ကို ကြည့်ကြတယ်။ မိန်းမ တွေ မှန်ထဲမှာ ကိုယ့်ကိုရှာကြတယ်"

☺

**ရွှေပဒေသာစာပေ**

"ရုပ်ရှင်မင်းသမီးကြီး မာလင်ဒစ်ထရစ်ဟာ နာမည်ကြီးဟောလီးဝုဒ် ဓာတ်ပုံဆရာကို တစ်နေ့ ဓာတ်ပုံအရိုက်ခံတယ်။ ထွက်လာတဲ့ဓာတ်ပုံ တွေကို မကြိုက်တာနဲ့ 'လွန်ခဲ့တဲ့ ၆–နှစ်က မင်းကို ငါဓာတ်ပုံအရိုက် ခံခဲ့ဖူးတယ်၊ အဲဒီတုန်းက ဓာတ်ပုံတွေ အရမ်းကောင်းတာပဲ'လို့ သူမ ပြောလိုက်တယ်။ အဲဒီတော့ ဓာတ်ပုံဆရာ ပြန်ပြောတယ်၊ 'ဟုတ်ပါ လိမ့်မယ်၊ အဲဒီတုန်းက ကျွန်တော် အခုထက် ခြောက်နှစ်ငယ်ခဲ့တာ ကလားဗျာ' တဲ့"

☺

"လူအတော်များများ အသက် ရ၀–ရောက်တာတောင် ခေါင်းပေါ် ဆံပင်တုမှာ ဆံဖြူတစ်ချောင်းမှ မတွေ့ရဘူး"

☺

"မိဘတွေရဲ့အမှားက သင်ခန်းစာယူပါ၊ ကွန်ဒုန်းသုံးပါ"

☺

"အဘွား– ဒုတိယအကြိမ် အခွင့်အရေးရတဲ့အမေ"

☺

**ရွှေပဒေသာစာပေ**

"ကြောင်ကို ကြည့်မရတဲ့လူ နောက်ဘဝမှာ ကြွက်ဖြစ်မယ်"

☺

"ရေကူးရင် ကိုယ်လုံးကိုယ်ပေါက်ကောင်းလာမယ်လို့အတပ်မပြောနဲ့။ ဘဲတွေကိုပဲကြည့်"

☺

"အမြင့်ခုန်ပြိုင်ပွဲမှာ ခင်ဗျားအသင်းနိုင်စေချင်ရင် ၇–ပေကိုလွတ်အောင် ခုန်နိုင်တဲ့လူငယ်တစ်ယောက် လိုတယ်။ တစ်ယောက်ကို တစ်ပေခုန်တဲ့လူ ၇–ယောက် မလိုဘူး"

☺

"အမှူးသမားနဲ့ လူမိုက်ကြားမှာ တူတာတွေ အများကြီး။ လူမိုက်က သူ ဉာဏ်ကောင်းတယ်လို့ထင်တယ်။ အမူးသမားက သူမမူးဘူးလို့ထင်တယ်"

☺

"ကျွန်မနဲ့ရွယ်တူ တခြားမိန်းမအတော်များများတွေလိုပဲ ကျွန်မအသက် ၂၈–နှစ်ရှိပြီ"

☺

**ရွှေပဒေသာစာပေ**

"အသက်ခြောက်ဆယ်ရောက်မှ အသက် ၈၀-အထိနေသွားတဲ့ ခင်ဗျားအဘိုး သေသွားတုန်းက အသက်သိပ်မကြီးသေးဘူးဆိုတာ သဘောပေါက်တော့တယ်"

☺

"အနာဂတ်စီမံကိန်းတွေကို ရေးဆွဲနေသမျှကာလပတ်လုံး ကျွန်တော်တို့ ငယ်သေးတယ်မှတ်"

☺

"ဒီနေ့ဟာ ကျန်ရှိနေသေးတဲ့ ခင်ဗျားဘဝရဲ့ပထမဆုံးနေ့"

☺

"ဒီနေ့လုပ်နိုင်တာကို မနက်ဖြန်အထိ မရွှေ့လိုက်နဲ့။ မနက်ဖြန် လုပ်ခွင့်ပိတ်လိုက်နိုင်တယ်"

☺

"ခင်ဗျား ကားဘရိတ်ကို ကျွန်တော်မပြင်လိုက်နိုင်ဘူး၊ ဒါပေမဲ့ ကားဟွန်းကိုတော့ ပိုမြည်အောင် လုပ်ပေးလိုက်တယ်"

☺

"ခင်ဗျားမှာ ပိုက်ဆံအများကြီးရှိလေလေ၊ ပိုက်ဆံကလွဲလို့ ခင်ဗျားနဲ့ဘာအဆက်အစပ်မှမရှိတဲ့ အသိမိတ်ဆွေများလေလေ"

☺

"လူအမျိုးအစားသုံးခုရှိတယ်၊ ပထမအမျိုးအစားက အောင်မြင်မှုရတဲ့သူတွေ။ ဒုတိယအမျိုးအစားက အောင်မြင်မှုမရတဲ့သူတွေ။ တတိယအမျိုးအစားကတော့ ပထမအုပ်စုစာရင်းဝင်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဒုတိယအုပ်စုကိုရှင်းပြတဲ့သူတွေ"

☺

"အထက်လူကြီးတွေမှားတယ်ဆိုရင် အကြံပေးပုဂ္ဂိုလ်တွေကိုပြောင်းဖို့ အချိန်ရောက်ပြီမှတ်"

☺

"ခက်အောင်လုပ်တာ လွယ်တယ်၊ လွယ်အောင်လုပ်တာ ခက်တယ်"

☺

"အမှားမလုပ်တဲ့လူဟာ အမှားလုပ်တဲ့လူရဲ့အမိန့်ကို နာခံတတ်ရတယ်"

☺

**ရွှေပဒေသာစာပေ**

"အနိုးဆုံးနေတဲ့လူ နောက်အကျဆုံးရောက်တတ်တယ်"

☺

"လူချမ်းသာတွေကို ကျွန်တော် ဘာဖြစ်လို့ အပြစ်တင်ရမှာလဲ။ ကျွန်တော် ဆင်းရဲသားဆီက အလုပ်ရဖူးတာမှမဟုတ်ဘဲ"

☺

"တရားခံက ရှေ့နေမငှားဖို့ဆုံးဖြတ်လိုက်တယ်ဆိုရင် သူ အမှန်ကို ပြောတော့မယ်မှတ်"

☺

"မခိုးနဲ့၊ အစိုးရဆိုတာ သူ့ပြိုင်ဘက်ကို ဘယ်တော့မှ သည်းမခံဘူး"(အမည်မသိ)

☺

"ဘယ်လောက်ဟောင်းတဲ့ဟာသဖြစ်ပါစေ၊ ခင်ဗျားမကြားဖူးသေးရင် အသစ်ပဲ"

☺

"ကျွန်တော်တို့မသိတာကို တခြားလူတွေမသိတဲ့အတွက် ကျွန်တော်တို့ မအံ့ဩဘူး။ ဒါပေမဲ့ ကျွန်တော်တို့သိတာကို တခြားသူတွေ မသိတဲ့အခါကျတော့ အံ့ဩရတယ်"

☺

"ခင်ဗျားနဲ့ တစ်ချိန်လုံး သဘောတူနေတဲ့လူဟာ အခြားလူတွေကိုလည်း ညာတဲ့လူဖြစ်ရမယ်"

☺

"မိန့်ခွန်းပြောတဲ့လူ မမှားမချင်း သူ့ကို ဘယ်သူမှနားမထောင်ဘူး"

☺

"ပရိသတ်ရှေ့ မိန့်ခွန်းပြောတဲ့အခါ သိတာအားလုံးမပြောနဲ့။ တစ်ယောက်ယောက် အိပ်ရာကနိုးလာလို့ တစ်ခုခုထပ်ပြောခိုင်းရင် ဒုက္ခ"

☺

"အဖြေအားလုံးကိုသိနေပြီးတော့ ဘယ်သူမှ ဘာမှမမေးဘူးဆိုရင် အခံရအခက်ဆုံးပဲ"

☺

ရွှေပဒေသာစာပေ

"လက်ညှိုးကို မတော်မဆ တူနဲ့ထုမိတဲ့အခါမှာလောက် လွတ်လပ်စွာ ပြောဆိုခွင့်တန်ဖိုးရှိတာ မရှိဘူး"

☺

"ကိုယ့်အကြောင်းလိမ်ပြောတဲ့အခါနဲ့ သူများအကြောင်း အမှန်ကို ပြောတဲ့အခါ သတိထားပါ"

☺

"ကိတ်မုန့်ကြီးလေလေ၊ ခွဲဝေရလွယ်လေလေပေါ့"

☺

"ကိုယ်ချစ်ရတဲ့အမျိုးသမီးနဲ့ ပုလိပ်ကိုပဲ လိမ်ပါ။ ကျန်လူအားလုံးကို အမှန်ပဲပြောပါ"(ဂျက်နီကိုလ်ဆင်)

☺

"ရှားရှားပါးပါး ကိုယ်တိုင်မြင်ခဲ့ရတာတွေကလွဲရင် သတင်းစာတွေရေးတာ အကုန်လုံးအမှန်"

☺

"တရားဝင်ငြင်းဆိုချက် ထွက်မလာမချင်း ဘယ်သူ့ကိုမှမယုံနဲ့"

☺

"ငြင်းတာမကြားချင်ရင် မတောင်းနဲ့"

☺

"သူများအသုဘကို ခင်ဗျားမသွားရင် ခင်ဗျားအသုဘကို သူတို့ ဘယ်လာမလဲ"

☺

"အချစ်ရေးအဆင်မပြေရင် ယောက်ျား လူပျိုကြီးလုပ်၊ မိန်းမက လင်ယူ"

☺

"တီကောင်ကို ငါးမျှားသမား ကြိုက်ဖို့မလိုဘူး၊ ငါးပဲကြိုက်ဖို့လို တယ်"

☺

"ပိုက်ဆံနဲ့ချိုးမွမ်းစကား များတယ်လို့မရှိပါ"

☺

**ရွှေပဒေသာစာပေ**

"မိန်းမဆီက ယောကျ်ားလုပ်တဲ့လူ တစ်ခုပဲလိုချင်ရင် သိပ်မဆိုးသေးဘူး။ ဘာမှမလိုချင်ဘူးဆိုရင်တော့ ဆိုးတယ်"(ကွန်စတန်တင် မယ်လီဟာန်)

☺

Gynaecology–"သူများတွေ ပျော်ရွှင်မှုတွေ့တဲ့နေရာမှာ ပြဿနာရှာတဲ့လူ"

☺

"ရိုးသားတဲ့လူတွေမှာ မရိုးသားတဲ့လူတွေထက် ရန်သူပိုများစမြဲ"

☺

"ပိုက်ဆံဟာ အကောင်းဆုံးသော မဒိုခေး၊ ပိုက်ဆံပိုရှိလေလေ အသက်ရှည်ရှည် ပိုနေချင်လေလေ"

☺

"ယောကျ်ားအားလုံးအတူတူပဲလို့ မိန်းမတွေထင်ကြတယ်။ အဲဒါ သူတို့အမှား။ မိန်းမတွေ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးလို့ ယောကျ်ားတွေ ထင်ကြတယ်။ အဲဒါ သူတို့အမှား"

☺

**ရွှေပဒေသာစာပေ**

"မသိရင် ကြောက်စရာကောင်းတယ်၊ သိရင် ပိုတောင်ကြောက်စရာကောင်းသေး"

☺

"သေတဲ့လူပဲ မမှားတော့တာ"

☺

"ယောက်ျားမှန်ရင် အမြဲတမ်း တစ်နာရီလောက် လူပျိုပြန်ဖြစ်ချင်ကြတာချည်းပဲ"

☺

"အတိုဆုံးလမ်းဟာ ခင်ပျားသိတဲ့လမ်း"

☺

"တစ်ခါတလေ အထက်လူကြီးကိုကြည့်ပြီး စဉ်းစားမိတယ်။ သူစိတ်မဆိုးရအောင် သူ့မျက်ခွက်ကို ဘယ်လိုတံတွေးထွေးရမလဲလို့"

☺

"ငထုံငအတွေကို လေးလေးစားစားဆက်ဆံ၊ သူတို့အထဲက ဘယ်သူမဆို ငါတို့ရဲ့အထက်အရာရှိ ဖြစ်လာနိုင်တယ်"

☺

**ရွှေပဒေသာစာပေ**

"သူများထက်မြင့်အောင် မခုန်နိုင်ရင် အဝေးခုန်"

☺

ရေခဲတိုက်မှာ ချိတ်ထားသောစာ - "အပြင်လူ မဝင်ရ"တဲ့။

☺

"အပေါ့သွားဖို့ တောထဲဝင်လိုက်တယ်၊ ဝက်ဝံကိုမြင်တော့ အီအီး ပါ ပါချလိုက်တယ်တဲ့"

☺

"ပတ်ဝန်းကျင်မှာ လူလွန်မသားချည်းပဲဆိုရင် ခင်ဗျား အရှူးထောင် ရောက်နေပြီမှတ်"

☺

"ကားမောင်းတဲ့အမျိုးသမီးဟာ ကောင်းကင်ကကြယ်နဲ့တူတယ်။ သူ့ကို ခင်ဗျားမြင်တယ်၊ သူ ခင်ဗျားကိုမမြင်ဘူး"

☺

"ကားမောင်းတဲ့အမျိုးသမီးဟာ လက်ပစ်ဗုံးကိုင်ထားတဲ့မျောက်နဲ့ တူတယ်"

☺

**ရွှေပဒေသာစာပေ**

"ကျတာ ရှက်စရာမဟုတ်၊ မထနိုင်တာဘဲ ရှက်စရာ"

☺

"မျက်မှန်အနက်တပ်ထားရင် ကိုယ့်အမြင်ကိုထုတ်ဖော်ရတာ လွယ်တယ်"

☺

"လွတ်လပ်မှုဆိုတာ ဟင့်အင်းဆိုတဲ့စကားက စတယ်"

☺

"ရုပ်ဆိုးတဲ့မိန်းမ မရှိဘူး၊ ဖော့ဒ်ကာနည်းတာပဲရှိတယ်"

▣▣▣

မောင်ထောဝ်းထိုက် (နှီးဝဒေါ်)

| | | | |
|---|---|---|---|
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၂) | ၁၄၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၃) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၄) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၅) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၆) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၇) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၈) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၉) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၀) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၁) | ၁၄၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၂) | ၁၁၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၃) | ၁၉၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၄) | ၁၄၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၅) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၆) | ၁၂၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၇) | ၁၀၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၈) | ၁၉၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၁၉) | ၁၂၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၂၀) | ၁၂၀၀ |

| | | | |
|---|---|---|---|
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၂၁) | ၁၄၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၂၂) | ၁၄၀၀ |
| မောင်ကောင်းထိုက် | ဟာသပဒေသာ | အမှတ်(၂၃) | ၁၅၀၀ |
| သူတို့လည်းရယ်စရာ | | | ၁၇၀၀ |
| ထွေဝိတာလီ(၁) | | | ၂၀၀၀ |
| ထွေလီတာလီ(၂) | | | ၁၇၀၀ |
| အပြုံးလက်ဆောင် | | | ၉၀၀ |
| နာစရဒ်ဒင် | | | ၁၅၀၀ |
| ငရဲတံခါးနှင့်နိဗ္ဗာန်တံခါး | | | ၁၈၀၀ |
| မင်းတရားကြီး ပါးရိုက်ခံရခြင်း | | | ၁၇၀၀ |

**စာအုပ်များ အလိုရှိပါက**

**ဖုန်း 09-36220874, 01-384927**

**သို့ဆက်ပြီး**

**အကြောင်းကြားစေလိုပါသည်၊**

**ကျေးဇူးတင်စွာဖြင့်....**

**ရွှေပဒေသာစာပေ**